
www.burmeseclassic.com

စိတ်ကူးသစ်စာပေ

# မောင်ညိုမှိုင်း(သန်လျင်)

# ဦကမ္ဘာလျှံ ဂဠုန်ဆရာစံ ပြန်လာလိမ့်မည်ဟော့



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

စိတ်ကူးသစ်စာပေ




www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၃၊ ဧပြီလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Maw Maw*
အတွင်းဖလင် ။ *Quality*

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန် (ဖြိုးဝေလွှံ့ပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ)(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၁၅၀၀ ကျပ်

၈၉၅ ● ၈၃
ညီမှိုင်း၊မောင်(သန်လျင်)
ဦးကမ္ဘာလှ၏ဂဠုန်ဆရာစံ ပြန်လာလိမ့်မည်ဟော့/
မောင်ညီမှိုင်း၊(သန်လျင်)။-ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၃။
၁၂၈-စာ ၊ ၁၃ စင်တီ × ၂၀.၅စင်တီ။
(၁) ဦးကမ္ဘာလှ၏ဂဠုန်ဆရာစံ ပြန်လာလိမ့်မည်ဟော့

BURMESE CLASSIC .com

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဝတ်ရင်းမသေ တိုက်ရင်းသေမည်ဟော့ | ၁ |
| ၂။ | ပုလိပ်အသား စားစားတဲ့နေ့ | ၇ |
| ၃။ | ဂဠုန်သွေးနဲ့ မာကျစ်နေတဲ့မြေကြီး | ၁၅ |
| ၄။ | အလံတောင်ပေါ်မှ ပေါက်ကွဲသံကြီးများ | ၂၁ |
| ၅။ | ရန်ကုန်ထောင် ကြိုးစင်ပေါ်က သူရဲကောင်းသားအဖ | ၃၁ |
| ၆။ | ဝက်ထီးကန်တိုက်ပွဲ | ၄၅ |
| ၇။ | ဂဠုန်ဆရာညာက်နှင့် ရွှေကျီးညို (ဦးဖူးညို) | ၅၄ |
| ၈။ | ရှမ်းပြည်ရောက် သုပဏ္ဏကဆရာစံ | ၅၇ |
| ၉။ | ရှမ်းပြည်မှာ ဂဠုန်တပ်ဖွဲ့ပြီ | ၆၃ |
| ၁၀။ | ပန်ချာပီရင်ဝကို ဓားစိုက်တဲ့နေ့ | ၆၉ |
| ၁၁။ | နယ်ချဲ့သွေးကို အစိမ်းသောက်မည့်ဂဠုန် | ၇၇ |
| ၁၂။ | လမိုင်းတောင်ပေါ်မှာ ညှောင့်ရူးတဲ့ဆရာစံ | ၈၂ |
| ၁၃။ | ရှိန်းဆာယာဖိုလ်မောက်ပြီး ကိုယ်ပျောက်တယ်ကြားလို့ | ၈၅ |
| ၁၄။ | သီပေါမြို့ဝန် မျက်ရည်စို့ရတဲ့ နောင်ချိုအချုပ် | ၉၁ |
| ၁၅။ | ကြိုးစင်ပေါ် ရင်ကော့တက်သွားကြသူများ | ၉၄ |
| ၁၆။ | ရက်စက်တဲ့ အထူးခုံရုံးနဲ့ ဂဠုန်ဆရာစံ | ၉၉ |
| ၁၇။ | ကြိုးအပြင် ဘာရှိသေးလဲဟော့ . . . ထောင်မှူး | ၁၀၈ |
| ၁၈။ | သာယာဝတီကြိုးစင်ပေါ်က သူ့ကျွန်မခံ ဆရာစံ | ၁၁၄ |
| ၁၉။ | ဂဠုန်ဆရာစံ ကောန်ပြန်လာလိမ့်မည် . . . | ၁၂၀ |


www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# ရှေးဦးစကားအမှာ

ကျွန်တော်တို့စာရေးဆရာအဖွဲ့ သာယာဝတီထောင် ညွှန့်ရိပ်သာကိုရောက်တော့ ထူးဆန်းတဲ့စကားများကို ကြားရတော့တယ်။

သာယာဝတီထောင် ညွှန့်ရိပ်သာရောက်ပုံက ဒီလိုပါ . . .။

မူလပထမ ဦးတည်ချက်က တောင်သူလယ်သမားအရေးတော်ပုံ ဗဟိုဌာနချုပ်ဖြစ်ခဲ့ဖူးတဲ့ အလံတောင်ကို သွားရောက်လေ့လာဖို့ပါ။

အချိန်ကလည်း တစ်ညအိပ်ရပါမယ်။

ကျွန်တော်တို့အဖွဲ့မှာ ကျွန်တော်၊ စာရေးဆရာ ထောင်မှူးကြီး သိန်းဝင်း၊ ထုတ်ဝေသူ ကိုတင်ထွန်း (နတ်လူဦး)၊ ကိုတင်ထွန်းရဲ့သား သူရိန်ထွန်းနှင့် အငြိမ်းစားထောင်ပိုင်ကြီး ဦးမြဦး (စာရေးဆရာမောင်မြဦး—မြောင်းမြ) တို့ ပါဝင်ကြတယ်။

လမ်းကြောင်းတစ်ခုလုံးရဲ့ ခေါင်းဆောင်က . . .

ထောင်ပိုင်ကြီး (ငြိမ်း) စာရေးဆရာ မောင်မြဦး (မြောင်းမြ)။

သို့သော် . . .

အလံတောင်ခရီးကို တာဝန်ခံသူက စာရေးဆရာ ထောင်မှူးကြီး သိန်းဝင်း။ ဆရာထောင်မှူးကြီးသိန်းဝင်းဟာ ဘယ်နေရာမှာ ဘာလုပ်လုပ် အလွဲလွဲအချော်ချော်ဖြစ်မှန်း သိပါသော်လည်း . . .

ကျွန်တော်တို့ မောင်တော်များက သူ့ကို အားကိုးယုံကြည်လေ့ရှိတယ်။ ကျွန်တော်လည်း ထောင်ဖာတာပါလို့လား မသိဘူး . . .



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် အင်းစိန်အကျဉ်းထောင်မှာ ပုဒ်မ ၅ (ည)နဲ့ လေးလတိတိ ကြာ နေခဲ့ဖူးပါတယ်။ ထောင်ကနေ ပြစ်ဒဏ်ခံစားပြီးနောက် ထောင်နဲ့ ဝေးဝေးနေတာ ကောင်းပါတယ်။ ငါလည်း အသက်မငယ်တော့ဘူးလို့ တွေးပြီး . . .

ထောင်ကို လုံးဝ လှည့်မကြည့်တော့ပါဘူး။

ထောင်ကို ကြောက်လို့ မဟုတ်ဘူးနော်။

ကိုယ့်ယုံကြည်ချက်ကြောင့် မှိုင်နေကြတဲ့ ကျွန်တော့်မိသားစု လေး မျက်ရည်ပေါက်ကြီးငယ်ကျခဲ့ရတဲ့ ဒုက္ခဆင်းရဲကို သနားလို့ပါ။

နိုင်ငံရေး ယနေ့အထိ စိတ်မကုန်သေးဘူး။

အရေးရှိရင် လက်နုပ်တော့ တီးဦးမှာပါ။

အဲဒီလို ရှောင်နေကာမှ ဆရာမောင်သိန်းဝင်းနဲ့ မော်လမြိုင် ထောင်ထဲ ရောက်သွားရပါရောဗျာ။

အဲဒီတုန်းက သူ့ရဲဘော် ထောင်ပိုင်ကြီး ဦးမိုးကြိုးအောင်ကို သွားတွေ့တာတဲ့။

ကိုယ်ပါ မော်လမြိုင်ထောင်ဝန်းထဲ ရောက်ခဲ့ပါရော။

ဟော . . . အခု သာယာဝတီ ထောင်ရေိယာဝန်းကျင် ရောက်ခဲ့ ရပြန်ပြီ။ မောင်သိန်းဝင်းက ရည်ရွယ်တုန်းက အလံတောင်တဲ့။ သွားရတဲ့ ခရီးက သုံးဆယ်၊ သာယာဝတီမြို့ကနေ ဟိုးရိုးမတောင်ခြေ မိုင်မနည်း ဘူး ဝေးတာ။

ပြီး . . . ပါဂျဲရိုးနှင့်မဟုတ်၊ လင်ခရူဇာနှင့်မဟုတ်၊ ငွမ်ဒေါင်းစီးသွား ရတာ။ ဟိုနေ့တုန်းကတော့ ထောင်မှူးကြီးသိန်းဝင်းက ဟယ်လီကော့ပတာ တောင် စင်းလုံးငှားပြီး အလံတောင်ပေါ်ဆင်းမယ်တဲ့။

ကျေးဇူးတင်ပါတယ် . . . ထောင်မှူးကြီး။

နောက်ဆုံး သာယာဝတီ လယ်သမားသူပုန်ရွာများထဲက လှည်း လမ်းကူးဆိုတဲ့ရွာက သူ့အသိအိမ်မှာ ဖရဲသီးစားပြီး နေဝင်သွားလို့ . .

ထောင်ပိုင်ကြီး (ငြိမ်း) ဦးမြဦးအစီအစဉ်နဲ့ သာယာဝတီထောင်၊ အထူးဧည့်ရိပ်သာမှာ စတိုင်လ်ကျကျ နေရ၊ စားရ၊ အိပ်ခဲ့ရတော့တယ်။

ဆရာဦးမြဦးက အကျဉ်းထောင်မှာ ထောင်ပိုင်ကြီးတာဝန်နဲ့ အုပ် ချုပ်ခဲ့သလို . . .



အကျဉ်းထောင်နှင့် စပ်လျဉ်းသည့် ဟောပြောပို့ချသင်တန်းတွေ မှာလည်း သင်တန်းမှူးတစ်ဦးအဖြစ် ပါဝင်သင်ကြားပေးခဲ့သူဆိုတော့ ဆရာဦးမြဦးကို မသိသူ ရှားတယ်။

ခုလည်း ဆရာဦးမြဦး အရှိန်အဝါကြောင့် သူ့တပည့်တွေရော၊ တာဝန်ရှိသူများ၊ ထောင်မှူးများကပါ လိုလေသေးမရှိ ဧည့်ဝတ်ပြုကြတာ ကိုလည်း အလွန်ကျေးဇူးတင်ရှိရပါကြောင်း၊ မှတ်တမ်းတင်ရပါတယ်။

ကျွန်တော်နဲ့ ကိုတင်ထွန်းတို့ မိုးလင်းတော့ ဆရာစံကို မြေမြှုပ် သင်္ဂြိုဟ်ခဲ့သော သာယာဝတီထောင်သချိုင်းကို ရောက်သွားကြတယ်။

အင်္ဂလိပ်ခေတ်တုန်းက သေဒဏ်ကျအကျဉ်းသားများကို မြေမြှုပ် သင်္ဂြိုဟ်သည့်နေရာပါ။ ခုတော့ အရပ်ကပါ လာသင်္ဂြိုဟ် မြေမြှုပ်ဂူသွင်း သည်မို့ အုတ်ဂူတွေ မနည်းပါဘူး။

သို့သော် . . .

တောင်သူလယ်သမားအရေးတော်ပုံ ဂဠုန်ခေါင်းဆောင် အာဇာ နည်သူရဲကောင်းကြီး သုပဏ္ဏကဂဠုန်ရာဇာဘွဲ့ခံ ဆရာစံရဲ့မြေပုံကို မတွေ့ ခဲ့ရဘူး။

မေးကြည့်တော့လည်း မည်သူမျှ မပြောနိုင်ကြဘူး။

၁၉၆၅ ခုနှစ်တုန်းက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ပြန်ကြားရေး ဌာနက စုံစမ်းမေးမြန်း လေ့လာရေးသားခဲ့တဲ့ ၁၂၉၂ ခုနှစ်၊ တောင်သူ လယ်သမားအရေးတော်ပုံစာအုပ်မှာ ထောင်မှူးကလေး ဦးစိန်ကိုယ်တိုင် ဆရာစံအလောင်းကို တာဝန်ယူမြေမြှုပ်ခဲ့သည်တဲ့။

လူသုံးထောင်ခန့်က ဆရာစံအလောင်းမျက်နှာကို မြင်ပါရစေလို့ ဝိုင်းတားပြောလို့ ထောင်ပိုင်ဝန်ရဲ့ ခွင့်ပြုချက်နဲ့ ခေါင်းဖုံးကို ဖွင့်ပြရတယ်။ လူထုက ရှိက်ကြီးတငင် ငိုကြွေးကန်တော့ကြတယ်။ သည့်နောက် ဦးစိန် ကိုယ်တိုင် ထောင်သချိုင်း (ယခုရှိနေဆဲ) မြေမြှုပ်ခဲ့တယ်လို့ ရေးသား ထားတယ်။

နှောင်းကာလများမှာ လူထုအချို့က ဆရာစံရဲ့မြေပုံကို ရှာကြ



www.burmeseclassic.com

www.burmeseclassic.com

တယ်လို့ ကြားရတယ်။ သို့သော် ဆရာစံရဲ့မြေပုံနဲ့ ခန္ဓာအရိုးစုကို ရှာလို့ မရခဲ့ဘူးလို့ ကြားရတယ်။

မှန်ပါတယ် . . . ဆရာစံရဲ့အရိုးကို ရှာရမယ်။ ဂူသွင်းရမယ်။ တောင်သူလယ်သမားနေ့ ရောက်တိုင်း သူ့ဂူမှာ လွမ်းသူ့ပန်းခွေချလို့ အလေးပြုရမယ်လေ။

သူက နယ်ချဲ့အင်္ဂလိပ်ကို လွတ်လပ်ရေးမရခင်ကာလက ဦးစွာ ပထမတော်လှန်ခဲ့တဲ့ ခေါင်းဆောင်။

အခု မြေပုံလည်း ရှာမတွေ့ကြဘူး။

ဒီမှာပဲ အငြိမ်းစားထောင်အရာရှိတစ်ဦးက ကျွန်တော့်ကို ထူး ဆန်းအံ့ဖွယ်စကားတွေ ပြောပြပါလေရောခင်ဗျာ။

"ဆရာညိုမှိုင်းရဲ့ ကျွန်တော်တို့ သာယာဝတီအကျဉ်းထောင်မှာ ရုံးအုပ်စာရေးကြီးအဖြစ် တာဝန်ထမ်းခဲ့ဖူးတဲ့ စာရေးကြီး ဦးမောင်မောင် ပြောပြတာက . . .

ဆရာစံကို ကြိုးပေးသတ်ပြီး မြေမြှုပ်ဖို့ သချိုင်းကိုယူလာတော့ ဦးမောင်မောင်ရဲ့အဖေက အဲဒီတုန်းက လူငယ်နွားကျောင်းသားတဲ့။

သချိုင်းကုန်း မလှမ်းမကမ်း သစ်ပင်ပေါ်ကနေ ပုန်းပြီး ကြည့် နေတာတဲ့။ မြင်ရပုံက ဒီလိုတဲ့ . . .။

ဆရာစံရဲ့အလောင်းကို ရုံးပင်ကြီးလေးပင်အောက်မှာ မြေမြှုပ် ကာနီး သချိုင်းပတ်လည်မှာ အတွင်းက ကုလားစစ်ဗာရီတစ်တပ်၊ အပြင်စည်းမှာ အင်္ဂလိပ်စစ်တပ်တစ်တပ် ဝိုင်းရံထားတယ်။ ကျင်းနက်နက် ချတယ်။ ပြီး သံယက်မလိုအရာတွေနဲ့ အပေါ်ကနေ ကန့်လန့်တင်တယ်။ အနီးမှာ ဘယ်အရပ်သားမှ မရှိစေရဘူးတဲ့။

ပြီး . . . အင်္ဂလိပ်ခေတ်သုံး ချက်စုပုလင်းပေါင်း၊ ကားလေးစီး တိုက်ကို ရိုက်ခွဲပြီး အပေါ်ကနေ ဖြူးတယ်။ ပြီးမှ မြေမြှုပ်တာလို့ ဦးမောင် မောင်ရဲ့အဖေက မြင်တယ်လို့ ပြောသတဲ့။

ပုလင်းကွဲတောင် လေးထပ်ဖို့တာတဲ့ခင်ဗျ။ ပြီးမှ မြေကြီးဖို့တယ် တဲ့။

ချစ်စွာသော စာဖတ်သူ



ဤအကြောင်းကို ပြန်ပြောပြသူကတော့ . . .

ထောင်မှူးကြီး ဦးမောင်သိန်း (ငြိမ်း)

(၂၀၀၃-၂၀၀၆) ပဲ ဖြစ်ပါတယ်။

ဆရာစံအလောင်းကို ဘာလို့ ရှာမတွေ့ရတာလဲ လယ်သမား သူပုန်တွေ တူးယူမှာစိုးလို့ အင်္ဂလိပ်အစိုးရက ပြန်ဖော် အစဖျောက်လိုက် သလား။

ဒါမှမဟုတ် . . .

ခုရှိနေကြတဲ့ အုတ်ဂူသစ်တွေ အောက်မှာများ ရှိနေရော့ သလား . . .

စဉ်းစားစရာတွေ ရှိနေသေးတယ်။

လွတ်လပ်ရေးရပြီးတော့ ဦးနုအစိုးရက ဒီလောက်ကမ္ဘာကျော် ခဲ့တဲ့ နယ်ချဲ့တော်လှန်သူ လယ်သမား ဂျွန်ခေါင်းဆောင် ဆရာစံရဲ့မြေပုံကို ရှာဖွေဖော်ပြီး သမိုင်းဝင်အုတ်ဂူတစ်ခု ဘာကြောင့် လုပ်မပေးနိုင်ခဲ့တာ လဲ။

ဦးနုအစိုးရ မလုပ်နိုင်တော့ . . .

လယ်သမားအရေး ဦးစားပေးတဲ့ ဦးနေဝင်း ဆိုရှယ်လစ်အစိုးရ ကရော၊ ဘာလို့ ဆရာစံအလောင်းကို မရှာခဲ့တာလဲ။

အစိုးရအဆက်ဆက်ဟာ အင်္ဂလိပ်နယ်ချဲ့ကို စားဆွဲပြီး လယ် သမားအားလုံးနိုးပါး တော်လှန်အောင် ခေါင်းဆောင်ခဲ့တဲ့ တော်လှန်ရေး သမား အာဇာနည်ကြီးရဲ့ အရိုးကိုဖော်ပြီး အုတ်ဂူတစ်ခုလုပ်ပေးဖို့ မေ့ လျော့နေတာလား၊ မသိချင်ယောင် ဆောင်နေကြတာလား။

မြန်မာနိုင်ငံထဲမှာ . . .

စုဖုရားလတ်အုတ်ဂူရှိတယ်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း အုတ်ဂူရှိတယ်။

ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်များရဲ့ အုတ်ဂူ ဗိမာန် ရှိနေတယ်။

ဆရာစံက အလကားလူလား။



www.burmeseclassic.com

www.burmeseclassic.com

ရှုးလို့ အင်္ဂလိပ်ကို ဓား၊ လှံနဲ့ တော်လှန်ခဲ့တာလား။

မြန်မာနိုင်ငံရှိ လယ်သမားများရဲ့ အဖိနှိပ်ခံဘဝက ကင်းလွတ်အောင် ပါးစပ်နဲ့ ပြောယုံလို့မရဘူး၊ လက်နက်နဲ့ တိုက်ယူမှရမယ်၊ သိမယ်၊ ဖြိုမယ်လို့ သူ ဗိုလ်ချုပ်အောင်ဆန်းအရင် မြန်မာလယ်သမားသတ္တိသွေးကို ပြခဲ့သူပါ။

ဘာကြောင့် ဆရာစံကို ဥပေက္ခာပြုထားရတာလဲ။

ဆရာစံကို ကြောက်လို့လား။

ဆရာစံဂူကို လယ်သမားတွေ လွမ်းသူ့ပန်းခွေ ချမှာစိုးလို့လား။

ဒါမှမဟုတ် ...

အင်္ဂလိပ်အစိုးရက ဆရာစံဂူကို မလုပ်ပါနဲ့၊ ကျုပ်တို့ အင်္ဂလိပ်အစိုးရ မျက်နှာပူလို့ပါလို့ စာချွန်လွှာ ပို့လို့လား။

စိတ်ချပါ ...

ယုံလိုက်ကြစမ်းပါ။

လယ်သမားတွေကို ဖိနှိပ်ရက်စက် အနိုင်ကျင့်တဲ့ နယ်ချဲ့အစိုးရကို ဥုံဂါထာမန်းပြီး ဓား၊ လှံနဲ့ ခပ်ကြမ်းကြမ်း တိုက်ရဲတဲ့ ...

တောင်သူလယ်သမားအရေးတော်ပုံခေါင်းဆောင်။

သုပဏ္ဏက ဂဠုန်ရာဇာဘွဲ့ခံ ဆရာစံ။

ကျုပ်တို့လယ်ကွင်းနဲ့ အလံတောင်ပေါ်ကို ရှင်သန်ထမြောက်မားဆောင့်လို့ လာပါလိမ့်မယ်။


စပါးနှံကောက်ဦးနဲ့ ဆွမ်းဦးတင်ပြီး ဂဠုန်ဟေ့လို့ လက်ခမောင်းခတ် ကြိုဆိုကြဖို့ ...

ဥုံ ... ကမ္ဘာလျှံအောင် အော်သံပြင်းခဲ့တဲ့ ဂဠုန်ဆရာစံဆိုတဲ့ တော်လှန်ရေးသမားနဲ့ မျိုးချစ်လယ်သမားတို့ရဲ့ ဇာတိမာန်ကို ကလောင်နဲ့ ပူဇော်ကန်တော့ ဖွင့်ပါရစေ ...။

မောင်ညီမိုး(သန်လျင်)



မရိုးမခဲ့ကိုဦးဆောင်သူ စာရေးဆရာ မောင်မြဦး(မြောင်းမြ) ကောင်ပိုင်ကြီး-ငြိမ်းနှင့်အဖွဲ့



ညောင်ရိပ်သာဆန်းမှ မန်မိုရီကျောက်တိုင်

www.burmeseclassic.com

www.burmeseclassic.com



အလံတောင်သို့ ထွန်တောင်းနှင့်အသွား



ဆရာစံအား အမှုစစ်ဆေးရန် ရုံးသို့ခေါ်ဆောင်လာသောအခါ
သာယာဝတီ မြို့သူမြို့သားများ တောင်သူလယ်သမားများက
စုဝေးရောက်ရှိ ကြည့်ရှုနေပုံ




သာယာဝတီထောင်အနီးမှ သင်္ချိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဆရာစံနှင့်ဂဠုန်တပ်ဖွဲ့ဝင်များ စတင်စည်းဝေးခဲ့သော မန်ကျည်းကုန်းရွာဘုန်းကြီးကျောင်း



ဂဠုန်တပ်ဖွဲ့ဝင်များ ကိုင်ဆောင်အသုံးပြုခဲ့သည့် တိုက်ပွဲဝင် ပစ္စည်းများ

[၁]

တော်ရင်းအသေ တိုက်ရင်းသေစည်လော့

❑

အင်္ဂလိပ်နယ်ချဲ့က မြန်မာပြည်တစ်ပြည်လုံးကို သိမ်းတယ်။ ကျွန်ပြုတယ်။ ကုလားပြည်က ချစ်တီးဖြစ်လာမည့် ကုလားမွဲတွေကို မြန်မာပြည် ခေါ်လာတယ်။

အဲဒီ ချစ်တီးကုလားတွေကို အင်္ဂလိပ်အစိုးရက ငွေရင်းထုတ်ပေးပြီး မြန်မာလယ်သမားကို အတိုးများများနဲ့ ချေးတယ်။ ချစ်တီးငွေရှင်ကုလားက စာမတတ်တဲ့ လယ်သမားကို ကြက်ခြေခတ်လက်မှတ်ထိုးစေလို့ စာချုပ်နဲ့ အနိုင်ယူတယ်။

ကြည့်စမ်း ...ငွေတစ်ရာချေးရင် အတိုးက ငါးဆယ်ကျပ်တနေ ခုနစ်ဆယ်ကျပ် အတိုးတဲ့။ မိုးခေါင်ရေကြီးလို့ စပါးပျက်တော့ –

အမတော်ကြေး မပေးနိုင်တော့ဘူး။

သီးစားခ မပေးနိုင်တော့ဘူး။

သီးစားချတဲ့ လယ်ပိုင်ရှင်က အကြွေးနဲ့သိမ်းတော့ လယ်သမျှပေး အကုန်ပေးလိုက်ရပြီ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

*အင်္ဂလိပ်အစိုးရက လူ့ခွန်တော်နဲ့ သဿဿမေအခွန်မဆောင်နိုင်*တော့ လူထမ်း ထောင်ချ၊ နေပူထဲကို မော့ကြည့်စေပြီး နှိပ်စက်။

ချစ်တီးကုလားကလည်း တိုးရင်းပေါင်းနဲ့ စာချုပ်ပြပြီး လယ်သမားကို လယ်မြေပေါ်က နှင်ထုတ်။

ကျွဲ၊ နွား၊ ထွန်တုံး၊ ထွန်တံ အကုန်သိမ်းတယ်။

မျက်ရည်နဲ့ ကန်သင်းရိုးနေပူထဲမှာ ငုတ်တုတ်ထိုင်နေရတဲ့ ပစ္စည်းမဲ့လယ်သမား မိသားစုများ၊

မြန်မာမြေရှင်နဲ့ ချစ်တီးကုလားက လယ်လုံးဝမလုပ်ပါဘဲနဲ့ လယ်ပိုင်ရှင်ဖြစ်ကုန်တယ်။

ဘိုးစဉ်ဘွားဆက် ဟိုး ... မြန်မာမင်း လက်ထက်ကတည်းက ကိုယ်ပိုင် လယ်တည်၊ လယ်လုပ်ပြီး အလှူရေစက် လက်နဲ့မကွာရှိခဲ့တဲ့ လယ်သမား။

အခု နှင်းပြားဖြစ်သွားပြီ။

ကျောဗလာ၊ ဝမ်းဟောင်းလောင်းနဲ့၊ မြေမဲ့၊ ယာမဲ့ စားရမဲ့ ဘဝကို ရောက်နေကြပြီ။

အင်္ဂလိပ်အစိုးရရယ်၊ ချစ်တီးကုလားငွေရှင်ရယ် မြန်မာမြေရှင်ကြီးတွေက ...

ယာကိုလည်း အဓမ္မသိမ်းယူတယ်။ လယ်ကိုလည်း အကြွေးနဲ့သိမ်းယူတယ်။

ပြီး ... ရွှေကို ယူတယ်။ ငွေကို ယူတယ်။ ပြီးတော့ လူကိုပါ ဖျက်ဆီးကြတယ်လေ။

နောက်ဆုံး ...

ငတ်ရင်း သေမှာလား၊ တိုက်ရင်း သေမှာလား ...။

ဆရာစံ (ခေါ်) ဦးရာကျော် မြန်မာပြည်အနှံ့ ကွင်းဆင်းစစ်ဆေးစုံစမ်းမေးမြန်းပြီး ခံစားချက်ကို ဖွင့်ရပြီ။

စိတ်ကူးသစ်စာပေ

ကြည့်စမ်း ...။

၁၉၂၉-၃၀ ခုနှစ်က အခွန်မပေးဆပ်လို့ဆိုပြီး အကြမ်းနည်းနဲ့ ရက်ရက်စက်စက် လုပ်ပစ်လိုက်တာ။

သာယာဝတီမှာလေ ...။

စိန်နှစ်ခွ၊ ဖိမ်ဖာ၊ စမ်းတွင်း၊ အင်းကောက်၊ ရေတိုက်၊ ရွာသစ်၊ ထရင်စု၊ ကြက်ဆူတောက အခွန်မပေးနိုင်တဲ့ လယ်သမားမိသားစု အိမ်ထောင်ပေါင်း (၁၁၁) ဦးရဲ့ ပိုင်သမျှပစ္စည်းအားလုံးကို အဓမ္မသိမ်းယူပြီး လေလံပစ်လို့ ရငွေအားလုံး ယူသွားကြတယ်။

လူ့ခွန်တော်တဲ့ဗျာ။

ကိုယ့်ပစ္စည်းနဲ့ ကိုယ်မွေးတာပါဗျ။

ကိုယ့်လင်၊ ကိုယ့်မယားနဲ့ မွေးတာပါ။

ကိုယ့်သားသမီး ကိုယ်ရှာကျွေးရတာပါ။

ဘယ်အင်္ဂလိပ်အစိုးရမင်းက ဟင်းတစ်ခွက်လာပေးလို့လဲ၊ ဆန်နို့ဆီတစ်ဘူး လာပေးလို့လဲ။

ဘယ်ဝန်ကြီး၊ ဝန်ကလေးက ဆန်လက်တစ်ဆုပ် 'ရော့'၊ 'အင့်' လာပေးလို့တုံး။

ကိုယ့်မြေပေါ်မှာနေ၊ ကိုယ့်ဘာသာ ရှာစားနေရတာကို လူ့ခွန်တော်တဲ့ဗျာ။

ကြည့် ...

လူ့ခွန်တော်ပေးရမှာ အိမ်ထောင် (၁၁၁) ဦးအတွက် (၅၃၂ ကျပ် ၈ ပဲ)။ အဲဒါ လယ်ယာ၊ ကျွဲ၊ နွား၊ ထွန်တုံး၊ ထွန်တံ သိမ်းပြီး လေလံပစ်လိုက်တော့ ...

(၂၁၀၉ ကျပ် ၈ ပဲ) များတောင် သူတို့အစိုးရက ရသွားတယ်။ ပိုငွေကို လုံးဝပြန်မပေးဘူး။ ပြောင်ရက်စက်ကြမ်းကြုတ်တဲ့ အစိုးရဗျာ။

အဲဒီလိုအဖြစ်မျိုးက သာယာဝတီခရိုင်မှာမှ မဟုတ်ဘူး။ ဟံသာဝတီခရိုင် ...

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com


အင်းစိန်၊ မြစ်ဝကျွန်းပေါ် ပုသိမ်၊ မြောင်းမြ၊ မအူပင်၊ တောင်ငူခရိုင် အနှံ့ လယ်သမား၊ ယာသမားတွေ ခံနေရတာ။

ဒါကြောင့် ဆရာစံက သာယာဝတီခရိုင်၊ ဖျာပုံ၊ ပြည်ခရိုင်၊ ကသာခရိုင်၊ ရွှေဘိုခရိုင်၊ မုံရွာခရိုင်၊ သရက်ခရိုင်၊ အင်းစိန်ခရိုင်များကို လှည့်လည်ပြီး လယ်သမားတို့ခံစားနေရတဲ့ ဒုက္ခများအကြောင်း။

ဆရာစံက ဂျီ. စီ. ဘီ. အေ ဌာနချုပ်ကို အောက်ပါအတိုင်း အစီရင်ခံစာတင်တယ်။

၁။ နယ်ဘက်၊ စစ်ဘက် အရာရှိတို့ ကျူးလွန်စော်ကားမှုတွင် သက်သေအထင်အရှားရှိသည်။

၂။ လူခွန်ကောက်ခံရာမှာ ကျူးလွန်စော်ကားမှုများကို အောက်ပါအတိုင်း ဖော်ပြထားသည်။

(က) အခွန်တော်အချိန် မကျရောက်မီ သူကြီးက အခွန်တော်ကောက်ခံခြင်း။

(ခ) ရွာသူ၊ ရွာသားတို့အား အထင်အရှား အနိုင့်အထက် မတရားပြုကျင့်ကျူးလွန်ခြင်း (ဤသို့ ကျူးလွန်မှုများတွင် မုဒိမ်းကျင့်မှုများလည်း ပါဝင်သည်။)

(ဂ) စေတီပုထိုး၊ ရုပ်ပွားတော်များကို နည်းအမျိုးမျိုးဖြင့် အထင်အရှား စော်ကားခြင်းများအနက် လွန်လွန်းသော အပြုအမူများမှာ ကျင်ငယ်နှင့်ပန်း၊ တုတ်နှင့်ရိုက်၊ ခြေနှင့်ကန်မှုတို့ဖြစ်သည်။

တစ်နေရာတွင်မူ ရွာသူရွာသားတို့၏ ရှေ့မှောက်တွင် ရုပ်ပွားတော်လည်ပင်းကို ကြိုးဖြင့်ဆွဲ၍ မင်းတို့ဘုရားသော်မှ တို့လက်တွင်း၌ အပြစ်ပေးခြင်းကို မလွတ်နိုင်ဟု ပြောပြခြင်းဖြစ်သည်။

(ဃ) အိမ်ထောင်ပရိဘောဂနှင့် အစားအစာများကို အရမ်းမဲ့ ဖျက်ဆီးပစ်ခြင်း။

(င) သက်ကြီးရွယ်အို ယောကျ်ား၊ မိန်းမများနှင့် ကလေးသူငယ်များကိုပါ မရှောင်၊ စော်ကားမော်ကား ပြုလုပ်ခြင်း။

(စ) ရွာသူရွာသားများ၏ ထမင်းစားနေစဉ် ထမင်းဝိုင်းကို ခြေဖြင့် ကန်ကျောက် ဖျက်ဆီးခြင်း၊ သောက်ရေအိုးထဲ၌ ခြေဆေးခြင်း။

(ဆ) သာယာဝတီခရိုင်၊ ဖားရွှေကျော်၊ အင်းကောက်၊ လှည်းလမ်းကူး၊ ရေတိုက်၊ ဇီမ်ဖာရွာများတွင် နေပူကျဲကျဲ တစ်နေ့လုံးရပ်နိုင်းပြီး နေကို ကြည့်နေစေ၍ မကြည့်လျှင် နောက်မှရိုက်ခြင်း စသည်တို့ကို သက်သေအထောက်အထားထင်ရှားစွာနှင့် အစီရင်ခံခဲ့တယ်။

သည့်နောက် ဆရာစံက ဂျီ. စီ. ဘီ. အေ ဌာနချုပ်ကို အောက်ပါအတိုင်း အကြံပေးအစီရင်ခံစာကို တင်ခဲ့တယ်။

(၁) လူခွန်နှင့် သဿမေဓခွန်များ အတင်းအကြပ်ကောက်ခံမှုကို တစ်ညီတစ်ညွတ်တည်း ခုခံကာကွယ်ရန်။

(၂) လယ်သမားတစ်အိမ်ထောင်လျှင် ဝါးနှင့်သစ်များ အခမဲ့ ခုတ်ယူသုံးစွဲခွင့်ပြုရန်၊ ဤသို့ မပြုလုပ်ရဟု ပိတ်ပင်ထားသည့် သစ်တောဥပဒေများကို အကြမ်းမဖက် ခုခံတိုက်ခံရန်ဟူသော အချက်နှစ်ချက် ပါဝင်သည်။

သို့သော် ဌာနချုပ်က ဆရာစံရဲ့ အကြံပေးချက်များကို လက်မခံခဲ့ဘူး။

အဲဒီအချိန်တုန်းက ဂျီ. စီ. ဘီ. အေ ကလည်း နှစ်ခြမ်းကွဲသွားပြီး စည်းရုံးရေး ပျက်နေချိန်လေ။

ဒါကြောင့် ဆရာစံဟာ ဦးစိုးသိမ်း ဂျီ. စီ. ဘီ. အေနှင့် အဆက်အသွယ်အားလုံး ဖြတ်တောက်လိုက်တယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

နဂိုတုန်းကတော့ အကြမ်းမဖက်တဲ့နည်းနဲ့ အင်္ဂလိပ်အစိုးရကို ဆန့်ကျင်ဖို့ အစီအစဉ်ရှိသော်လည်း . . .

အခု . . . ပုံစံပြောင်းပစ်လိုက်တယ်။

နယ်ချဲ့အင်္ဂလိပ်အစိုးရကို ရရာလက်နက်နဲ့ အကြမ်းဖက် ခုခံတော်လှန်မယ်။ ငွေခံ၊ အံကြိတ်၊ လက်ပိုက်ကြည့်နေလို့ မရဘူး။

ဆီးဘန်နီဆရာတော် ရေးခဲ့သလိုပဲ . . .

သဉ္ဇိုးရပြန်လှစ် သုညခေတ်ဝယ်
လူဖြစ်ရလေ တို့တစ်တွေသည်
သေသော်မှတည့် ဩော် . . . ကောင်း၏ . . . တဲ့။

"အားလုံး မှတ်ထားကြ"

"ငါတို့အားလုံး ဇတ်ရင်းမသေ"

"တိုက်ရင်း သေမယ်ဟေ့ . . ."

✿ ✿ ✿

# [ ၂ ]

ဗိုလ်အောင်ဆန်း တာချီလာတဲ့ရှေ့

❑

အဲဒီအချိန်ကစလို့ သာယာဝတီအလံတောင်ကို ဗဟိုပြုပြီး တောင်သူလယ်သမား တော်လှန်ရေးသမားတွေကို စုဆောင်းခဲ့တယ်။

မန်ကျည်းကုန်း ဘုန်းတော်ကြီးကျောင်းမှာ အဂ္ဂိရတ်ထိုးရင်း စည်းရုံးရေး ဆင်းတယ်။ ပြီး ဂဠုန်တပ်ဖွဲ့များကို ဖွဲ့တယ်။

ပြီး . . . တပ်သားတွေရဲ့ ညာလက်မောင်းနဲ့ ပခုံးပေါ်မှာ 'က' ဂဠုန်၊ 'ခ' ဂဠုန် အမှတ်အသားဆေးများ ထိုးပေးတယ်။

'က' ဂဠုန်အဖွဲ့ဝင် တပ်သားတွေက သေရဲ၊ သတ်ရဲ၊ တိုက်ရဲတဲ့ ရှေ့တန်းထွက် တပ်သား။ လက်နက်ကိုင် တိုက်ရတယ်။

ပြီး . . . သစ်တောထဲဝင်၊ သစ်ဝါးများခုတ်ပြီး အာဏာဖီဆန်ကြရမယ်။

'ခ' ဂဠုန် အမှတ်အသား၊ တပ်သားများက နောက်ပိုင်းကနေ စားရေရိက္ခာ၊ လက်နက်၊ ဆေးဝါး စသည့် ရှေ့တန်းတိုက်ပွဲဝင် ရဲဘော်များရဲ့ လိုအပ်ချက်များကို ရှာဖွေစုဆောင်းပေးရတယ်။


www.burmeseclassic.com

www.burmeseclassic.com

အကယ်၍များ ရှေ့တန်းတိုက်ပွဲဝင် 'က' ဂဠုန်တပ်သား ကျဆုံးခဲ့ရင် ဖမ်းမိပြီး ထောင်တန်းကျခဲ့ရင် သူတို့ရဲ့ ကျန်ရစ်သူမိသားစုများကို 'ခ' ဂဠုန်များက ဝိုင်းဝန်းစောင့်ရှောက်ရတယ်။

ဆရာစံက ဂဠုန်တပ်သားတွေကို ဦးခံမန်းမှုတ်ပြီး ရဲဆေး၊ ကာဆေး၊ ပီးဆေးများထိုးပေးပြီး အင်္ဂလိပ်နယ်ချဲ့အစိုးရကို တိုက်ရဲတိုက်ချင်အောင် ဇာတိသွေးကို ရဲဆေးတင်ခဲ့တယ်။

လယ်သမားဂဠုန်များကလည်း ဆင်းရဲဒုက္ခ မခံနိုင်တော့လို့ အင်္ဂလိပ်အစိုးရကို ပြန်ချနေပြီ။ သွေးတကြွကြွ ဖြစ်နေကြပြီ။ ဆရာစံကိုလည်း အကြွင်းမဲ့ ယုံကြည်ကြတယ်။

ဆရာစံ သို့ကလို လှုသူစုရုံးတာကို အင်္ဂလိပ်အစိုးရ လုံးဝမသိဘူး။ ဘယ်သိမှာတုံးဗျ . . . လယ်သမားအားလုံးနီးပါးက သစ္စာရှိကြတာကိုး။

နယ်ချဲ့အင်္ဂလိပ်နဲ့ အလိုတော်ရိများကို တိုက်ရတော့မှာမို့ ဓား၊ လှံ၊ လေး၊ မြား သွေးရင်း သွေးကြွ တက်ကြွနေကြတယ်။

သည့်နောက် . . . လယ်သမားခေါင်းဆောင် ဆရာစံက . . .

အင်းစိန်ခရိုင် နယ်စပ်မှာရှိတဲ့ 'တောင်ညိုလေး'မှာ အဓိကခေါင်းဆောင်များနဲ့ (၄၅) ရက် ဥပုသ်ကြီးဝင်ပြီး အလံတောင်မှာ အခိုင်အမာတပ်စွဲလို့ 'ဗုဒ္ဓရာဇာမြို့' သမုတ်ကာ မြို့ပန္နက်များ ရိုက်တယ်။

ပြီး . . . မင်းမြောက်တန်ဆာ ငါးပါးဝတ်ဆင်လို့ . . .

'သုပဏ္ဏက ဂဠုန်ရာဇာ' ဟု သမုတ်ပြီး မြို့ဝန်၊ တပ်မှူး၊ ဗိုလ်မှူး စသည်တို့ခန့်ပြီး တိုက်ပွဲခေါ်သံကို အလံတောင်ပေါ်ကနေ မိုးလုံးပြိမ့်အောင် ဟစ်ကြွေးခဲ့တော့တယ်။

[ဆရာစံဟာ ဘုရင်ရောဂါထနေလို့ မင်းမြောက်တန်ဆာငါးပါးဝတ်ပြီး ဘုရင်ဘွဲ့ခံတာ မဟုတ်ပါဘူး။ မြန်မာလူမျိုးတွေက ကိုယ့်ဘုရင်ကိုယ့်အရှင်ကိုပဲ လေးစား တန်ဖိုးထားလေ့ရှိကြလို့ စည်းရုံးရေးအရ မင်းမြောက်တန်ဆာငါးပါးကို ဆင်ရခြင်းဖြစ်ပါတယ်။





သုပဏ္ဏက ဂဠုန်ရာဇာဘွဲ့ခံ ဆရာစံ

စိတ်ကူးသစ်စာပေ
www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ချက် ...

ဆရာစံ စီရင်ပေးတဲ့ လက်ဖွဲ့၊ အင်းအိုင်များကိုစွဲ၊ သွေးကြောင် နေသူ၊ စိုးရွံ့နေသူ ဖြစ်ပါစေ၊ ဆရာစံစီရင်ပေးတဲ့ လက်ဖွဲ့အစီအရင် ရ ထားရင် အလိုလို သတ္တိရှိနေတော့တာပါပဲ။ နယ်ချဲ့ကို တိုက်ရဲတဲ့သတ္တိ နဂိုရှိရင်းထက် ပိုရှိသွားအောင် 'ဆင့်' ပေးတာပါ။

ကျည်ဆန်၊ အမြောက်၊ စိန်ပြောင်းများ ပစ်တဲ့ကြားက ဆရာစံ ကို ကျည်တစ်တောင့် အသက်မနုတ်နိုင်ပါဘူး။

အချို့သော တော်လှန်ရေးသမားများဆိုလျှင် ရန်သူက သေနတ် နှင့်ပစ် ကျည်မထွက်၍ ဓားနှင့်ပြေးခုတ်ရာ ရန်သူသေသွားခဲ့သည်ဟု ကြား သိရပါတယ်။]

တိုတိုပြောရရင် ...

နင်းပြားလယ်သမားသူပုန်ကြီး သာယာဝတီအလံတောင်ကို ဗဟို ပြုလို့ ရဲရင့်တဲ့ ကြွေးကြော်သတ္တိများနဲ့ မြို့ရွာအနှံ့ ပေါ်လာခဲ့တယ်။

နာမည်ကျော် ဖားရွှေကျော်တိုက်ပွဲကစလို့ သာယာဝတီခရိုင်၊ အင်းစိန်ခရိုင်၊ ပဲခူးခရိုင်၊ ပြည်ခရိုင်၊ သရက်ခရိုင်၊ ပုသိမ်ခရိုင်၊ မအူပင် ခရိုင်၊ တောင်ငူခရိုင်၊ ရမည်းသင်းခရိုင်ကနေ မြန်မာတစ်ပြည်လုံးမှာ လယ် သမားသူပုန်ခေါ် လယ်သမားဂဠုန် တော်လှန်ရေးသမားတွေရဲ့ ...

နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲတွေကြောင့် အင်္ဂလန်တုန်လှုပ်သွား ခဲ့ရတယ်။ ဗြိတိသျှတို့ နှလုံးခုန်မြန်ခဲ့ရတယ်။

တုန်လှုပ်ချောက်ချားသွားခဲ့ရတယ်။

မထင်ဘူးလေ ...

လုံးဝကို မျှော်လင့်မထားဘူး။

မြန်မာနိုင်ငံ အောက်ရော အပေါ်ရောသိမ်းပြီး နောက်ပိုင်းမှာ မင်းသားတွေ၊ မြို့စားတွေ၊ ရှမ်း၊ ကချင်၊ ကရင်၊ မြန်မာတိုင်းရင်းသား တွေ နေရာအနှံ့ တော်လှန်ကြတာ။

စိတ်ကူးသစ်စာပေ



အဲဒီလို ... တော်လှန်ရေးသမား အင်အားအများကြီးကိုတောင် ဦးကျိုးသွားအောင် တိုက်ခဲ့တဲ့ အစိုးရပါ။ ရာထူးမက်လုံးတွေနဲ့ ကိုယ့်လူ ဖြစ်အောင် စည်းရုံးသိမ်းသွင်း ဖိနှိပ်နှိမ်နင်း အုပ်ချုပ်ခဲ့တဲ့ အစိုးရပါ။

တိုင်းပြည် ငြိမ်ဝပ်ပိပြားပါပြီလို့ ကောရီဘုရင်မကြီးထံ အစီခံနေ တုန်းမှာမှ ...

လယ်သမားသူပုန်တဲ့။

ဂဠုန်သူပုန်တဲ့။

ဓား၊ လှံ၊ ဝါးချွန်နဲ့ နေမဝင်အင်ပါယာကို ပုန်ကန်တဲ့ သူပုန် တဲ့။

ကြည့်စမ်း ...

ဖားရွှေကျော်တိုက်ပွဲ ဒါ ပထမ ပွဲဦးထွက်တိုက်ပွဲကြီး။

ဒုတိယတိုက်ပွဲက ...

အင်းကောက်ကြီး၊ ရေတိုက်နဲ့ ဖားရွှေကျော်ရွာကို မီးရှို့ပြီး ဘုန်း ကြီးကျောင်းထဲမှာ ဦးမောင်ကလေးခေါင်းဆောင်တဲ့ ပုလိပ်အဖွဲ့ နားနေ နိုန် ...

အဲဒီနေ့က ၁၉၃၀ ခုနှစ်၊ ဒီဇင်ဘာ (၂၅) ရက်နေ့။

လယ်သမားဂဠုန် စစ်ကြောင်း (၃)ကြောင်း။

လူအင်အား (၆၀၀) ခန့်ရယ် ဝိုင်းတိုက်လိုက်ကြတာ အစိုးရ ထပ်ကလည်း (၂၅) ဦးစီခွဲပြီး ...

ရာဇဝတ်ဝန်လေး၊ နယ်ပိုင်၊ မြို့ပိုင်နှင့် အခြားအရာရှိများ ခေါင်း ဆောင်ပြီး ခံတိုက်ကြတာ။ ပိုစိတ်ချရအောင်လို့ အိန္ဒိယတိုင်းရင်းသား စစ် ပုလိပ်များပါ ခေါ်လာတယ်။

ဂဠုန်တပ်ကလည်း တူမီးနဲ့ ဆီးကြိုပစ်၊ အနီးကပ် ဓားနဲ့တက် ခုတ်၊ လှံနဲ့ ဝင်ထိုးကြတာ။ အိုး ... သွေးသံရဲရဲ၊ ငယ်သံပါအောင်အော် အတုံးအရုံး လဲပြိုင်ကြ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ကြွေးကြော်သံနဲ့ ညာသံတွေဟာ လယ်ကွင်းထဲမှာ ညံနေတယ်။

"ကျား . . ."

"မြန်မာကွ . . ."

"လယ်သမားသူပုန်တဲ့ဟေ့ . . . ကျား"

"ခုတ်လဟ"

"အကြွေးဆပ်လဟ . . . ကိုင်းဟာ"

"အား . . ."

"အမယ်လေးဗျ . . ."

"ရှိ . . ."

"အား . . ."

"ဒိုင်း . . . ဖောင်း . . ."

"တိုက် . . . တိုက် . . ."

ကုလားစစ်ဗာရီတွေ သူတို့ရှေ့မှာ ဓားခုတ်ချက်နဲ့ သွေးသံရဲရဲ သေကုန်တာ မြင်ရော စစ်ယူနီဖောင်းတွေချွတ်ပြီး ပြေးလိုက်တာမှ မှုန်နေတာပဲ။

ဂျူနိတပ်သားတွေကလည်း ကိုယ်လွတ်ရုန်းထွက်ပြေးကြတဲ့ ပုလိပ်နဲ့ အိန္ဒိယတိုင်းသား စစ်ပုလိပ်များနောက်ကို ညာသံပေးပြီး ဓား လှံတွေနဲ့ လိုက်ကြတာ။

"လိုက်ဟ . . ."

"ဟိတ် . . . ရပ် . . ."

"ခုတ်ဟာ"


"ကိုင်း . . . သေဟ"

"ရှမ်း . . ."

"အား . . ."

"အဘား . . . အဘား . . ."





ဓားရှေ့ကျော်တိုက်ပွဲ လက်ပံပင်မြင့်မြင့်အနီး၌ ဂျူနိတပ်သားများလက်ချက်ဖြင့် ရာဇဝတ်ဝန်ဦးမောင်ကလေးကျဆုံးသည်။

"မှတ်ထား . . .။ အဲဒါ လယ်သမားသူပုန်ရဲ့ ဓားချက်ကွ"

အဲဒီမှာ ပုလိပ်အဖွဲ့ခေါင်းဆောင် ဦးမောင်ကလေးရယ်၊ ရှေ့ကနေ ခြေရှင်း၊ ကွဲကျန်ပြီး ခါးစောင်းလောက်မြင့်တဲ့ ရိုးပြတ်တောကြားမှာ မြင်းရော၊ လူရော ပုန်းနေတာ။ ညာသံပေးလိုက်လာတဲ့ သူပုန်တွေ သူ့အနီးရောက်ရော ရုတ်တရက် မတ်တတ်ရပ်ပြီး သေနတ်နဲ့ ထပစ်လိုက်တာ။

"ချောက် . . ."

"ချောက် . . ."

"ချောက် . . ."

"ဟင် . . ."

"ဟေ့ . . . ဟောဒီမှာ ရာဇဝတ်ဝန်"

"ပြေးပဟေ့ . . . လိုက်ဟ . . . ခုတ်ဟ"

"ကျား . . ."

"သေဟ . . . ပုလိပ်သားကြီး"


www.burmeseclassic.com

www.burmeseclassic.com

"ဒုတ် ..."

"အမယ်လေးဗျ ..."

"အသေသတ်လဟ"

"စွပ် ..."

"ဒုတ် ..."

"တော်ကြပေ့ ...သင်း သေပြီ"

ကြည့်စမ်း ...

ကျည်ဆန်က အနီးရောက်နေတဲ့ ဂျုန်တပ်သားတွေကို လုံးဝ မထိမှန်ဘူး။ ဒီမှာပဲ ဂျုန်တပ်သားတွေက သွေးစွန်းနေတဲ့ ငှက်ကြီးတောင် ဓားတွေနဲ့ ဝိုင်းခုတ်လိုက်တာ ပုလိပ်အဖွဲ့ခေါင်းဆောင် ဦးမောင်ကလေး နေရာမှ ပွဲချင်းပြီးသေတာပဲ။

ဂျုန်အလံတွေဟာ လေထဲမှာ ကြွေးကြော်သံများနှင့် လူးလွန့် နေတယ်။

"အောင်ပြီဟေ့ ..."

"သာယာဝတီသားကွ"

"သွေးသောက်ဓားတဲ့ဟေ့"

"ဂျုန်ကွ ...ကျား"

ဂျုန်သူပုန်တွေကလည်း သွေးစွန်းဓားတွေကိုမြှောက်ပြီး 'ဂျုန် တဲ့ဟေ့' လို့ ကြွေးကြော်လိုက်ကြတာ တောရောတောင်ရော တုန်နေတာ ပဲ။

✿ ✿ ✿

[၃]

ရွှေသွေးနဲ့ ဗာကျစ်နေတဲ့မြေကြီး

❑

သာယာဝတီတစ်နယ်လုံး ဖိန့်ဖိန့်တုန်သွားပြီ။

ဂျုန်သူပုန် ခေါ် တောင်သူလယ်သမား တော်လှန်ရေးသမားရဲ့ ထက်ချက်ကြောင့် အစိုးရဘက်က အကျအဆုံးတွေ ရှိလာခဲ့တယ်။

အင်္ဂလိပ်အစိုးရ အရှက်ကွဲနေပြီလေ။

ဖားရွှေကျော်တိုက်ပွဲမှာ အစိုးရဘက်က ရွှံးနိမ့်တပ်ပျက်ပြီး ကစဥ့် ကလျား ပြေးတယ်လို့ကြားတော့ စစ်ဘက်နယ်ဘက်က မျက်နှာဖြူအရာရှိ တွေ ရှက်ပြီး စိတ်ဆိုးကုန်ရော။

ရာဇဝတ်ဝန်ကလေး၊ မြို့ပိုင်နဲ့ စစ်သား (၂၀) ပျောက်ဆုံးနေ တယ်ကြားရတော့ စိတ်ထိခိုက် တုန်လှုပ်သွားကြတယ်။

အလွှန်ကိုလည်း အံ့သြသွားခဲ့ကြတယ်။

သည့်နောက် သာယာဝတီဂျုန်သူပုန်တွေကို နှိမ်နင်းဖို့ ဒီဇင် ဘာ (၂၃) ရက်နေ့မှာ စစ်ပုလိပ် (၁၀၀)၊ (၂၆) ရက်နေ့မှာ (၂/၁၅) ပန်ချာပီစစ်သား (၁၀၀) ထပ်ရောက်လာတယ်။


www.burmeseclassic.com

www.burmeseclassic.com

နောက်ထပ် အင်္ဂလိပ်စစ်သား (၁၀၀) ယောက်ရောက်လာတယ်။ စိတ်မချရသေးဘူးထင်လို့ မေမြို့က ကာနယ်စပန်းကီးအုပ်ချုပ်တဲ့ အမှတ် (၃/၂၀) ဘားမားရိုင်ဖယ်တပ်ရင်း တစ်ခုလုံးကို ပို့ပေးခဲ့တယ်။

အဲဒီအချိန်တုန်းက သာယာဝတီမှာ လယ်သမားဂျွန် တော်လှန်ရေးအင်အားက အများဆုံး (၁၅၀၀)ခန့်ရှိတယ်လို့ အစိုးရက ခန့်မှန်းသတဲ့။

လယ်သမားသူပုန်များ ပြောချက်အရ အဲဒီအချိန်တုန်းက လယ်သမားဂျွန်သူပုန်အင်အားက (၃၀၀၀) ခန့်ရှိတယ်လို့ ဆိုတယ်။

အင်္ဂလိပ်စစ်တပ်မှာ စက်သေနတ်ကြီး သုံးလက်ပါတယ်။

အင်္ဂလိပ်စစ်တပ်တွေ ဖားရွှေကျော်ရွာထဲကို ရောက်ပြီကြားရော အလံတောင်ပေါ်ကနေ သူပုန်တပ်ကလည်း ရင်ဆိုင်တိုက်ဖို့ တစ်ဟုန်ထိုးဆင်းလာကြတာ။

အဲဒီမှာ နေသူရိန်နော်ရထာဘွဲ့ရ ဗိုလ်ဖိုးချစ်၊ ရဲရဲကျော်ထင်ဘွဲ့ရ ဗိုလ်ဘိုးဆောင့်တို့ ဦးဆောင်ပြီး တော်လှန်ရေးသူပုန်တပ်ဖွဲ့ အင်အားများစွာတို့က နဂါးကို ဂဠုန်သုတ်တဲ့အရုပ်ပါတဲ့ အလံကိုကိုင်ပြီး မောင်းသံတဒူဒူပေးလို့ ဓား၊ လှံ၊ သေနတ်တွေနဲ့ ညာသံပေး ဝင်လာကြရော။

အင်္ဂလိပ်စစ်တပ်က စက်သေနတ်မျိုးစုံနဲ့ ဆီးကြိုပစ်တော့ သေတာမနည်းဘူး။ သို့သော် တစ်ဗိုလ်ကျ တစ်ဗိုလ်တက်ပဲ။ လုံးဝမရှဲ့ဘူး။ တက်လာသမျှ ဂဠုန်သူပုန်တွေကို အစိုးရစစ်တပ်က ဘက်စုံကနေပစ်တော့ အကျအဆုံးများတာပေါ့။

စပါးတောဟာ သွေးခြင်းခြင်း ရဲကုန်တယ်။

သေနတ်သံကြောင့် တောနဲ့တောင်က ငှက်တွေ လန့်ပြေးကုန်ပြီး စပါးတောကြားမှာ သွေးသံရဲရဲနှင့် ဂဠုန်သူပုန်အလောင်းတွေ ဖွေးဖွေးလှုပ်နေတယ်။ ဒဏ်ရာရလို့ မပြေးနိုင်သူတွေကို သေနတ်နဲ့ပစ်တယ်။

လက်နက်ချင်း မညီတော့ သူပုန်တပ်က ဆုတ်ပေးခဲ့ရတာယ်။

စိတ်ကူးသစ်စာပေ



ပန်ချာပီ သေနတ်ကိုင်တပ်ရင်း (၁၅)



စစ်တပ်များနှင့်အတူ ပွဲတွဲဆောင်ရွက်သည့် ပုလိပ်အဖွဲ့

အဲဒီတိုက်ပွဲမှာ သူပုန် ဂဠုန်တပ်သား (၁၀) ဦး ကျဆုံးခဲ့တယ်။ ကျဆုံးသူများထဲမှာ ပိုးဘောင်းဘီ၊ အင်္ကျီနက်ပြာ၊ သက္ကလပ်အင်္ကျီနက်ပြာနဲ့ ဦးထုပ်ဆောင်းထားသူ 'နေသူရိန်နော်ရထာ' ဗိုလ်ဖိုးချစ် ပါသွားတယ်။

'ရဲရဲကျော်ထင် ဗိုလ်ဘိုးဆော့' ဒဏ်ရာပြင်းထန်စွာ ရထားတယ်။ ခြေထောက်ကို ရန်သူနယ်ချဲ့အင်္ဂလိပ်ရဲ့ကျည်ဆန် ဖောက်ဝင်သွားလို့ လမ်းမလျှောက်နိုင် ဖြစ်နေသလို၊

www.burmeseclassic.com

www.burmeseclassic.com

ဆီးစပ်ကိုမှန်ထားတဲ့ ကျည်ဒဏ်ရာက သွေးတွေ ရဲရဲနီနီ စီးကျနေတယ်။ သွေး ရဲရဲနီနီများက အောက်ပိုင်းမှာ ရွှဲရွှဲစိုနေတယ်။

ပစ်လဲကျလိုက်၊ ဓားကောက်ပြီး ကုန်းထလိုက်။

"ဆုတ်ဟ ... ဆုတ်ကြ"

"အကျိုးမဲ့ အသေမခံနဲ့"

"နောက်ကို မြန်မြန်ဆုတ်"

ဗိုလ်ဘိုးဆော့ ဆီးခုံဒဏ်ရာကို အကျီချွတ်ပြီး ပိတ်ဆို့လို့ အမိန့်ပေးလိုက်တယ်။

တိုက်ပွဲက မနက် (၉) နာရီကတည်းက တိုက်နေတာ နေလုံးပျောက်တော့မယ်။

အင်္ဂလိပ်စစ်တပ်က စက်သေနတ်တွေနဲ့ အနီးကပ်ပစ်တာမို့ ရိုးပြတ်ကြားမှာ ဂျွန်တပ်သားတွေ လဲကျလူးလွန့်တာကို မြင်ရတယ်။

ဒဏ်ရာရသူကို ပြန်မကောက်နိုင်ဘူး။

သူ့ရှေ့မှာ သွေးသောက်ရဲဘော်ကြီး နေသူရိန်နော်ရထာ ဗိုလ်ဖိုးချစ် ကျသွားတာကို မြင်ရတယ်။

ဂျွန်တပ်သားတွေက အလောင်းကိုထမ်းပြေးတော့ စစ်ဗာရီကုလားတွေက ထရပ်ပြီး ဝိုင်းပစ်ကြတာ။

ဒီမှာ ဗိုလ်ဘိုးဆော့က ရိုးပြတ်တောကြားကနေ အနီးရှိ ပြောင်းရှည်သေနတ်ကို ကောက်ယူပြီး ပစ်လိုက်တာ ...

"ဒိုင်း ..."

"အဘား ..."


"ရန်သူ ... ရန်သူ ..."

"ဗိုင်းယား ... ဗိုင်းယား ..."

ဒီမှာပဲ ဗိုလ်ဖိုးချစ်အလောင်းကို ထမ်းပြေးတဲ့ ဂျွန်တပ်သားတွေကို မဲပစ်နေရာက ဗိုလ်ဘိုးဆော့လက်ချက်ကြောင့် ကုလားစစ်ဗာရီတစ်ယောက်ရဲ့ပေါင်ကို ကျည်သင့်သွားရော ...







ဓားရှည်ကျော်တိုက်ပွဲများတွင် 'က'ဂျွန်တပ်သား
ဦးအုန်းဖေနှင့် ဦးလှိုင်တို့၏ တိုက်ပွဲဝင်ဓားများ

ကုလားစစ်ဗာရီများနဲ့ ပုလိပ်များက ဗိုလ်ဘိုးဆော့ကို ဝိုင်းပစ်ကြတာ။

အဲဒီမှာ ပေါင်ကိုမှန်သွားပြီး လဲကျအသွား ဗိုလ်ဘိုးဆော့က ပြန်ထစ်ရင်း နောက်ဆုတ် ... နောက်ဆုတ် လုပ်နေတာ။

"ဗိုလ်မင်း ... ဗိုလ်မင်း ..."

"နောက်ဆုတ်နေကြ ... မတက်ခဲ့နဲ့"

သူ့လူတွေက စိုးရိမ်လွန်းလို့ ပြန်အော်ခေါ် အသံပြုတော့ ..

"ဒိုင်း ..."

"အား ..."


www.burmeseclassic.com

www.burmeseclassic.com

အဲဒီမှာ ဆီးခုံကို ကျည်ဆန်ထိပြီး တောင်ဆင်ခြေလျှောအတိုင်း လိမ့်ကျသွားတာ။

ဂျပန်တပ်သားတွေက မိုလ်ဘိုးဆော့ကို လာတွဲပြီး ရန်သူ့ကျည်ဆန်ဝေးရာကို တွဲခေါ်သွားကြတယ်။

အဲဒီညမှာ . . .

ရဲရဲကျော်ထင်ဘွဲ့ရ မိုလ်ဘိုးဆော့ . . .

သုပဏ္ဏက ဂျပန်ရာဇာဘွဲ့ခံ ဆရာစံရဲ့ အဓိကလက်ရုံးကြီးဟာ နေသူရိန်နော်ရထာ မိုလ်ဖိုးချစ်နောက်ကို အပြီးလိုက်သွားခဲ့ရတယ်။

"မသေခင်မှာ . . . တဖွဖွ မှာသွားခဲ့တယ်"

"ဆရာစံကို ပြောပါ . . . ငါ . . . ငါတို့ အသက်နဲ့ လဲခဲ့ပါပြီလို့"

"မင်းတို့ . . . ဆက် . . . တိုက်"

သူ့ကျွန်မခံတဲ့ သွေးရဲရဲနီနီတို့ဟာ အလံတောင်ဝန်းကျင်က လယ်ကွက်ထဲမှာ၊ ရိုးထဲမှာ၊ ချောင်းထဲမှာ စီးနေတယ်။

ယမ်းငွေ့တွေဟာ အလံတောင်တစ်ပိုက်မှာ ဝေ့ဝဲနေရဲ့။

ကောက်ပင်တွေ သွေးစွန်းကုန်တယ်။

ရိုးပြတ်တွေ ခေါက်ရိုးကျိုး ကြေမွနေတယ်။

မြေကြီးဟာ ဂျပန်သွေးနဲ့ မာကျစ်နေတယ်။

တိုက်ပွဲခေါ်သံတွေဟာ အလံတောင်ဝန်းကျင်က ကွင်းထဲမှာ ပဲ့တင်ညံနေတယ်။

ကျဆုံးသူတို့ရဲ့ အာဇာနည်ဝိညာဉ်များဟာ သွေးစီးပေနေတဲ့ ငှက်ကြီးတောင်ဓားတွေကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး အလံတောင်ပေါ်နဲ့ တိုက်ပွဲဝင် စစ်တလင်းကွင်းပေါ်မှာ ဝဲပျံဟစ်ကြွေးနေတုန်းပါ။

✿ ✿ ✿

[ ၄ ]

အာဝ်တောင်ယော်မှ ပေါက်ကွဲသံကြီးများ

❑

နာမည်ကျော်ပွဲသိမ်းတိုက်ပွဲဟာ အလံတောင်တိုက်ပွဲပဲ။

ဒီတိုက်ပွဲကြီးက အင်္ဂလိပ်အစိုးရအတွက် မခံချင်ကြေးနဲ့ အနာကြည်းဆုံး တိုက်ပွဲကြီးပဲလေ။ သိက္ခာဆည် တိုက်ပွဲကြီးပဲ။

ဝဲရှာကို သာယာဝတီက သစ်တောအင်ဂျင်နီယာ မစ္စတာဖီးတလပ် ရောက်နေတယ်။ ရည်ရွယ်ချက်က ခရစ်စမတ်ပွဲတော်အတွင်း ရိုးမတောင်ခြေက ဝဲရှာမှာ လွတ်လွတ်လပ်လပ် သောက်သောက်စားစား ပျော်ပျော်ပါးပါးနေဖို့ ရောက်နေတာ။

သာယာဝတီ၊ ဟံသာဝတီ၊ ရောဝတီက လယ်သမားတွေ စားရမဲ့ သောက်ရမဲ့ ကြေးတင်၊ ဆင်းရဲ၊ ဝမ်းနည်း၊ ကြေကွဲ မျက်ရည်ပေါက်ပေါက် ကျနေချိန်မှာ . . .

အင်္ဂလိပ်မျက်နှာဖြူ အင်ဂျင်နီယာက . . .

ခရစ်စမတ်အတွက် အစွမ်းကုန်ပျော်မလို့ ရောက်နေတယ်။


www.burmeseclassic.com

www.burmeseclassic.com

သူနဲ့အတူ တောအုပ်ကြီး ဦးဘရင်၊ စာရေးကြီး ဦးတင်အောင်တို့လည်း ပါရဲ့။

အဲဒီနေ့က ဒီဇင်ဘာ (၂၄) ရက်နေ့။

ဒီဝဲရွာက ဆရာစံဌာနချုပ်ဖြစ်တဲ့ အလံတောင်နဲ့ဆို သုံးလေးမိုင်မျှပဲ ဝေးတာ။

ဒီနေရာမှာ တောင်သူလယ်သမားသူပုန်တွေ စုစည်း အသင့်ရှိနေတာကို ဗိုးကလပ်မသိဘူး။

လယ်သမားသူပုန်တွေဟာ သောက်စားအပျော်ကြူးနေတဲ့ ဗိုလ်ရုံကို အဘက်ဘက်ကနေ ဝိုင်းတိုက်ကြတာ။

မစ္စတာဗိုးကလပ်ရော၊ တောအုပ်ရော၊ စာရေးပါ သေတယ်။ ပြီး . . . ဂျွန်သူပုန်တွေက ဗိုလ်ရုံကို မီးရှို့ပစ်လိုက်တယ်။

ဗိုလ်ရုံ မီးဟုန်းဟုန်းတောက်ပြီး ကောင်းကင်မှာ ပြာတွေလွှင့်နေတယ်။

"ဟေ့ . . . မျက်နှာဖြူကောင် သေပြီဟ"

"ဟိုမသာက တောအုပ်ဘရင် မဟုတ်လားဟေ့"

"ဟုတ်တယ်ဟေ့ . . . စာရေးပါ သေပဟ"

"ဂျွန်တို့ . . . မျက်နှာဖြူခေါင်းကို ဖြတ်ယူခဲ့ဟေ့"

မစ္စတာဗိုးကလပ်ရဲ့ ဦးခေါင်းကိုဖြတ်ပြီး လက်နက်ခဲယမ်းများပါ ယူလို့ အလံတောင်ပေါ်ကို ပြန်တက်သွားကြတယ်။

"အင်္ဂလိပ်ခေါင်းကို ရပြီဟေ့ . . . အောင်ပြီကွ"

အောင်ပွဲခံ ကြွေးကြော်သံများဟာ ဝဲရွာကနေ အလံတောင်တောက်လျှောက် လျှံနေတာပဲတဲ့။

ဒီဇင်ဘာ (၂၃) ရက်နေ့က ဖားရွှေကျော် ပထမတိုက်ပွဲ။

အခု (၂၄) ရက်ပြီးသည်အထိ မစ္စတာဗိုးကလပ် ပြန်မရောက်တော့ မျက်နှာဖြူအရာရှိတွေ စိုးရိမ်သွားတယ်။

စိတ်ကူးသစ်စာပေ



အလံတောင်၏ တောင်ထိပ်နေရာ



ဖုည်းလမ်းကျူးကျေးရွာ ဦးမြင့်အောင်၏အိမ်တွင် အနားယူရင်း ထမင်းစားကြစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ကပ္ပတိန် ရပ်(စ်) ခေါင်းဆောင်တဲ့အဖွဲ့ကို ကယ်ထိုးဆေး ကယ်ရန် လွှတ်လိုက်ရော။

ကန်းနီရွာအရောက်မှာပဲ သဲဖြူရွာက ဆင်းလာတဲ့ ဂျွန်သူပုန်တွေနဲ့ တိုက်ပွဲဖြစ်ကြတယ်။

အဲဒီမှာ ဂျွန်သူပုန်တွေကို ဒဏ်ရာနဲ့မိသွားပြီး လှည်းလမ်းကူးရွာ အချုပ်မှာ ချုပ်ထားတုန်းမှာပဲ။

ဂျွန်သူပုန်များက အချုပ်ကိုဝင်စီးပြီး သူတို့တပ်သားတွေကို ကယ်ဖို့ ရိုးပြတ်ကြားက ဝပ်ပြီး ဝင်တိုက်ကြတာ။

အင်္ဂလိပ်စစ်သားတွေ သေနတ်နဲ့ပစ်လိုက်ရင် ရိုးပြတ်ထဲမှာ ဂျွန်ပျောက်သွားရော။

ပြီး ...ရိုးပြတ်တောထဲကနေ ဂျွန်သူပုန်တွေ ဖြုန်းစားကြီးပြန်ပေါ်လာလို့ ကုလားစစ်တာရီစစ်သားတွေ ပစ်လို့မနိုင်ဖြစ်ပြီး အံ့သြနေကြတယ်။

သို့သော် အင်အားချင်း၊ စစ်သုံးလက်နက်ချင်း မမျှတော့ သူပုန်တွေ နောက်ဆုတ်ပေးခဲ့ရတယ်။ အဲဒီ လှည်းလမ်းကူး အချုပ်ခန်းအနီးတိုက်ပွဲအပြီးမှာ ရန်သူအင်္ဂလိပ်၊ စစ်ဗိုလ်၊ စစ်သား စစ်တာရီများ အကြားမှာရော ...

မြန်မာကျေးရွာလူထုများ အကြားမှာပါ ...

ဂျွန်သူပုန်တွေဟာ အလွန်ထူးဆန်းနေတယ်တဲ့။

အင်္ဂလိပ်နယ်ချဲ့အစိုးရကို တိုက်တဲ့နေရာမှာ လယ်ကွင်းထဲက ရိုးပြတ်ကနေ လူဖြစ်သွားပြီး အင်္ဂလိပ်တပ်သားတွေကို တိုက်တယ်တဲ့ဟော့လို့ နာမည်ကျော်သွားခဲ့တယ်။

လှည်းလမ်းကူးကနေ အင်္ဂလိပ်စစ်တပ်ဟာ ဝဲရွာဗိုလ်ရုံကိုရောက်ရော ဖိုးကာလပ်ရဲ့ခေါင်းမပါတဲ့ အလောင်းခန္ဓာကိုယ်ကိုမြင်ပြီး အလွန်တုန်လှုပ်သွားကြတော့တယ်။ အလောင်းကို လော်လီကားနဲ့တင်ပြီး သာယာ

စိတ်ကူးသစ်စာပေ

ဝတီကို ယူခဲ့ရာမှာ အင်္ဂလိပ်စစ်သားတွေ တုန်လှုပ်ချောက်ချားနေကြတော့တဲ့။

ဒီလိုပဲ ဒီဇင်ဘာ (၂၅) ရက်နေ့ ဖားရွှေကျော် ဒုတိယတိုက်ပွဲမှာ ပျောက်သွားတဲ့ ရာဇဝတ်ဝန်ကလေး ဦးမောင်ကလေးရဲ့ အလောင်းကိုလည်း ဂရုံတောစပ်မှာတွေ့ပြီး သာယာဝတီကို နွားလှည်းနဲ့ ယူလာခဲ့ကြတယ်။

အဲဒါတောင် အင်္ဂလိပ်စစ်သားတွေ ဦးမောင်ကလေးကို မရှာရဲကြဘူး။ အင်အားနည်းနေလို့တဲ့။ (၂၇) ရက်နေ့ရောက်မှ အင်္ဂလိပ်စစ်တပ်နဲ့ သွားရှာလို့ တွေ့ရတာ။

ဒါကြောင့် ...

ဆရာစံခေါင်းဆောင်တဲ့ ပင်မသာယာဝတီ ဂျွန်သူပုန်တွေကို ဖိနှိပ်ကြည်းပြီး ရက်ရက်စက်စက်သုတ်သင်ဖို့ အလံတောင်ကို ဝိုင်းခဲ့ကြတာ။

နာမည်ကျော် သာယာဝတီဂျွန်သူပုန်တို့ရဲ့ ပင်မဌာနချုပ် အလံတောင်က သာယာဝတီမြို့အရှေ့ဘက် (၁၅) မိုင်ခန့် အကွာမှာရှိတာ။

ပဲခူးရိုးမတောင်တန်းတွေနဲ့ တန်းနေတာ။ သစ်ကြီးဝါးကြီး၊ တောကြီးတန်းနဲ့ ညို့နေတဲ့နေရာ။

ရန်သူလာရင် အပေါ်ကနေ စီးမြင်ရတယ်။

သာယာဝတီဝန်းကျင် ရွာအားလုံးနီးပါးကို အလံတောင်ပေါ်က ဆီးမြင်ရတယ်။

နေခင်းဆိုလို့ကတော့ ကြိုက်တဲ့အရပ်က ရန်သူလာခဲ့၊ အကုန်လှုပ်ရှားမှုကို တန်းမြင်ရတယ်။

၃/၂၀ ဘားမားရိုင်ဖယ်တပ်က ကာနယ်စပန်းကီးခေါင်းဆောင်တဲ့ အစိုးရတပ်က အလံတောင်ကို စီးနင်းတိုက်ခိုက်ပြီး ဆရာစံအမှူးပြုတဲ့ ဂျွန်သူပုန်အားလုံးကို သုတ်သင်ရှင်းလင်းဖို့ စီစဉ်နေတာ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလိပ်စစ်တပ် ကုလားစစ်တာရီ၊ သာယာဝတီက ပုလိပ်အဖွဲ့
သစ်တောဘက်က အရာထမ်း၊ အမှုထမ်းများ စုပေါင်းလိုက်ရင် ကာနယ်စပန်းကီးရဲ့တပ်မှာ အင်အား (၇၀၀) နီးပါးရှိတယ်။ လက်နက်များ ကျည်ဆန်သေတ္တာများ၊ စားရေရိက္ခာများကို နွားလှည်းအစီး (၅၀) ကျော်နဲ့တင်ပြီး သာယာဝတီကနေ ညဘက် လူမသိအောင် ထွက်ခဲ့လိုက်တာ။

နံနက် (၈) နာရီမှာ လှည်းလမ်းကူးရွာကို ရောက်ရော။

ကာနယ်စပန်းကီးက အလံတောင်ဘယ်မှာလည်း မသိဘူး၊ ဒီလိုနဲ့ ထွက်လာရင်း ကြည့်လိုက်တော့ . . .

တောင်ထိပ်တစ်ခုပေါ်မှာ အလံဖြူတစ်ခု တလူလူ လွင့်နေတာကို မှန်ပြောင်းနဲ့ကြည့်လို့ မြင်ရတယ်။

အနီးရှိ စကားပြန်ကို မေးတယ်။

“မောင်မင်း . . .”

“ဘုရား . . . သခင်ကြီး”

“ဟို . . . အလံဖြူလွင့်နေတာ ဆရာစံ သူပုန်ဌာနချုပ်မဟုတ်လား”

“ဖြစ်နိုင်ပါတယ် . . . သခင်ကြီး၊ ကျွန်တော်မျိုး အနီးဝန်းကျင်မှာ စုံစမ်းလိုက်ရမလား . . . သခင်ကြီး”

“နိုး . . . နိုး . . . မလုပ်နဲ့။ သူတို့ ရိပ်မိသွားမယ်။ ဒီဝန်းကျင်က လူမှန်သမျှဟာ သူပုန်ခေါင်းဆောင် ဆရာစံရဲ့ လူတွေ၊ သတင်းပေးတွေ”

သူတို့ အင်္ဂလိပ်လို ပြောဆိုပြီးနောက် အလံမြင်ရတဲ့တောင်ကို မှန်းပြီး အပြင်းနှင်လာကြတယ်။

သုံးဆယ်ချောင်းနဲ့ ရေကြည်ချောင်း ဆုံရာ ရေကြည်ဝစခန်းရောက်ရော တစ်ဖက်ကမ်းကနေ သေနတ်နဲ့ စပစ်ပါရော။

ရေကြည်ဝ တစ်ဖက်ကမ်းကို ကင်းစောင့်ဖို့ လွှတ်လိုက်တဲ့ တပ်သားနှစ်ဦးအနက် တစ်ဦး သူပုန်ကျည်ဆန်မှန်ပြီး ပြန်လာခဲ့ရတယ်။

စိတ်ကူးသစ်စာပေ



“ကာနယ် . . .”

“ပြော . . . လူကလေး”

“သူပုန် . . . သူပုန် . . . တောင်ပေါ်မှာ အများကြီး”

“ကောင်းပြီ . . . အားလုံး အသင့်ပြင်။ ဒါ အလံတောင် ကျိန်းသေဖြစ်မယ်။ တက် . . .”

ကာနယ်စပန်းကီးတို့ အစိုးရတပ်များဟာ ချောင်းကို ရဲဝံ့စွာ ဆင်ကူ ကူးပစ်ရင်း ကူးသွားပြီး တစ်တောင်ပြီးတစ်တောင် ပစ်ခတ်စီးနင်းကြတော့တယ်။

ညှော်ခံတောင်ကို ကျော်ပြီးတော့ အလံတောင်ကို မြင်ရပြီ။

တောင်ခြေစခန်းမှာ ဂဠုန်သူပုန်တို့ရဲ့ တဲများကို တွေ့ရတယ်။ ဗဲရွာ၊ ရေတိုက်၊ အင်းကောက်၊ ဥက္ကံ၊ ဖြူကလေး စသည့် တဲများမှာ ဘေးရွာနာမည်များ ရေးထားကြတယ်။

ရိက္ခာတဲတွေပဲ။

အားလုံးကို ဖျက်ဆီးပြီး တောင်အောက်ကို ကန်ချလွှင့်ပစ်လိုက်တယ်။ စာရွက်စာတမ်းတွေ တွေ့တယ်။

အရေးပေါ် ဖတ်ကြည့်လိုက်တော့ ဦးစိုးသိမ်း (ဂျီ. စီ. ဘီ. အေ) က ထုတ်ပြန်တဲ့ စာရွက်စာတမ်းတွေပဲ။

“ဒိုင်း . . .”

“ဖောင်း . . .”

“အား . . .”

“ရန်သူ . . . ဝိုင်းဟ”

“ဒိုင်း . . . ဒိုင်း . . . ဒိုင်း”

“ဖောင်း . . . ဖောင်း . . . ဖောင်း”

အလံတောင်ပေါ်ကိုအတက်မှာ ဂဠုန်သူပုန်တွေ သစ်ပင်အကွယ်ကနေ ပစ်လိုက်တာ ပုလိပ်သားတွေ ထိမှန်ကုန်ရော။ ဝရုန်းသုန်းကားဖြစ်ပြီး ကျည်ကွယ်မျက်ကွယ်ကို ယူလို့ ပြန်ပစ်ရတယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

“ကျား . . . ကျား . . .”

“ဂျုန်တဲ့ဟေ့”

“ခုတ်လဟာ . . . ကျား”

“ရှမ်း . . .”

“ရှို . . . ကျား . . . ကျား . . . ဂျုန်တဲ့ဟေ့ . . . ဟေ့”

“ဒိုင်း . . .”

“အား . . .”

“ဖောင်း . . .”

“အား . . . အား . . .”

ဖြုန်းဆို သစ်ပင်အုပ်ကြားကနေ မားရှည်ကိုင် ဘောင်းဘီနက်ပြာ၊ ကျောပြောင်နဲ့ ဂျုန်သူတွေ . . .

‘ကျား’ အော်ပြီး မားရှည်တွေနဲ့ တက်ခုတ်ကြတာ။ တော်သေးတာပေါ့ ကိုယ့်ဘက်က ရိုင်ဖယ်တွေ အားကောင်းလို့။

ဂျုန်သူပုန်တွေ ကျည်ထိပြီး ကျကုန်တယ်။

သို့သော် သူတို့ မကြောက်ရွံ့ကြဘူး။

နောက်ပြန်ဆုတ်မပြေးဘူး။

“ကျား . . . မြန်မာကွ”

“ဂျုန်ဟေ့ . . . ကျား . . .”

“ရှမ်း . . .”

“အား . . .”

“ဒိုင်း . . .”

“အင့် . . .”

အသေခံပြီး ဝင်ခုတ်တိုက်တာ။ ရန်သူတွေကျဆုံးလို့ ရှေ့တိုးတက်တုန်းမှာပဲ တောင်ပေါ်ကနေ ကျောက်တုံးကြီးတွေ လှိမ့်ချလိုက်လို့ စစ်သားတွေ ထိခိုက်ဒဏ်ရာ ရကုန်ပြီး အော်ဟစ်နေညည်းညူနေကြရော့။





“ဝုန်း . . .”

“ဝရော . . .”

“ဝုန်း . . . ဝုန်း . . . ဝုန်း . . .”

“အား . . .”

“ရှောင်ကြ . . . ဘေးကိုရှောင်ကြ”

“ကျောက်မောင်းလှိမ့်တဲ့နေရာကို ပစ်”

“ဒိုင်း . . . ဒိုင်း . . .”

“ဒက် . . . ဒက် . . . ဒက် . . . ဒက် . . .”

“ဝရော . . .”

“ဒုန်း . . . ဒုန်း . . . ဒုန်း . . .”

ကျည်ပစ်အား၊ လူအင်အား တရကြမ်းသုံးပြီး တိုက်လိုက်တာ ညနေ (၃)နာရီမှာ အစိုးရစစ်တပ် အလံတောင်ကို သိမ်းပိုက်နိုင်ခဲ့တယ်။ သူပုန်တွေလည်း တောင်လက်မောင်းကနေ ဆင်းပြေးသွားကြပြီ။

ကာနယ်စပန်းကီး တောင်ပေါ်မှာ တဲနန်းတစ်ခုကို တွေ့တယ်။ တဲနန်းထဲမှာ အလွန်ကြီးမားတဲ့ ကြေးမောင်းကြီးတွေကို မြင်ရတယ်။ ကြေးမောင်းကြီးများပေါ်မှာ အင်းကွက်၊ စမတွေ ရေးထားတယ်။

ပြီး . . . ငွေဖလားကြီးတွေ၊

အပ်ချုပ်စက်တွေ၊ ကော်ဇောတွေပါ ရှိနေတယ်။

ဒါ သူတို့ကို အထင်သေးလို့ မရတော့ဘူး။

ဘာကြောင့်လဲဆိုတော့ . . .

တဲနန်းထဲမှာ အင်္ဂလိပ်လက်နှိပ်စက်ကိုပါ မြင်ခဲ့ရလို့ပဲ။ စာရွက်စာတမ်းတွေကလည်း မနည်းဘူးပဲ။

ကြည့်ရတာ ဒါ . . . ဂျုန်သူပုန်ခေါင်းဆောင် ဆရာစံဆိုသူရဲ့ အဆောက်အဦပဲနေမှာပဲ။

ကာနယ်စပန်းကီးက တောင်ပေါ်မှာ သုံးမိနစ်ပဲနေတယ်။ တွေ့သမျှကို ဖျက်ဆီးပြီး ချောက်ထဲကို ပစ်ချခိုင်းလိုက်တယ်။


www.burmeseclassic.com

www.burmeseclassic.com

သည့်နောက် ...

တွေ့ရသည့် ရေနံဆီ၊ ဓာတ်ဆီပုံးများကို တဲများအတွင်း သွန်ချ၊ ပက်ဖြန်းပြီး မီးရှို့ပစ်လိုက်ရော။

"အုန်း ..."

"ဟာ ..."

"ဝုန်း ..."

"ဝေါ ... ဝေါ ..."

"ဖောင်း ... အုန်း ..."

"ပြေး ... ပြေး ..."

"ဝပ် ... ဝပ်နေကြ"

"ဒုန်း ... ဒုန်း ... ဒုန်း ..."

အင်္ဂလိပ်စစ်သားတွေရော၊ ကုလားစစ်ဗိုလ်တွေ၊ မြန်မာပုလိပ်သားများပါ တောင်ပေါ်မှာ ပြားပြားဝပ်မှောက်ပြီး ဘုရားတနေရတယ်။

မီးကြောင့် မြေကြီးထဲမှာ မြှုပ်သိမ်းထားတဲ့ ဒိုင်းနမိုင်းတွေ ထပေါက်ကုန်တာ။

အလံတောင်ဟာ သိမ့်သိမ့်တုန်နေတယ်။

သစ်ပင်၊ သစ်စ၊ ဝါးနဲ့ ပစ္စည်းတွေ လေထဲမှာ လွင့်နေတယ်။ မီးလုံးကြီးတွေ ကောင်းကင်ပေါ်ကို လင်းခနဲ လင်းခနဲ ထိုးတက်မြည်ဟီးနေပုံက လျှင်တော်လဲနေသလိုပဲ။

ဒီဒိုင်းနမိုက်တွေဟာ ဂျူန်သူပုန်တွေ ဝဲဗိုလ်ရုံက တိုက်ယူသွားတဲ့ ပေါက်ကွဲအားကြီး လက်နက်တွေ။

တော်သေးတယ်။ အလံတောင်ကို လက်ရသိမ်းနိုင်လို့။

နို့မို့ ... ဒီလိုလက်နက်တွေနဲ့ အင်္ဂလိပ်အစိုးရ အဆောက်အဦတွေကို ဖောက်ခွဲဖျက်ဆီးလိုက်ရင် အတော့်ကို ကြောက်စရာကောင်းမှာပဲ။

✿ ✿ ✿

# (၅)

ရန်ကုန်ထောင် ကြိုးစင်ပေါ်က သူ့ရဲ့ကောင်းသားအသံ

❑

အလံတောင် အတိုက်ခံရပြီးနောက် ဂျူန်သူပုန်တို့က အင်းရွာနဲ့ လက်ပံတန်းကြီးက မီးရထားတံတားကို ဒိုင်းနမိုင်းနဲ့ ဖောက်ခွဲပစ်လိုက်တယ်။

ဒါကြောင့် ပြည်ရန်ကုန်သွားရထားကို ညဘက် မသွားစေတော့ဘူး။ ဂျူန်သူပုန်ဟာ ပေါ့သေးသေးမဟုတ်မှန်း ပိုနားလည်သွားပြီး စိုးရိမ်နေကြပြီ။

တစ်ခါ သာယာဝတီမြို့ကို ဂျူန်သူပုန်တွေ ဝင်စီးမယ်လို့ ကြားရတယ်။

ဒီသတင်းက ဟိုနားဒီနား လူစုမိရင် တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး ပြောနေလို့ မြို့သူမြို့သားများသာမကဘူး မျက်နှာဖြူအရာရှိများပါ စိုးရိမ်ပူပန်နေတယ်။

သူတို့ သုပဏ္ဏကဂျူနရာဇာဘွဲ့ခံ တောင်သူလယ်သမား သူပုန်ခေါင်းဆောင်ဆရာစံကို ဖမ်းမမိဘူးလေ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆရာစံကို မမိတာသည် အင်္ဂလိပ်အစိုးရနဲ့ အင်္ဂလိပ်လူမျိုး အမှုထမ်း၊ အရာထမ်းများအတွက် စိုးရိမ်ပူပန်ရတဲ့ အဓိကအချက်ပဲ။

အထက်လူကြီးများကလည်း ဆရာစံကို မမိရကောင်းလားလို့ ဖိအားပေးနေပြီ။

ဆရာစံရဲ့ဌာနချုပ် အလံတောင်ကို သူတို့ သိမ်းပိုက်ဖျက်ဆီးခဲ့တယ်။

ကိုယ်မှာ အရုပ်ဆေးထိုးထားသူမှန်သမျှကို ဖမ်းတယ်။ သားမယားတွေကိုလည်း ဖမ်းတယ်။

ဖမ်းမိသူ သူပုန်များကို အကျဉ်းစခန်းမှာ ရက်ရက်စက်စက် နှိပ်စက်မေးမြန်းခဲ့တယ်။ ရွာသူရွာသားများကိုလည်း ညှဉ်းပန်းပြီး မေးတယ်။

"ဆရာစံ . . . ဘယ်မှာလဲ"

"မသိဘူး"

"သူ ဘယ်နေရာမှာ ပုန်းနေလဲ"

"မသိဘူး"

"ဂဠုန်သူပုန်တွေ ဘယ်နေရာမှာရှိနေလဲ"

"မသိဘူး"

"သူတို့မှာ သေနတ်ဘယ်လောက်ရှိသလဲ"

"မသိဘူး"

"ဆရာစံရဲ့ ရည်ရွယ်ချက်က ဘာလဲ"


"မသိဘူး"

"ဆရာစံ ပုန်းနေတဲ့နေရာကိုပြောရင် မင်းကို ရာထူးကောင်းကောင်းပေးမယ်"

"မသိဘူး"

ဂဠုန်သူပုန် အကျဉ်းသားများက လုံးဝဖွင့်မပြောဘူး။ ဘူးကွယ်ကြတယ်။ ရွာသူရွာသားများကလည်း မပြောကြဘူး။





ဒေးဒရဲ တန်းတောရွာတိုက်ပွဲမှ ဒေါင်းဇောင်ဦးအောင်လှ ကျွန်ရှာထိပ်မှ စီမံခန့်ခွဲသည်။



ဒေးဒရဲ တန်းတောရွာတိုက်ပွဲမှ ဂဠုန်တပ်သား (၄၀)က အစိုးရတပ်များကို ခမ်းမြူချွယ်ခဲ့သည့်နေရာ



www.burmeseclassic.com

www.burmeseclassic.com

မပြောရကောင်းလားဆိုပြီး အမျိုးမျိုး ညှင်းဆဲရိုက်နှက်ကြတယ်။ ရေပက်ပြီး ရိုက်တယ်။ ခြေသလုံးကို မျဉ်းလုံးနဲ့ လှိမ့်တယ်။ လူကို ခြေထောက်ကြိုးနဲ့ချည်ပြီး ဇောက်ထိုးဆွဲ၊ ရေနွေးနဲ့ပက်၊ ကျာပွတ်နဲ့ ရိုက်၊ ဒုက္ခိတဘဝရောက်အောင် ညှင်းပန်းနှိပ်စက် စစ်ဆေးမေးမြန်းကြတယ်။

အားလုံး သစ္စာရှိကြတယ်။

ဆရာစံ ဘယ်မှာရှိတယ်ဆိုတာ လုံးဝမပြောဘူး။

တောင်သူလယ်သမား သူပုန်တပ်သားတွေရဲ့ အမည်ကို လုံးဝဖွင့်မပြောဘူး။ အချို့ နှိပ်စက်ရင်း သေဆုံးသွားကြတယ်။ အချို့ ကျိုးကန်း၊ ဒုက္ခိတဘဝ ရောက်သွားခဲ့ကြတယ်။

ဂဠုန်သူပုန်တွေကို မမိတော့ . . .

ဂဠုန်သူပုန်တွေရဲ့ မိဘ၊ ဇနီးမယား၊ သားသမီးတွေကို ဖမ်းပြီး နှိပ်စက်ကြတော့တာပဲ။

အဓိပ္ပာယ်က ကြွက်မနိုင် ကျီ မီးနဲ့ရှို့တာမျိုး။

ကုလားမနိုင် ရခိုင်မဲတဲ့ သဘောမျိုးပေါ့။

သူတို့က လန့်နေပြီလေ။ အိပ်လို့ မပျော်တော့ဘူး။

ဂဠုန်သူပုန်ကလည်း အစိုးရအဖွဲ့သားမှန်သမျှကို ရန်သူလို့သတ်မှတ်ပြီးသားဥစ္စာ။

တွေ့ရာသင်္ချိုင်း ဓားမဆိုင်းပဲ။

ဒါကိုသိလို့ သေနတ်တွေကိုင်ပြီး ကိုယ့်အိမ်ကိုယ်ကင်းပြန်စောင့်နေရတယ်။

သင်းတို့က တွေ့ရာလူဖမ်းပြီး နှိပ်စက်တာ။

ယောက်ျား၊ မိန်းမ၊ ကလေးလူကြီး၊ ကိုရင်၊ ရဟန်း နားမလည်ဘူး။ သူပုန် ဘယ်မှာရှိလဲမေးပြီး လူကို နေပူလှန်းတာ။ လက်နောက်ပြန်ကြိုးနဲ့ချည်။

ပြီး . . . နေပူကျဲကျဲထဲမှာ ခေါင်းမော့ပြီး နေကိုကြည့်ခိုင်းတာ။ ကြည့်ရင်း မျက်ရည်ပူတွေ ကျလာရော။





အဲဒါ ခေါင်းငုံ့ရင်၊ မျက်စိမှိတ်ရင် ရိုက်ရော။ ပုံကျသွားအောင် နံပါတ်တုတ်နဲ့ရိုက်တာ၊ ဆောင့်ထိုးတာ။

ဒီသတင်း ဂဠုန်တွေကြားတော့ ဒေါသလည်းထွက်၊ စိတ်လည်း ထိခိုက်ကြတယ်။

တကယ့်အဖြစ်အပျက်ကို ပြောရဦးမယ်။

ထန်းတောရွာတိုက်ပွဲဗျ။

ထန်းတောရွာဆိုတာ ဒေးဒရဲမြို့နယ်အပိုင်၊ မရမ်းတိုက်နယ်က ရွာပဲ။

အဲဒီမှာ ဂဠုန်သူပုန်ခေါင်းဆောင်က ဦးအောင်လှတဲ့။

ဦးအောင်လှကို ၁၂၃၀ ခုနှစ် ရွှေဘို၊ ဒီပဲယင်းမှာမွေးတာ။ (၁၇) နှစ်သားမှာ သီပေါဘုရင်ရဲ့ မြန်မာစစ်တပ်ထဲမှာ မြင်းတော်စီးရာထူးနဲ့ အမှုထမ်းခဲ့တယ်။

'ဗိုလ်သူရ'ဆိုတဲ့ဘွဲ့ကို သီပေါမင်းက ချီးမြှင့်ခဲ့တယ်။

မြန်မာဘုရင် သီပေါမင်းကို အင်္ဂလိပ်တို့က ရတနာဂီရိဖမ်းသွားတော့ မြင်းစီးပြီးရုပ်ဖျက်လို့ အောက်မြန်မာပြည်ကို တိမ်းရှောင်ခဲ့တယ်။

ကျောက်တန်းမြို့ကနေ ဖျာပုံ၊ ဒေးဒရဲရောက်ပြီး ဒေါ်ညိမ်းနဲ့ အိမ်ထောင်ကျခဲ့တယ်။

ဒေါ်ညိမ်းရဲ့ဖခင် ဦးထွန်းကလည်း သီပေါရဲ့တပ်ကပဲ။

ဦးထွန်းရဲ့ဇနီးက ဒေါ်မင်းယာတဲ့။

ဒေါ်ညိမ်းရဲ့ အမေပေါ့။

အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲမှာ ဦးထွန်းကျဆုံးသွားတော့ ဒေါ်မင်းယာ သမီးငါးယောက်ခေါ်ပြီး အောက်မြန်မာပြည်ကို လှေနဲ့ ပြေးခဲ့တာ။

အဲဒါ မရမ်းတိုက်နယ်၊ ထန်းတောရွာမှာ ခိုလှုံရင်း မြန်မာဘုရင်က ဦးထွန်းကို ချီးမြှင့်ပေးခဲ့ဖူးတဲ့ ရွှေသားအတိ ခြောက်ကျပ်သားရှိတဲ့ ရွှေ


www.burmeseclassic.com

www.burmeseclassic.com


မားကွပ်ကို သိုဝှက်ပြီး ဆင်းရဲစွာ လျှို့ဝှက်လုပ်ကိုင် စားသောက်နေထိုင်ခဲ့တာ။

ဒီတော့ ဦးအောင်လှကလည်း သီပေါမင်းရဲ့အမှုထမ်း။

သူ့ယောက္ခမကြီး ဦးထွန်းကလည်း တတိယစစ်ပွဲမှာ အင်္ဂလိပ်ကိုတိုက်ရင်း ကျဆုံးသွားတဲ့ သူရဲကောင်း။

အခု သူ့သမီးမညိမ်းနဲ့ အကြောင်းပါပြီး သားသမီးကိုးယောက်ထွန်းကားခဲ့ကြတယ်။

(၁) ကိုဘိုးကောင်း၊ (၂) ကိုဘိုးဒေါင်း၊ (၃) ကိုဘိုးနှောင်း၊ (၄) မမယ်ဟန်၊ (၅) ကိုကျော်ရှိန်၊ (၆) မသန်း၊ (၇) ကိုဘစိန်၊ (၈) ကိုရှိန်၊ (၉) မသိန်းညွန့်ဆိုပြီး ကိုးယောက်။

ဦးအောင်လှဟာ အင်္ဂလိပ်အစိုးရရဲ့ လူ့ခွန်တော်နဲ့ သဿမေဓအခွန်ကြောင့် အခွန်မပေးနိုင်တဲ့ တောင်သူလယ်သမားများကို . . .

ဖမ်းဆီးနှိပ်စက်တာရယ်၊

ချစ်တီးကုလား ကြွေးရှင်ရယ်၊

လယ်ရှင်က သီးစားခများကို အတင်းအဓမ္မ သိမ်းယူသွားလို့ စားရမဲ့ သောက်ရမဲ့ဖြစ်နေတဲ့ လယ်သမားများဘဝကို ကြည့်ပြီး အံကြိတ်မကျေနပ် ဖြစ်နေတဲ့လူ။

နောက်ဆုံး ဆရာစံနဲ့ ၁၉၃၀ ခုနှစ်၊ နိုဝင်ဘာလမှာ တွေ့ပြီး အင်္ဂလိပ်အစိုးရကို ပုန်ကန်တော်လှန်ဖို့ အိမ်ပေါ်မှာပဲ လျှို့ဝှက်ဆွေးနွေးကြတယ်။

သည့်နောက် အလဲတောင်ကို ဦးအောင်လှရဲ့သားများ လိုက်သွားတယ်။ ဂဠုန်တော်လှန်ရေးသမားတို့ရဲ့ စည်းကမ်းဥပဒေများကို သင်ယူလေ့လာပြီး ဒေးဒရဲကို ပြန်လာခဲ့တယ်။

ဒေးဒရဲမှာ ဂဠုန်အသင်းဖွဲ့လိုက်တာ တပ်သားချည်း (၁၀၀၀) ကျော် စုမိခဲ့တယ်။



တပ်သားများရဲ့ လက်ယာဘက် လက်မောင်းပေါ်မှာ 'က' ဂဠုန်အမှတ်အသား ဆေးထိုးပေးခဲ့တယ်။

ရွာတိုင်းက ပန်းပဲဖိုမှာ ဓား၊ လှံ အမြောက်အမြားကို ထုလုပ်ပြီး တပ်သားများကို တိုက်ခိုက်ဖို့ စစ်ချီစစ်တက်၊ စစ်ရေးစစ်ရာများကို လျှို့ဝှက်သင်ပေးခဲ့တယ်။

ဒီလိုနဲ့ ဓား၊ လှံ၊ နှစ်လုံးပြူးသေနတ်၊ ဒူးလေးများကိုလည်း အလိုရှိသလောက် ရလာခဲ့ပြီ။

တပ်သား (၁၀၀၀)ကျော်ကို စနစ်တကျအုပ်ချုပ်နိုင်ခဲ့ပြီ။ ဦးအောင်လှရဲ့ သားများဖြစ်ကြတဲ့ ဗိုလ်ဘစိန်၊ ဗိုလ်ဘိုးဒေါင်း၊ ကိုရှိန်တို့အပြင် ဦးကျော်ရှင်၊ ဗိုလ်ဗိုက်ကြီးနဲ့ ရှမ်းဆရာတို့က ခေါင်းဆောင်ပေးတယ်။

ပြီး . . . လက်နက်ရိက္ခာများကိုလည်း အစုံ သိုလှောင်ထားခဲ့ကြတယ်။

အဲဒီသတင်းကို ဖျာပုံခရိုင်အရေးပိုင် မစ္စတာဘရက်တိုးနှင့် ရာဇဝတ်ဝန်ကြီး မစ္စတာအေဘရှူးတို့အဖွဲ့က ကြားသိပြီး ထန်းတောရွာကို စစ်သားတွေနဲ့ ရောက်လာကြပါရော။

သူပုန်တွေကလည်း အစိုးရသဘော်ာ လာနေတာကိုသိရော။

"အဖေ . . ."

"ဘာတုံး . . . သားကြီး"

"ရာဇဝတ်ဝန် အေဘရှူးနဲ့အဖွဲ့ ကျုပ်တို့ဆီကို လာနေပြီ"

"သေချာလား . . . မောင်ဘစိန်"

"သေချာတယ် . . . အဖေ၊ ကျုပ်တို့လူတွေ ဖျာပုံကနေသတင်းပေးလိုက်တာ။ ဘယ်လိုလုပ်မတုံး"

"သင်းတို့ကို တိုက်မယ်လို့ ဆုံးဖြတ်ချက်ချပြီးသားဥစ္စာ။ ဒီအေဘရှူးဆိုတဲ့ အင်္ဂလိပ်သူခိုးက ပြီးခဲ့တဲ့လကပဲ ဆုကလပ်ရွာကိုလာပြီး အခွန်ပေးနိုင်တဲ့လူတွေကို နေပူ၊ ရိုက်နှက် နှိပ်စက်သွားခဲ့တာကွ။ သူတို့ရောက်လာတာဟာ ငါတို့ သွေးကြွေးကလဲ့စား ချေဖို့ပဲ။ သွား . . . ဘိုး



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းတို့၊ ငရိုန်တို့၊ ငပိုက်ကြီးတို့၊ ရှမ်းဆရာတို့ကို သွားသတင်းပို့၊ တိုင်

နှိုးအသင့်ပြင်ကြ။

အရှေ့ပိုင် မစ္စတာဘရက်တို့က သဘော်ပေါ်ကနေ ဆင်းပြီး ရွာ ထဲကို လက်နက်ကိုင်များနဲ့ လျှောက်လာကြတယ်။

ဒီမှာပဲ ရှပ်အင်္ကျီအဖြူတွေ ဝတ်ဆင်ထားတဲ့ ဂဠုန်သူပုန်တွေ သုံးစုခွဲပြီး ဂဠုန်အလံကို ကိုင်မြှောက်လို့ ဓားလှံကိုင်ပြီး ပြေးဝင်လာကြ တာ။

''ပိုင်းကြဟေ့''

''ပစ် . . . ပစ် . . .''

''တက် . . .''

''ခုတ်ပါလားဟ . . . ထန်းတောရွာသားတဲ့ဟေ့''

''ဒိုင်း . . . ဖောင်း . . .''

''ကျား . . . ကျား . . .''

''ဒိုင်း . . .''

''ဝုန်း''

''အား . . .''

ဓားနဲ့ဝင်ခုတ်၊ လှံနဲ့ဝင်ထိုးလာသူမှန်သမျှကို ပုလိပ်အဖွဲ့က ဆီး ကြို သေနတ်မျိုးစုံနဲ့ ပြန်ပစ်၊ လဲကျ၊ ပြန်ထ၊ တက်ခုတ်၊ ကျည်ဆန် မှန်။

ဒီတိုက်ပွဲမှာ သူပုန် ဦးအောင်လှတို့ဘက်က လူ (၇၀) ကျော် ကျဆုံးပြီး (၁၀၀) ကျော် ဒဏ်ရာရခဲ့တယ်။

ဒီပွဲဦးထွက်တိုက်ပွဲမှာ ဦးအောင်လှရဲ့သားကြီး ကိုဘိုးခေါင်း ရန် သူ့ကျည်သင့်ပြီး ကျဆုံးခဲ့ရတယ်။

လယ်ကွင်းတစ်ခုလုံး သွေးခြင်းခြင်း ရဲနေတယ်။ သေနတ်သံ၊ ပေါက်ကွဲသံများက မိုးကြိုးအစင်းများစွာ ပစ်နေသလိုပဲ။ လယ်ကွင်းထဲ





သွေးစွန်းဓားလှံတွေနဲ့အတူ လယ်သမားတော်လှန်ရေး သူပုန်တို့ရဲ့ အလောင်းတွေ ဥဒဟို ပြန့်ကျဲနေတာကို မြင်ရတော့ . . .

လူတိုင်း တောက်ခတ်ကြ၊

မျက်ရည်စီးကျကြ၊

ဒေါသတွေပေါက်ကွဲကြ၊

အမုန်းတွေ ရင့်မာကြ။

နောက်နေ့လည်းရောက်ရော တိုက်ပွဲဝင် သူပုန်အင်အားများတဲ့ ထန်းတောရွာကို အစိုးရစစ်တပ်က လက်နက်မျိုးစုံနဲ့ ဝိုင်းထားကြတယ်။

ရွာထဲရှိ အိမ်မှန်သမျှက ကြက်၊ ဝက်၊ နွား၊ ကျွဲ ရှိသမျှ တွေ့ သမျှ ပစ္စည်းအားလုံးကို အဓမ္မ လုယက်ကြတယ်။

ရွာသူရွာသား၊ ကလေးလူကြီး မိန်းမ၊ ရဟန်းပါမကျန် အကုန် ဖမ်းပြီး ရိုက်နှက်နှိပ်စက်ကြတယ်။ နေလှန်းတယ်။

''အောင်လှ . . . ဘယ်မှာလဲ''

''မသိပါဘူးရှင်''

''ဖြန်း . . .''

''အား . . .''

''သူ့သား ဘစိန် ဘယ်မှာလဲ''

''မသိပါဘူး''

''ဖောင်း . . .''

''အင့် . . . အား . . .''

''ရှမ်းဆရာ ဘယ်မှာပုန်းနေလဲ''

''မ . . . မသိ . . .''

''ဖြန်း . . .''

''အား . . .''

ဂဠုန်သူပုန်နာမည်များကို ရဲပုလိပ်သားအရာရှိများက မေးမြန်း ပြီး မပြောကြတော့ ရိုက်နှက်ကြတယ်။


www.burmeseclassic.com

www.burmeseclassic.com

"ခေါင်းဆောင်သူပုန်အောင်လှ ဘယ်မှာရှိတာကို မပြော[ရ]
တစ်ရွာလုံး မီးနဲ့ရှို့မှာ။ ပြော ..."

"မသိပါဘူးခင်ဗျာ"

"အောင်လှဇနီး ဘယ်မှာလဲဟေ့"

"ဒီမှာဟေ့ ..."

"အမ်မာ ... အသံမာလှချည်လား၊ သူပုန့်မယားက။ လာစမ်း ထွက်စမ်း"

ဂျူန်သူပုန်ခေါင်းဆောင် ဦးအောင်လှရဲ့ဇနီး ဒေါ်ညိမ်းက မကြောက်မရွံ့ ထွက်လိုက်တယ်။ တန်းစီရပ်နေရတဲ့ ရွာသူရွာသားများက တော့ စိုးရိမ်ကြောက်ရွံ့ကြလို့။

"နင့်နာမည် ဘယ်လိုခေါ်တုံး"

"မညိမ်း"

"နင်က သူပုန်အောင်လှမိန်းမလား"

"ဟုတ်တယ်"

"ဟိုမှာ သေနတ်မှန်ပြီးသေတာ နင့်သားကြီးဆို"

"ဟုတ်တယ်"

"နင် ဝမ်းမနည်းဘူးလား ... မိညိမ်း"

"လုံးဝ ဝမ်းမနည်းဘူး။ ငါ ဂုဏ်ယူတယ်"

"ဘာ ... နင်က သေသူသားအတွက် ဂုဏ်ယူတယ်။ ဟုတ် လား ..."

"ဟုတ်တယ် ...။ ငါ့သားတွေနဲ့ ငါ့လင်က ငါတို့မြေကို လက် နက်ဆန်းတွေနဲ့ မတရားသိမ်းပိုက်ပြီး ငါတို့လယ်သမားတွေကို မြေမဲ့ ယာမဲ့၊ စားရမဲ့၊ သောက်ရမဲ့ဘဝရောက်အောင် လုပ်တဲ့ နင်တို့ပထွေး အင်္ဂလိပ်နဲ့ အလိုတော်ရိအင်္ဂလိပ်ကျွန် နင်တို့ကို တော်လှန်တိုက်ခိုက်နေ တာ။ ငါ့သား၊ ငါ့လင်နဲ့ ဟောဒီ လယ်သမားသူပုန်တွေက သူရဲကောင်း





[ချုံ]ချစ်တွေ။ ငါ့သားသေသေ၊ ငါ့လင်သေသေ ငါဘယ်တော့မှ မျက်ရည် [တစ်]ပေါက် မကျဘူး။ မှတ်ထား ..."

"တွီ ..."

ရာဇဝတ်အုပ်ကလေးဟာ ကြားရသည့် စကားလုံးများကြောင့် [ဒေါ]သတွေပေါက်ကွဲပြီး ခါးကြားကသေနတ်နဲ့ ဒေါ်ညိမ်းကို ပစ်မလို့ ထုတ် [ချိန်]ရော ...

မစ္စတာအောဘရှူးက 'ရပ်' လို့ အမိန့်ပေးပြီး သူ ဘာပြောသလဲ [လို့] အင်္ဂလိပ်လိုမေးတယ်။

ဒီမှာ စကားပြန်က အင်္ဂလိပ်လို ပြန်ပြောပြလိုက်ရော၊ အင်္ဂလိပ် [ရာဇ]ဝတ်ဝန်ကြီး မျက်နှာကြီးနီရဲပြီး အသားတွေ တုန်နေတယ်။

သည့်နောက် သူ့အမိန့်နဲ့ ဦးအောင်လှရဲ့မယား ဒေါ်ညိမ်းနဲ့ [သား]သမီးများကိုရော၊ အင်္ဂလိပ်စစ်တပ်ကို ပြန်တိုက်တဲ့ ဂျူန်သူပုန်တို့ရဲ့ [သား]မယားများကိုပါ ဖမ်းဆီးသွားကြတယ်။

ထန်းတောရွာကို ကျီးကန်းတောင် လာမနားကြတော့ဘူး။

ရွာထဲမှာ အိမ်မရှိတော့ဘူးလေ။

အင်္ဂလိပ်စစ်တပ်နဲ့ မြန်မာပုလိပ်တွေ မီးရှို့လိုက်လို့ ပြာပုံဖြစ်နေ [ပြီ]။

ခွေးလည်း မရှိတော့ဘူး။

စားစရာ အိုးခွက်ပန်းကန်လည်း မရှိတော့ဘူး။

အိုးခွက်ပန်းကန်တွေလည်း ပြာပုံထဲမှာ မီးကျွမ်းကုန်ပြီ။

ကိုးကွယ်အားထားရာ ဘုန်းကြီးကျောင်းလည်း မရှိတော့ဘူး။

မျက်ရည်နဲ့ ရှိုက်သံကို အဖော်ပြုပြီး ပြာပုံတွေကြည့်လို့ ငိုနေရ [တ]ာ လယ်သမားမိသားစု။

နောက် မကြာဘူး။

ဂျူန်သူပုန်ခေါင်းဆောင် ဦးအောင်လှကို ဖမ်းဆီးပေးလျှင် ဆု [တ]ော်ငွေ (၅၀၀) ကျပ်ပေးမည်လို့ ကြော်ငြာတော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလိပ်ခေတ် ငွေ(၅၀၀)ကျပ်ဆိုတာ ချက်ချင်း သူဌေးလေး ဖြစ်သွားနိုင်တဲ့ငွေ။

သို့သော် ဘယ်သူကမှ ဆုငွေ (၅၀၀) မက်ပြီး ဦးအောင်လှကို ဖမ်းမပေးဘူး။

ဦးအောင်လှခေါင်းဆောင်တဲ့ ဂဠုန်သူပုန်တွေလည်း အခြေမလှလို့ ရွှေဘိုဘက်ကို ရှောင်နေရတယ်။ ဒီအချိန်မှာ သူ့ဇနီးမညိမ်းနဲ့ သမီးတွေကိုရော၊ အခြားဂဠုန်သူပုန်များရဲ့ မိသားစုကိုပါ ဂါတ်မှာဖမ်းထားတယ်လို့ ကြားရတော့ . . .

ငါ့ကြောင့် သူတို့ ဒုက္ခရောက်နေကြရပါလားလို့ အသိဝင် သနားပြီး ရွှေဘိုဂါတ်မှာပဲ သွားရောက် အဖမ်းခံလိုက်တော့တယ်။ သူ့သား မောင်ဘစိန်လည်း အဖမ်းခံရတယ်။

နောင်တော့ ဂဠုန်သူပုန်ဦးအောင်လှနဲ့ သူ့သား ကိုဘစိန်ကို အင်္ဂလိပ်အစိုးရက ကြိုးပေးကွပ်မျက်လိုက်တယ်။

၁၉၃၁ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်နေ့မှာ ဖျာပုံခရိုင်၊ အရေးပိုင် မစ္စတာဘာရက်တိုနဲ့ ရာဇဝတ်ဝန်ကြီး မစ္စတာအောဘရှူးတို့ပါဝင်တဲ့ အစိုးရတပ်ဖွဲ့ကို ဦးအောင်လှခေါင်းဆောင်တဲ့ ဂဠုန်သူပုန် (၆၀၀)ကျော်က ထန်းတောရွာအနီးမှာ ဝိုင်းဝန်းတိုက်ခိုက်လို့ အဲဒီသူပုန်အမှုကို ၁၉၃၁ ခုနှစ် အထူးခုံရုံး အမှုတွဲအမှတ် (၁) အဖြစ် စစ်ဆေးခဲ့တယ်။

အဲဒီအမှုမှာ ဦးအောင်လှအပါအဝင် တရားခံပေါင်း (၁၀၃) ဦး ပါဝင်တယ်။

တရားခံများဘက်က ဝတ်လုံတော်ရလေးဖြစ်နေတဲ့ ဒေါက်တာဘမော်က လိုက်ပါဆောင်ရွက်ပေးခဲ့တယ်လို့ သိရတယ်။

ဒီတုန်းက ဒေါက်တာဘမော်က . . .

ဖျာပုံခရိုင်မှာ ဖြစ်ပျက်ခဲ့ရသည့်ကိစ္စသည် အကယ်အမှန် သူပုန်ထခြင်း မဟုတ်ပါ။ လူ့ခွန်တော်ကောက်ခံခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်သောသဘောနှင့် စုရုံးရောက်ရှိ ဆူပူလှုပ်ရှားခြင်း ဖြစ်ပါတယ်လို့ ခုခံ





တာကွယ်ခဲ့တယ်။ အပြစ်ရှာနေတဲ့ မြေခွေးကို ဘယ်လိုလုပ် ရှင်းပြအသနားခံလို့ ရမှာလဲလေ။

နောက်ဆုံး အထူးတရားရုံးက တရားခံ (၉၅) ဦးအနက်က (၁၅) ဦးကို သေဒဏ်ပေးပြီး (၅၆) ဦးကို တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ပေးလို့ (၂၄) ဦးကို တရားသေလွှတ်ပေးခဲ့တယ်။

အဲဒီဆုံးဖြတ်ချက်မှာ တရားဝန်ကြီးချုပ်က ဂဠုန်သူပုန်အားလုံးကို သေဒဏ်ပေးရမယ်လို့ ပြောတယ်။ ဒီသတင်းကြောင့် ဘုရင်ခံပါ ထိတ်လန့်သွားခဲ့တယ်။ အားလုံးကို သေဒဏ်ပေးလိုက်ရင် နာကြည်းစိတ်နဲ့ ရှိပြန့်သွားနိုင်တာကိုး။ အဲဒါ မေတ္တာရပ်ခံရတယ်။ အကုန် သေဒဏ်မပေးပါနဲ့လို့။ သို့သော် အချည်းနှီးလိုပါပဲ။

အထူးသဖြင့် အထူးတရားခုံရုံးက ပထမ တစ်သက်တစ်ကျွန်းထောင်ဒဏ်အပြစ်ပေးခဲ့သည့် ဦးအောင်လှ၊ ဦးဘိုးချစ်၊ ဦးဘိုးမင်းတို့ကို အယူခံပယ်ပြီး သေဒဏ်အပြစ်ပေးလိုက်တယ်။

ဦးအောင်လှအပါအဝင် သေဒဏ်ပေးထားသူများကို ရန်ကုန်ထောင်မှာပဲ လည်ပင်းကြိုးတပ်လို့ အသေသတ်လိုက်ကြတယ်။

အံ့သြဖို့ကောင်းတာ ရှိခဲ့တယ်။

ဗိုလ်ဘစိန်ကို ကြိုးပေးဖို့ ကြိုးစင်မတက်မီမှာ ဗိုလ်ဘစိန်ဟာ ဖခင်ဦးအောင်လှကို ရှိခိုး ကန်တော့တယ်တဲ့။

ပြီး . . . ဘုရားကို အာရုံပြုပြီးနောက် အများရှေ့မှာပဲ . . .

"ကျွန်ုပ်သည် ဘဝဆက်တိုင်း ဖြစ်လေရာဘဝတိုင်းမှာ အင်္ဂလိပ်နယ်ချဲ့အစိုးရအား တိုက်ခိုက်၍ နိုင်ရပါစေသတည်း"

လို့ ဆုတောင်းသတဲ့။

ဖခင်ဦးအောင်လှကလည်း 'တောင်းသည့်ဆုအတိုင်း ပြည့်ပါစေ'လို့ ဆုပြန်ပေးခဲ့တယ်။

ကြိုးပေးဖို့ ကြိုးစင်ရှိရာကိုတက်တော့ ထုံးစံအတိုင်း နံ့ေဖးကနယ်ယောက်က ဗိုလ်ဘစိန်ရဲ့လက်ကို ကိုင်တွဲပြီး တက်စေတယ်။


www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ဘစိန်က ရန်းကန် တွန်းပစ်ပြီး . . .

"မင်းတို့ ဘေးဖယ်။ ငါ သေရဲ သတ်ရဲတယ်။ အင်္ဂလိပ်နယ်ချဲ့ကိုတိုက်လို့ တစ်ကြိမ်မကဘူး ဆယ်ကြိမ်ပေးလည်း ငါမကြောက်ဘူး။ ဘေးဖယ်။ ကြိုးစင်ပေါ် ငါ့ဘာသာ တက်မယ်"

ထောင်ပိုင်၊ ထောင်မှူး၊ ဝါဒါများ၊ တရားသူကြီးများနဲ့ မြန်မာလူမျိုး အမှုထမ်းတို့ဟာ ဗိုလ်ဘစိန်ရဲ့ မာနနဲ့ ရဲဂုဏ်သတ္တိကိုကြည့်ပြီး အံ့သြနေကြတယ်။

မကြာပါဘူး၊

လည်ပင်းကို ကြိုးကွင်းစွပ်ပြီး တာဝန်ရှိသူက လက်ကိုင်ပဝါမြှောက်အချက်ပြလိုက်ရော . . .

"ဂျိုင်း . . ."

"ဝုန်း . . ."

"ဝေါ . . ."

ဒေါက်ဖြုတ်သံနှင့်အတူ နယ်ချဲ့တော်လှန်ရေးသမား၊ လယ်သမားသူပုန် ဗိုလ်တစ်ဦးရဲ့အသက် ကြွေကျသွားခဲ့တယ်။

ကြိုးစင်ဝန်းကျင်အပြင်မှာ ဝေါခနဲ ကျီးကန်းတွေ အုပ်လိုက်ထပျံပြီး တအာအာ အော်သံဟာ ရန်ကုန်ထောင်ကြီးပေါ်မှာ ဆူညံနေတာ အသံမစဲနိုင်ဘူး။

ဘာကြာလဲလေ။ ဂျွန်သူပုန်ခေါင်းဆောင် ထန်းတောရွာအာဇာနည် ဦးအောင်လှနှင့်အတူ ဦးဘိုးချစ်၊ ဦးဘိုးမင်းအပါအဝင် (၁၅) ဦးကို သေဒဏ်ကြိုးမိန့်နဲ့ အဆုံးစီရင်လိုက်တယ်။

✿ ✿ ✿

## [၆]

ဝက်ထီးကာန်တိုက်ပွဲ

❑

အလံတောင်ကျဆုံးပြီးနောက် ဆရာစံလည်း မြစ်ဝကျွန်းပေါ်ကနေ တရွှေ့ရွှေ့ ရှောင်ရှောင်နေရတယ်။

သူ့နောက်ကို စုံထောက်တွေက လိုက်နေတယ်လေ။

အလံတောင်ကျပေမယ့် အင်းစိန်၊ ပဲခူး၊ ဒေးဒရဲ၊ ဖျာပုံ၊ ပုသိမ်၊ ဟင်္သာတ၊ တောင်ငူ၊ သရက်၊ ရှမ်းပြည်နယ်များမှာပါ နင်းပြားအညာတရ တောင်သူလယ်သမားတွေ ဓား၊ လှံ စွဲပြီး နယ်ချဲ့အင်္ဂလိပ်ကို တိုက်ခဲ့တယ်။

ပထမရည်ရွယ်ချက်က . . .

ဆင်းရဲလွန်းလို့၊ ဖိနှိပ်ရက်စက်လွန်းလို့ အခွန်တော်ကိစ္စအတွက် တိုက်တာ။

အခု သွေးမြေကျတာများတော့ . . .

ကြိုးပေးသတ်တာ များတော့ . . .

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

တစ်သက်တစ်ကျွန်း အပြစ်ပေးတာများတော့ မခံနိုင်တော့ဘူး။ မြန်မာမြေပေါ်ကနေ အင်္ဂလိပ်ကို တိုက်ထုတ်၊ မောင်းထုတ်ရမယ်။ ဆုံးရှုံးသွားတဲ့လွတ်လပ်ရေးကို ပြန်ရအောင်တိုက်ရမယ်ဆိုတဲ့ အဆင့်မြင့်ရည်မှန်းချက်ကို ရောက်သွားတယ်။

ဟုတ်တယ်လေ ...

ကျွန်ဖြစ်ရလေ

တို့တတွေသည်

သေသော်မှတည့် ဩော် ... ကောင်း၏တဲ့။

ဆီးဘာနီဆရာတော်ရေးခဲ့တာ။

ဝေါ်ရင်းမသေ ...

တိုက်ရင်းသေမယ်ဟေ့။

အနယ်နယ်အရပ်ရပ်မှာ ဆရာစံရဲ့ ကြိုတင်စည်းရုံးမှုနဲ့ တော်လှန်ရေး စနေပြီ။

သူတို့က လယ်သမားသူပုန်ကို အထင်သေးသကိုး။

၁၉၃၀ ခုနှစ်၊ ဒီဇင်ဘာ (၂၂) ရက်နေ့ ညနေကလေ။

ဟသ်ာတကို ရောက်နေတဲ့ ဘုရင်ခံ ဆာချေအေမောင်ကြီးကို ဟသ်ာတမြို့က ရထားကန်ထရိုက်တာကြီး မစ္စတာဝီလီမာမက်က အကျအန ညှော်ခံနေတာ။

အဲဒီမှာ သာယာဝတီသူပုန် ထကုန်ပြီလို့ ကြားရော ဘုရင်ခံ တုန်လှုပ်သွားတာပဲ။

သည်သတင်းက ညှော်ခံပွဲရောက်နေတဲ့ မျက်နှာဖြူအရာရှိတွေပါ ကြားပြီး ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ပြီ။

ဒီမှာပဲ ဘုရင်ခံ ခရီးစဉ်အားလုံးကို ဖျက်ပြီး ရန်ကုန်ကို ချက်ချင်းပြန်ရရော။

ဟသ်ာတမှာလည်း သတ္တိက မသေးဘူး။

စိတ်ကူးသစ်စာပေ



ဝက်ထီးကန်၊ ကန်တော်ဦးစေတီ



စာရေးဆရာများနှင့်အတူ ဝက်ထီးကန်သမိုင်းကြောင်းပြောပြသည့် ဆရာဦးမိန့်တန်

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂပူမြို့ပိုင်ဆိုတာ အလွန်ကို ရက်စက်တာ။ သူ့ကို အင်္ဂပူမြို့နယ် တစ်နယ်လုံးက ကြောက်ကြတယ်။ ကြမ်းလွန်းလို့လေ။

ကွင်းကောက်၊ ဒိုးတန်းရွာမှာ မာဒင်နဲ့ မာရင်ဆိုတဲ့ ညီအစ်ကို အင်္ဂလိပ်ကို ပြန်တိုက်ဖို့လူစုနေတာ ကြားရော မြို့ပိုင်ဟာ ပုလိပ်အရာရှိ ဦးဘခက်၊ ဦးဘဦးတို့နဲ့ စုံစမ်းဖို့ ရောက်လာတယ်။

မြို့ပိုင်က ဒိုးတန်းမှာရှိတဲ့ မာဒင်နဲ့မာရင်တို့ အိမ်ပေါ်ကို ရောက်နေတာ။

ဒီမှာ ရွာသားတွေက ခြေတံရှည်အိမ်ကို ဝိုင်းပြီး အောက်ကနေ အော်ကြရော။

"မြို့ပိုင်အသား (၅)ကျပ်သားစီ စားမယ်"

"မြို့ပိုင်အသည်းကို အစိမ်းစားမယ်"

လူအုပ်က မနည်းဘူး။ ဝိုင်းထားတာ။

"မြို့ပိုင် ... ဆင်းခဲ့"

"မြို့ပိုင် ... လူယုတ်မာ ဆင်းခဲ့"

မြို့ပိုင်နဲ့ ပုလိပ်အရာရှိများက လုံးဝမဆင်းဘူး။ ဒီမှာပဲ လူအုပ်ကြီးက သူတို့နေတဲ့အိမ်အောက်ကို ကောက်ရိုးတွေပုံပြီး မီးတိုက်သတ်မလို့ လုပ်ရော ...

ပုလိပ်အရာရှိတစ်ဦးက နှစ်လုံးပြူးသေနတ်နဲ့ အပေါ်ကနေ ပစ်လိုက်တော့ ရွာသားလေးမောင်ရဲ့ ရင်ဝကိုမှန်ပြီး နေရာမှာတင် သေသွားတာ မြင်ရော ...

ဝိုင်းထားတဲ့ သူပုန်ရွာသားများ အမြန်ဆုတ်ခွာသွားကြတယ်။

ဒီတော့မှ အိမ်ပေါ်မှဆင်းပြီး အင်္ဂပူအရောက် သေနတ်ဖောက်ခြောက်လှန့် အမြန်ပြေးရတယ်။

နေရာအနှံ့ တိုက်နေကြပါပြီ။

လယ်ကွင်းရှိသမျှ တိုက်ပွဲဖြစ်နေကြပါပြီ။

အင်းစိန်မှာ အောင်ရွှေနဲ့အောင်ဖေ။

---

စိတ်ကူးသစ်စာပေ



သူတို့ညီအစ်ကိုက နာမည်ကြီး တော်လှန်ရေးသမားတွေ။

လယ်တီစာဖြူစုဆိုတာ အဖျောက်၊ သာယာဝတီနဲ့ အင်းစိန်သုံးမြို့ဆိုင်နယ်စပ်၊ ရောဝတီမြစ်ကမ်းပါးပေါ်က အရပ်။

အဲဒီမှာ ရဲကင်းရှိတယ်။ အဲဒီရဲကင်းကို ဂျွန်သူပုန်တွေ ဝင်တိုက်ကြတာ ရာဇဝတ်အုပ် ကျဆုံးသွားတယ်။

အဲဒီရဲကင်းက နှစ်လုံးပြူးသေနတ် (၁၀)လက်၊ ကာဘိုင်သေနတ် (၁) လက်နဲ့ ခြောက်လုံးပြူး (၁) လက် အပါအဝင် ယမ်းတောင့်မျိုးစုံ (၅၀၀) ကျော် သူပုန်တွေရသွားတယ်။ အင်းစိန်က ဗိုလ်အောင်ရွှေနဲ့ ဗိုလ်အောင်ဖေ ညီအစ်ကိုဆိုရင် ဉာဏ်လည်းကောင်းတယ်၊ သတ္တိလည်းကောင်းတယ်။

သူတို့ညီအစ်ကိုဟာ ဖမ်းမိလာတဲ့ သူပုန်ဟန်ဆောင်၊ အချုပ်အနှောင်ခံပြီး ပုလိပ်ရဲစခန်းကို ဝင်စီးတာ။ ကာဘိုင် (၇) လက်နဲ့ ကျည်ဆန် (၇၈၂) တောင့် ရသွားတယ်။

အောင်ရွှေနဲ့ အောင်ဖေဆိုရင် ပုလိပ်အဖွဲ့က အရမ်းကြောက်ရွံ့ကြတယ်။ အသံကြားတာနဲ့ တုန်နေရော။

လှည်းကူး၊ တိုက်ကြီးနဲ့ ရောဝတီမြစ်ကြောင်း ဝန်းကျင်မှာ အရာစံရဲ့ လက်ရုံးများဖြစ်ကြတဲ့ ဗိုလ်မြတ်အောင်နဲ့ ဗိုလ်စံထူးတို့၊ ဗိုလ်အောင်ရွှေ၊ ဗိုလ်အောင်ဖေတို့၊ ဗိုလ်ထွန်းမောင်တို့ဟာ ရဲရဲတောက် လယ်သမား သူပုန်တွေပဲ။

နောက်တစ်နေရာက ပြည်ခရိုင်၊ ဝက်ထီးကန်တိုက်ပွဲပဲ။

မေလ(၄)ရက်နေ့ နေ့ခင်း ခရိုင်ရာဇဝတ်ဝန်ကြီး မစ္စတာ ဩစတင်တာ နယ်ပုလိပ်၊ စစ်ပုလိပ်များနဲ့အတူ ဝက်ထီးကန်အနီးက မြို့မရွာကို ရောက်လာကြတယ်။

ထူးဆန်းတာက ရွာထဲမှာ ယောက်ျားတစ်ယောက်မှမရှိဘူး။

ဒါနဲ့ နယ်ပုလိပ်တွေက ရှိသမျှကလေးနဲ့ မိန်းမသားများကို စုပြီး မေးတယ်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"ယောက်ျားတွေ ဘယ်သွားလဲ"

"ခရီးသွားပါတယ်"

"ဟိုမိန်းမ ပြော"

"တောထဲ ထင်းခုတ်သွားပါတယ်"

"ဟော့ . . . ပြောစမ်း"

"လူမမာသတင်းမေး သွားပါတယ်"

"ဟုတ်ရင် ဟုတ်၊ မဟုတ်ရင် နင်တို့ သေဖို့သာပြင်ထား ကြားလား . . ."

"အခု ခရိုင်ရာဇဝတ်ဝန်မင်းက ကျေးရွာ ငြိမ်ဝပ်ပိပြားရေး တရားဟောမယ်။ နားထောင်ကြ"

ခရိုင်ရာဇဝတ်ဝန်ကြီး မစ္စတာ ဩစတင်ဟာ အင်္ဂလိပ်လိုဟော လို့ စကားပြန်က မြန်မာလို ပြန်ပြောပြတယ်။

"ဒီဝက်ထီးကန်ဒေသတစ်ဝိုက်မှာ ဂျွန်သူပုန်၊ လူဆိုးဓားပြတွေ ရှိတယ်။ အလွန်တော်တဲ့ အင်္ဂလိပ်မင်းအစိုးရကို စိတ်ဆင်းရဲအောင် အလုပ်များအောင် ဒုက္ခပေးနေကြတယ်။ အဲဒီလူဆိုးဓားပြများ ဘယ်နေရာ မှာ ရှိနေတာကို အင်္ဂလိပ်အစိုးရ ပုလိပ်သူကြီးများထံ အကြောင်းကြား သတင်းပေးပို့ရမယ်။ ထိန်ချန်ထားရင် ကြီးလေးစွာ အပြစ်ပေး"

"ဒိုင်း . . ."

"အမယ်လေး . . ."

"ဖြောင်း . . ."

"အား . . ."

"ဒိန်း . . ."

"အိုး . . . မိုင်ဂေါ့"

"ဖိုင်းယား . . . ဖိုင်းယား"

"ဒိုင်း . . . ဒိုင်း . . ."

"ဂျွန်တဲ့ဟော့"





"ကျား . . . ကျား . . . ကျား"

"တိုက်ဟ . . . သတ်ဟ"

တရားဟောနေချိန်မှာပဲ ဂျွန်သူပုန် (၆၀)ခန့် တရားဟောနေ တဲ့ အဖွဲ့ကို အလစ်ဝင်တိုက်တာ။

"ရွာသူတွေ ဝပ်နေ၊ မထနဲ့ဟော့"

"ထပြေးရင် ကျည်မှန်လိမ့်မယ်။ ဝပ်နေကြ"

"ဒိုင်း . . ."

"ဖောင်း . . ."

"ဒိုင်း . . ."

အချိန်နာရီဝက်ခန့် ကြာတယ်။ ရာဇဝတ်အုပ်နဲ့ ရဲပုလိပ်သား အချို့ လွတ်မြောက်ထွက်ပြေးသွားကြတယ်။

အဲဒီတိုက်ပွဲမှာ ရာဇဝတ်ဝန်ကြီး ဩစတင်နဲ့အတူ အင်စပက်တော် ဦးဘအုန်း၊ စာသင်မောင်မောင်အပါအဝင် ငယ်သား (၉) ဦး ကျ ဆုံးသွားကြတယ်။

ဝက်ထီးကန်သူပုန်တွေ ပျော်နေကြတယ်။ ရဲသွေး ကြွနေကြ တယ်။

"ဂျွန်တဲ့ဟော့ . . ."

"နင်လားဟဲ့ . . . နယ်ချဲ့အင်္ဂလိပ်။ သေဟ"

"မြန်မာကွ"

ဝက်ထီးကန်သူပုန်တွေဟာ အင်္ဂလိပ်မျက်နှာဖြူအရာရှိရဲ့ အလောင်းကို ဝိုင်းပတ်ပြီး သေနတ်များထောင်ဖောက်လို့ အားရပါးရ အောင်ပွဲခံကြတယ်။

လွတ်မြောက်သွားသူ ရာဇဝတ်အုပ်နဲ့ ရဲသား (၄) ဦးတို့က ဝက်ထီးကန်မှာရှိတဲ့ စစ်ပုလိပ်အဖွဲ့ကို သွားခေါ်ပြီး ပြန်တိုက်လို့ သူပုန် ...ဦး ကျဆုံးခဲ့ရတယ်။ အစိုးရတပ်သားများဟာ ကျဆုံးခဲ့တဲ့ ဂျွန်သူပုန်



www.burmeseclassic.com

www.burmeseclassic.com
ဦးခေါင်းများကို ဖြတ်ယူပြီး ပြည်မြို့ဂါတ်တဲမှာ လူအများ ကြောက် သွားအောင် ခုံပေါ် တန်းစီတင်ပြခဲ့တယ်။

(အခု ၁၂၉၃ ခုနှစ်၊ ကဆုန်လဆုတ် (၅)ရက်နေ့က ပြည် ခရိုင်၊ မြို့မရွာမှာ ကျဆုံးခဲ့တဲ့ ရာဇဝတ်ဝန်ကြီး ဩစတင်နဲ့ ငယ်သား (၅) ဦးရဲ့ကျောက်တိုင် ရှိနေပါတယ်။)

ပြည်ခရိုင်က နာမည်ကြီးလယ်သမား သူပုန်ခေါင်းဆောင်များ က ဆရာမြ၊ ဗိုလ်ချက်စူ၊ ဗိုလ်လှမောင်၊ ဗိုလ်ဖျော်၊ ဗိုလ်ဖိုးစော (သဲ ကုန်း)၊ ပေါင်းတည်မှာ ဝဲကြီးဗိုလ်လှ၊ အင်းစိန်ကရောက်လာတဲ့ ဗိုလ် ညီမြမြတို့ဟာ နာမည်ကြီး လယ်သမားသူပုန်တွေပဲ။

ပြီး သရက်ခရိုင်က ဆရာညာဏ်။

ဆရာညာဏ်ဟာ ဖန်းသေတော့ ဘုန်းကြီးဝတ်နဲ့ ဟင်္သာတခရိုင် ကို ရောက်လာတယ်။ ဘွဲ့အမည်က ဦးအာသဘတဲ့။ ဆရာညာဏ်က လည်း သာယာဝတီမှာ ဆရာစံနဲ့တွေ့ပြီးနောက်ပိုင်း ဂဠုန်အသင်းများ ကို ဖွဲ့တယ်။

နောက်ပိုင်း လူဝတ်လဲပြီး ဇာတိ ရွှေတောင်ရွာကို ပြန်လာလို့ ရွှေ တော၊ ရွာသစ်၊ ဖွေးမိ၊ ထန်းလေးပင်၊ ညောင်ကုန်း၊ ကျောက်ပြုတ်တို့ မှာ ဂဠုန်တပ်သားများကို စုရုံးဖွဲ့စည်းခဲ့တယ်။

ဆရာညာဏ်ကို ကျေးရွာတိုင်းက လေးစားရိုသေကြတယ်။

ဂဠုန်တပ်သားအဖွဲ့ဝင် ဖြစ်သွားပြီဆိုရင် သစ္စာဆိုရတယ်။

ဦးစွာ သောက်ရေအိုးထဲမှာ ငှက်ကြီးတောင် တိုက်ပွဲဝင်ဓားကို စိုက်ပြီး သစ္စာဆိုရတယ်။

"မင်းတို့၊ ငါတို့ဟာ ငါတို့ မြန်မာတစ်မျိုးသားလုံး လယ်သမား တွေကို ရက်ရက်စက်စက် အခွန်အတုတ်နဲ့ နှိပ်စက်ပြီး ကြွေးထူလှဖြစ် ရှုံး၊ ဘဝပျက်အောင်လုပ်ခဲ့တဲ့ အင်္ဂလိပ်အစိုးရနဲ့ သူ့နောက်လိုက်တွေကို လက်စတုံး တိုက်ရမယ်။ ဒီလို တိုက်တဲ့နေရာမှာ သစ္စာရှိဖို့ အရေးကြီး တယ်။ တို့လယ်သမားသူပုန် ဂဠုန်ထဲက တစ်ယောက်ယောက် သစ္စာ




ဖောက်ပြီး ရန်သူ့ထံသွားပြောရင် ငါတို့တော်လှန်ရေး ပျက်စီးပြီး လှုပ် ရှားတဲ့ ကျွန်ဘဝကို ရောက်သွားလိမ့်မယ်။ မင်းတို့ ဂဠုန်အဖွဲ့အပေါ် သစ္စာ ရှိမှာလား"

"ရှိပါတယ်"

"သစ္စာရှိမှာလား"

"ရှိပါတယ်"

"သစ္စာရှိမှာလား"

"ရှိပါတယ်"

"ကောင်းပြီ ...။ အားလုံး တိုင်ပေးသည့်အတိုင်း သစ္စာဆို ကြ"

"ကျွန်ုပ်တို့သည် ..."

"ကျွန်ုပ်တို့သည် ..."

"အင်္ဂလိပ်မျက်နှာဖြူများကို ..."

"အင်္ဂလိပ်မျက်နှာဖြူများကို ..."

"အသေအကြေ တိုက်ခိုက်ချေမှုန်းပါမည်"

"အသေအကြေ တိုက်ခိုက်ချေမှုန်းပါမည်"

"အကယ်၍ ကတိသစ္စာ မတည်ခဲ့ပါက ..."

"အကယ်၍ ကတိသစ္စာ မတည်ခဲ့ပါက ..."

"ကုန်းသွား ကုန်းဘေး၊ ရေသွား ရေဘေး"

"ကုန်းသွား ကုန်းဘေး၊ ရေသွား ရေဘေး"

"ဓား၊ လှံ၊ လက်နက်ဘေး အမျိုးမျိုးဖြင့် သေပါစေသား"

"ဓား၊ လှံ၊ လက်နက်ဘေး အမျိုးမျိုးဖြင့် သေပါစေသား"

"ကိုင်း ... အိုးထဲက ဓားစိုက်သစ္စာရေကို တစ်ခွက်စီသောက် ကြ"

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

# [၇]

## ဂျွန်ဆရာဉာဏ်နှင့် ရွှေကျီးညို [ဦးဖူးညို]

❑

ဆရာဉာဏ်နဲ့အဖွဲ့ဟာ တိုက်ပွဲအတော်များများဟာ အောင်ပွဲခံခဲ့တယ်။ ကာမမြို့နယ်က သူကြီးအစည်းအဝေးကို တိုက်ပြီး နှစ်လုံးပြူးနဲ့ ကျည်ဆန်များ ရယူခဲ့တယ်။

သူကြီးအိမ်တွေကို ဝင်စီးပြီး အခွန်ပြေစာ စာရွက်တွေကို မီးရှို့ပြီး လက်နက်တွေ သိမ်းခဲ့တယ်။

ပုဏ္ဏားကျေးရွာမှာ ပုလိပ်အဖွဲ့နဲ့ တွေ့ပြီး တိုက်ပွဲဖြစ်ကြရာမှာ ရာဇဝတ်ဝန်နဲ့ ပုလိပ် (၃)ဦး သေသွားခဲ့တယ်။

ပြေို (၁၃) ရက်နေ့မှာ ခရိုင်ရာဇဝတ်ဝန်ကြီး မစ္စတာ အေစ်စမစ်၊ ငွေတိုက်ဝန်တော် ဦးလှသန်း၊ လက်ထောက်မြို့ပိုင် ဦးစိန်ခုနဲ့ ဂေါ်ရခါးစစ်ပုလိပ် (၄၄) ဦးပါအဖွဲ့နှင့် ထုံးရွာအနီးမှာ တိုက်ပွဲဖြစ်ကြတယ်။

ဒီမှာ ဂျွန်သူပုန်က အင်အား (၃၀၀) ကျော်။





တိုက်ပွဲက မိနစ် (၂၀) ကျော် ကြာတယ်။

အင်္ဂလိပ်ရာဇဝတ်ဝန်ကြီးပေါင်ကို သေနတ်မှန်သွားတယ်။ သူပုန်ဘက်က သူပုန်ခေါင်းဆောင် ဆရာခင်အပါအဝင် (၅)ဦးကျတယ်။

အင်္ဂလိပ်ရာဇဝတ်ဝန်ကြီး မစ္စတာစမစ်ရဲ့ဒဏ်ရာကို ရန်ကုန်ဆေးရုံကြီးမှာ ကုသရာကနေ အခြေမဟန်လို့ ဘိလပ်ကို အမြန်ပို့လိုက်ရတော့တယ်။

ပြည်ခရိုင်မှာ တိုက်ပွဲတွေ များခဲ့တယ်။ သရက်မြို့၊ မင်းတုန်းသမ်း၊ ကာမ၊ မင်းကုန်း စသည်တို့မှာ တိုက်ပွဲဆက်နေခဲ့တယ်။

နောက်ပိုင်း ထုံး၊ ရေနံသာ၊ မဲဇလီတို့မှာ အစိုးရတပ်နဲ့ သူပုန်တို့ရင်ဆိုင်တိုက်နိုက်ကြရပေမင့် လက်နက်ချင်း၊ အင်အားချင်း မမျှတော့ သူပုန်တွေ အကျအဆုံးများခဲ့တယ်။

ဆရာဉာဏ်နဲ့ ဦးဖူးညို(ရွှေကျီးညို)အဖွဲ့ဟာ ပန်ချာပီစစ်ပုလိပ်တပ်၊ အင်္ဂလိပ်မြင်းစီးပုလိပ်တပ်များနဲ့ အကြိမ်များစွာ ရင်ဆိုင်တိုက်ပွဲတွေကို သဲသဲမဲမဲ တိုက်ခဲ့ရတယ်။

ဂျွန်သူပုန်တွေ နေရာအနှံ့ အားကောင်းနေမှန်းသိရော အင်္ဂလိပ်အစိုးရက ကြီးကျယ်တဲ့ စစ်ဆင်ရေးကို လုပ်တော့တာပဲ။

သူတို့ ခြေလျင်တပ်မဟာတစ်ခုကို ဖွဲ့ခဲ့တယ်။

အဲဒီတပ်မဟာမှာ မြင်းတပ်၊ ပန်ချာပီတပ်ရင်း၊ ဒိုဂရာတပ်ရင်း၊ ဆပ်ပါး(စ်)မိုင်းနာ့စ်တပ်၊ မဒရပ်တပ်၊ ရာဂျာပူးသေနတ်ကိုင်တပ်၊ မန်ချက်စတာ အင်္ဂလိပ်တပ်ရင်း၊ ကြိုးမဲ့ကြေးနန်းတပ်၊ အမှတ်(၂၈) သူနာပြုတပ်၊ အမှတ်(၃) အိန္ဒိယတိုင်းသားဆေးတပ်၊ သယ်ယူပို့ဆောင်ရေးတပ်၊ စားနပ်ရိက္ခာတပ်များနှင့် မင်းတုန်းနယ်စပ်နဲ့ အာလံအထိ တပ်တွေဖြန့်ခွဲပြီး ချထားတယ်။

ဂျွန်သူပုန်တွေ ခိုအောင်းနေတဲ့နေရာကို သိတာနဲ့ အဖက်ဖက် ဝိုင်းဝန်းပိတ်ဆို့ပြီး အမြစ်ပြတ်ချေမှုန်း တိုက်ခိုက်အင်အား သုံးခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့ . . .

လက်နက်ချင်း မမျှတဲ့စစ်ပွဲ။

အင်္ဂလိပ်–မြန်မာ တတိယစစ်ပွဲ။

သီပေါမင်း ပါတော်မူခဲ့ရတဲ့ စစ်ပွဲအပြီး သူ့ကျွန်မခံသူတို့ရဲ့ တော်လှန်ပုန်ကန်စစ်ပွဲများအနက် သာယာဝတီအလံတောင်က ဗဟိုပြု ခဲ့တဲ့ လယ်သမားသူပုန်၊ ဂျူန်အာဇာနည်တွေဟာ နယ်ချဲ့အင်္ဂလိပ် အစိုးရရဲ့ စက်သေနတ်၊ ကာဘိုင်သေနတ်၊ အမြောက်၊ စိန်ပြောင်း စသည့် လက်နက်ဆန်းများရဲ့ကြားမှာ အသက်တွေ ဆုံးရှုံးခဲ့ရတယ်။

✿ ✿ ✿

BURMESE CLASSIC .com

[ ၁ ]

ရန်ပြည်ရောက် သုပဏ္ဏကဆရာစံ

❑

အလံတောင်ကို သိမ်းဖို့ အင်္ဂလိပ်စစ်တပ်က ကျည်အား၊ လူအားသုံးပြီး တရကြမ်းပစ်လို့ တက်လာနေတာ။

ပထမတောင်ကို သူတို့ရောက်နေတယ်။

''ထွန်းသွယ် . . . သူတို့ ဘယ်ရောက်လာပတုံးဟဲ့''

''သူတို့ ရေကြည်ချောင်းဖျားကို ဖြတ်ပြီး ပထမတောင်ကို တက်နေကြပါပြီတဲ့ . . . ဆရာကြီး''

''တောက် . . . တွေ့ကြရောပေါ့ကွာ''

သုပဏ္ဏက ဂဠုန်ရာဇာဆရာစံက ဓားအိမ်ထဲက သွေးစွန်းနေတဲ့ဓားကို ဆွဲထုတ်ရင်း ဂျူန်တပ်ကို ကွပ်ကဲရန် ပြေးဆင်းလာခဲ့လိုက်တယ်။

''ဆရာကြီး . . . တိုက်ပွဲထဲကို မဝင်ပါနဲ့ . . . ဆရာကြီး''

''မဝင်လို့ ဖြစ်မှာလား . . . တပ်မှူး။ ကျုပ် ဂျူန်တပ်ဖွဲ့ဝင်တွေနဲ့အတူ ကျုပ်ပါဝင်တိုက်မယ်''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

တပ်မှူးများကလည်း ရှေ့ကနေ ဝိတ်ရင်း အမျိုးမျိုးတားကြ တယ်။ ဆရာစံကလည်း ဓားကိုဆုတ်ပြီး ရင်ဆိုင်မယ်ပြောရော . . .

"ဆရာကြီး . . . အမြန်ဆုတ်ခွာပါ။ ကျွန်တော်တို့ တိုက်ပါ့ မယ်"

"ငါ ရာဇဝင် အရှိုင်းမခံဘူး။ ဖယ် . . ."

ဆရာစံက သူ့တိုက်ဖော် လယ်သမားသူပုန်များကိုပစ်ပြီး မသွား ချင်ဘူး။

ဒီမှာပဲ ဝမ်းတွင်းရွာက ဂျွန်ရဲဘော်ကြီး ဦးထွန်းသွယ်က . .

"ဆရာကြီး . . . ဆရာကြီး . . . ဒီတိုက်ပွဲမှာ ဝင်တိုက်လို့ မဖြစ် ဘူး။ တိုက်ပွဲမှာ တပ်မှူးကောင်းတွေ အများကြီးရှိပါတယ်။ ဗိုလ်ဖိုးချစ် တို့၊ ရဲရဲကျော်ထင် ဗိုလ်ဘိုးဆော့တို့ ဦးဆောင်တိုက်နေပါတယ်။ ဆရာ ကြီး မရှိခဲ့ရင် ဒီလယ်သမားသူပုန် ဂျွန်တွေကို ဘယ်သူဦးဆောင်နိုင် မှာလဲ။ ကျွန်တော်တို့ လုပ်စရာတွေ အများကြီးရှိပါတယ်။ ဆရာကြီး လာပါ ရှောင်ပါ"

ဆရာစံကလည်း ဖွတ်ငြင်းပြီး ရှန်းကန်၊ တပ်မှူးအချို့နဲ့ ဦးထွန်း သွယ် (စမ်းတွင်းရွာ)တို့က တောင်လက်မောင်းကနေ အတင်းဆွဲတွန်း ခေါ်သွားခဲ့ရတယ်။

ဆရာစံက လှည်းစခန်းမြောင်မှာ သုံးလေးရက် နားပြီး ဂျွန် ခေါင်းဆောင်တွေနဲ့ ရှေ့ရေးကို ဆွေးနွေးတယ်။

"ကျုပ်တို့အဖွဲ့တွေ သိပ်စောနေတယ်။ ကျုပ်ဖြစ်စေချင်တာက ခရိုင်အသီးသီးက လယ်သမားသူပုန်တွေ တစ်ပြိုင်နက် ထကြွပုန်ကန်ဖို့ စီစဉ်ထားတာ။ ခုတော့ သာယာဝတီကစပြီး ပုန်ကန်တော့ ခက်ကုန်တာ ပေါ့"

"ဆရာကြီး . . . မြစ်ဝကျွန်းပေါ်မှာလည်း ပုန်ကန်ကြပါပြီ"

"ဆရာကြီး . . . မစိုးရိမ်ပါနဲ့"

"လက်နက်ချင်း မညီဘူး . . . တပ်မှူး၊ သိပ်စောနေတယ်"





ရှမ်းပြည်မြောက်ပိုင်း ဆရာစံ ရဟန်းဝတ်နှင့် ခိုအောင်းနေထိုင်ခဲ့သော နောင်ချိုမြို့နယ်၊ မက်ချင်းနရွာ ဘုန်းကြီးကျောင်း

"ကျွန်တော်တို့က မြန်မာလယ်သမားတွေပါ။ လက်နက်ချင်း၊ အင်အားချင်းမညီမှန်း သိပါတယ်။ သေမထူး၊ နေမထူး ဘဝတွေပါ။ စိတ် ချပါ . . .။ ဆရာကြီးမျှော်လင့်သလို မြန်မာဘာလဲ၊ ဗမာဘာလဲ။ ဓားနဲ့ တိုက်ရဲတာ မြန်မာ၊ ဗမာ့သတ္တိဆိုတာကို အင်္ဂလိပ်သိရင် အမြတ်ပါပဲ . . . ဆရာကြီးရယ်။ အရေးကြီးဆုံးက စစ်ပုလိပ်တွေ၊ စုံထောက်တွေ၊ ဂျွန် ခေါင်းဆောင် ဆရာကြီးကို ပိုက်စိပ်တိုက် ရှာနေကြတယ်။ ဒါကြောင့် ဆရာ ကြီး ဝေးဝေးရှောင်နေပါ"

ဆရာစံဟာ အနယ်နယ်မှာ အင်္ဂလိပ်နယ်ချဲ့ကို ပြန်တိုက်နေပြီ လို့ ကြားရသလို အကျအဆုံးများတာကိုလည်း သိပြီး စိတ်မကောင်း ဘူး။ သို့သော် မြန်မာဇာတိမာန်ကို ပြရလို့ ဖြေသာခဲ့တယ်။

နောက်ဆုံး ရှမ်းပြည်နယ်ကိုပါ စည်းရုံးလိုလို့ သင်္ကန်းဝတ်ပြီး သုယံ့တော် မြင်းခြံသားငတောကို ကပ္ပိယလုပ်စေပြီး အမရပူရ မန္တလေး ကနေ မဟာမြတ်မုနိဘုရားမှာ ဆုတောင်းပြီး ထွက်ခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းတော်ကြီး ဦးဉာဏခေါ် ဆရာစံတို့ ဆရာတပည့် နောင်ချိုကနေ မက်ချင်းနုရွာကိုရောက်ရော မြင်းလှည်းသမားက နောင်ချိုဂါတ်ကလူ ဖြစ်နေပါရော။

ဂါတ်ဝန်းကျင်မှာလည်း ဆရာစံကို ဖမ်းပေးနိုင်ပါက ဆုတော်ငွေ (၅၀၀၀) ကျပ် ချီးမြှင့်ပေးသနားမည်ဆိုတဲ့ သူ့ဓာတ်ပုံနဲ့ ကြော်ငြာတွေကပ်ထားတာ မြင်ရပြီး မနည်း ဣန္ဒြေဆည်နေရတယ်။

*သည့်နောက် ဂါတ်စခန်းကနေ အမြန်ပြန်ထွက်ခဲ့ရတယ်။* ဆရာစံက ဝိနည်းသိက္ခာနဲ့အညီ သိမ်ဝင်ပြီး ရဟန်းခံခဲ့တာမဟုတ်ဘူး။ ဒါကြောင့် မက်ချင်းနုရွာရောက်တော့ အခြားရဟန်းများနှင့် အတူမနေဘဲ သီးသန့်ခန်းမှာနေတယ်။

ပြီး ဂဠုန်အသင်းဝင်ဖို့ စည်းရုံးတော့တာပဲ။ ၁၉၃၀ ခုနှစ်၊ ဖန်နဝါရီလကုန်လောက် ရောက်ရော ပြဿနာဖြစ်ပါရော။

အစိုးရဘက်က သတင်းရသွားတယ်။

မက်ချင်းနုကျေးရွာမှာ သုပဏ္ဏက ဂဠုန်ရာဇာဘွဲ့ခံ ဆရာစံ သင်္ကန်းဝတ်နဲ့ ရောက်နေတယ်လို့ ကြားသိရော …

ကျောင်းကို ပုလိပ်၊ စုံထောက်များ ဝိုင်းကြပါရော။

စစ်တပ်နဲ့ဝိုင်းပြီးရှာကြတာ ဆရာစံခေါ် ဦးဉာဏက ပြာသာဒ်ထိပ်ဖျား အတွင်းကြားမှာ ပုန်းနေတော့ မမြင်ရဘူး။

ညအချိန် ပြာသာဒ်ပေါ်က ဆင်းပြီး လွယ်ခေါ်ရွာမှာ သစ္စာခံထားကြတဲ့ ဦးအောင်ဘ၊ ဦးစံဖေ၊ ဦးစံခင်တို့နဲ့အတူ ခိုအောင်းနေတုန်းအစိုးရက သတင်းရပြီး ပုလိပ်အဖွဲ့နဲ့ စစ်တပ်ပေါင်းလို့ ဝိုင်းကြပြန်ပါရော။

တော်သေးတယ်။ မည်သူ့ကိုမျှ မမိကြဘူး။ သတင်းရထားတော့ ရပ်စောက်ကို ပြေးပြီး ပါဝိုင်းစခန်းကို ရောက်ခဲ့ကြတယ်။

အဲဒီတုန်းက ရှမ်းပြည်နယ်မှာကလည်း ပဒေသရာဇ်ရှမ်းစော်ဘွားတွေ တန်ခိုးထွားနေတာရယ်။





သူတို့ရဲ့လက်အောက်ခံ မြို့စား၊ နယ်စားတွေကလည်း ရက်စက်ကြမ်းကြုတ်တော့ ဘယ်သူမှ မော်မကြည့်ရဲဘူး။

အဲဒီမှာ နောင်ချိုမြို့စားက အဆိုးဆုံးပဲ။

သူက အာဏာယစ်မူးနေပြီး ရှမ်းတောင်သူလယ်သမားတွေအပေါ်မှာ အခွန်အတုပ် အမဲ့ကောက်တယ်။ မပေးနိုင်ရင် ပြင်းပြင်းနဲ့ထန်၊ ရက်ရက်စက်စက် နှိပ်ကွပ်တယ်။

အချို့ အသက်ဆုံးသူဆုံး။ ဒုက္ခိတဘဝ ရောက်သူရောက် ဖြစ်ကုန်ကြတယ်။

အမှန်၊ အမှား မခွဲခြားဘူး။ အကြောင်းကိစ္စ၊ အမှုအခင်းရှိရင် သူ့လူများဘက်ကနေ လိုက်တယ်။

ဆင်းရဲနွမ်းပါး၊ ချောချောလှလှ၊ အမျိုးသမီးတွေလည်း ဖျက်ဆီးဖျက်ဆီးလုပ်လို့ မျက်ရည်နဲ့ မျက်ခွက်။

နှိပ်စက်မှုဒဏ် မခံနိုင်တော့ ရှမ်းတောင်သူလယ်သမားတွေက ခေါင်းဆောင်ကြီးဦးထွန်းလှကို ရင်ဖွင့်ကြတယ်။

ဦးထွန်းလှက နောင်ချိုစော်ဘွား မတရားလုပ်နေတဲ့ကိစ္စ သီပေါစော်ဘွားကို သွားတိုင်တန်းတယ်။

အဲဒါ တိုင်ရမလားဆိုပြီး နောင်ချိုမြို့စားက တောင်သူလယ်သမားများအပေါ် နဂိုထက် ကြမ်းပြလိုက်ပါရော။

ရှမ်းပြည်နယ်မှာ ကင်းလွတ်ခွင့်ပေးထားတဲ့ ကုန်ပစ္စည်းများအပေါ် အခွန်ကောက်လာတယ်။

ချင်း၊ အာလူး၊ ပဲပုပ်၊ ဆန်၊ နံနံ တစ်ဇကေ တစ်မတ်ကောက်တယ်။

ငှက်ပျောတစ်ရုံ၊ သနပ်ဖက်တစ်ပင်ကို တစ်မတ်ကောက်တယ်။

ဓားရှည်တစ်ချောင်း၊ ဓားမတစ်ချောင်းကိုင်ရင် တစ်ဆော်နှုန်း



www.burmeseclassic.com

www.burmeseclassic.com

*အိမ်ထောင်သားတစ်စုကို တစ်ဆယ်ကျပ်နှုန်း အခွန်ကော*

*တာ။*

အင်္ဂလိပ်အစိုးရထက် ကြောက်စရာကောင်းတယ်။

သူကြီးတစ်ပိုင်မှာ ရွာသူရွာသားတွေက လေးအိမ်စုတစ်စု ထင်းခုတ်ပြီး မြို့စားအိမ်ကို ပို့ရတယ်။

အဲဒီထင်းလှည်းများကို မြို့ပေါ်မှာရှိတဲ့ တရုတ်၊ ကုလား၊ ကုန်သည်များကို တစ်စီး ငါးမူးနှုန်းနဲ့ ရောင်းစားသတဲ့။

(ကျမ်းကိုး ။ ၁၂၉၂ ခုနှစ် တောင်သူလယ်သမား အရေးတော်ပုံစာအုပ်)

အာဏာဖီဆန်တဲ့ရွာဆိုရင် ရှမ်းပုလိပ်တွေ လွှတ်ပြီး ညှဉ်းပန်းနှိပ်စက်တယ်။

✿ ✿ ✿

[၄]

ပြည်မှာ ဂျွန်တပ်ဖွဲ့ပြီ

❑

ဒီအချိန်မှာ မက်ချင်းနုဘုန်းကြီးကျောင်းမှာ ဆရာစံခေါ် ဦးဉာဏ ရောက်ရှိပြီး ဂျွန်အဖွဲ့တွေ ဖွဲ့နေပြီ။

အာဏာပိုင်အဖွဲ့ သိကြားနေရတာက ...

မြေခွန်၊ ယာခွန် မပေးရေး။

လယ်လုပ်သူ လယ်ပိုင်ခွင့်ရရေး။

ပဒေသရာဇ်စော်ဘွားတွေနဲ့ ဖိနှိပ်ချုပ်ချယ် ရက်စက်ကြမ်းကြုတ်တဲ့ အနွယ်များကို ဆန့်ကျင်တော်လှန်ရေး။

"ဟဲ့ ... အဲဒါ ဟုတ်သလားဝေ"

"ဟုတ် ... ဟုတ် ..."

"ဟဲ့ ... နေဦးဟဲ့၊ အဲဒီတရားဟောတဲ့သူက ဘယ်သူတုံးဟ"

"ဘုန်းကြီး ဦးဉာဏတဲ့ဟေ့"



www.burmeseclassic.com

www.burmeseclassic.com

"ဆရာစံလို့လည်း ခေါ်ဆိုပဲဟ"

"ဂဠုန်ဆို ..."

"ဟုတ်တယ် ...။ သာယာဝတီမှာ အင်္ဂလိပ်ကို အခွန်မပေး

ပြန်တိုက်တဲ့ ဆရာစံတဲ့။ အခု ရှမ်းစော်ဘွား မြို့စားတွေက ငါတို့ ရှ

လယ်သမားတွေကို အခွန်နဲ့ရော၊ အခြားနည်းမျိုးစုံနဲ့ရော၊ နှိပ်စက်

တာကို မကြည့်ရက်လို့ ဂဠုန်ဖွဲ့ပြီး သင်းတို့ကို တော်လှန်မှာတဲ့"

"လက်နက်ရော ...ငါ့လူရ"

"ဆရာစံနဲ့တွေ့ရင် သိရမှာပဲ။ လာ ... သွားတွေ့ကြမယ်"

ဒီလိုနဲ့ နောင်ချိုတစ်နယ်လုံးမှာရှိတဲ့ ရှမ်းအမျိုးသားများပါ

ဘူ။ မြန်မာ၊ ပလောင်၊ မနု တောင်သူများပါ ဆရာစံရဲ့ရည်ရွယ်ချ

သတ္တိကို ကြည်ညိုလေးစားလို့။

ပြီး ...

လက်နက်နဲ့မှ မတိုက်ရင် ဒီဘဝတစ်လျှောက်လုံး ပဒေသရာ

တို့ရဲ့ ကျွန်ဘဝနဲ့ လူ့ဘဝ ဇာတ်သိမ်းရမှာ။

သေမထူးဘူး။

နေလည်း မထူးဘူး။

သို့သော် နောင်လာမည့်သမိုင်းမှာ ငါတို့ ရှမ်းတောင်သူလ

သမား ဆင်းရဲသားတွေဟာ မတရားဖိနှိပ် ကုပ်သွေးစုပ်တဲ့ ပဒေသရာ

စော်ဘွား နယ်စားတွေကို သွေးနဲ့ရင်းပြီး ဘဝလွတ်မြောက်ရေးအတွ

တိုက်ပွဲဝင်ခဲ့တာကို သားမြေး၊ မြစ်တို့ သိစေချင်တယ်။

ဦးထွန်းလှနဲ့ ဦးအောင်ကြီးတို့ရဲ့ စည်းရုံးမှုကြောင့် နောင်ချို

ဂဠုန်တပ်ဖွဲ့ဝင်ချင်သူ များလာခဲ့တယ်။

သည့်နောက် ဦးထွန်းလှဟာ ဆရာစံရှိရာ ပါဝိုင်းစခန်းကို ရော

ခဲ့ပြီး အကျိုးအကြောင်းကို ပြောပြတယ်။

အဲဒီတုန်းက ဆရာစံက သက်န်းဝတ်ကြီးနဲ့။





ဂဠုန်တပ်ဖွဲ့ဝင်များဝတ်ဆင်သည့် အဝတ်အစားနှင့်
အလံတောင်ထိပ်ပေါ်တွင်
'က' ဂဠုန်တပ်သားကြီး ဦးဝိုးထိန်



www.burmeseclassic.com

www.burmeseclassic.com



"ဒကာကြီးနာမည်က …"

"ဦးထွန်းလှပါဘုရား"

"ဟိုတစ်ယောက်က …"

"ဦးအောင်ကြီးပါဘုရား၊ နောင်ချိုကပါ"

"ဘုရားတပည့်တော်နဲ့ ညီအစ်ကိုပါဘုရား"

"ဒကာကြီးတို့က စော်ဘွားနဲ့ မြို့စား သူလျှိုမဟုတ်ပေဘူး လား"

ဆရာစံခေါ် ဦးဥာဏက သူတို့နှစ်ဦးကိုကြည့်ပြီး မေးလိုက် တယ်။

"မှန်ပါ …ကြို့က်ရာအရပ်မှာ စုံစမ်းပါဘုရား။ စော်ဘွားသူ လျှိုလို့ ယုံကြည်ခဲ့ပါရင် အဆုံးစီရင်လိုက်ပါဘုရား"

"ကျုပ်ကိုရော ဒကာကြီးတို့ သိလို့လား"

"သိပါသည်ဘုရား"

"ဒါဆို ကျုပ် ဘယ်သူတုံး …ပြော"

"မှန်ပါ …အရှင်ဘုရားဟာ အင်္ဂလိပ်နယ်ချဲ့ အစိုးရကို တော် လှန်နေတဲ့ သာယာဝတီအလံတောင်က ဂဠုန်အဖွဲ့ခေါင်းဆောင် ဆရာစံ ပါဘုရား"

"ကျုပ် ဂဠုန်သူပုန်ခေါင်းဆောင် ဆရာစံမှန်း သိနေကြတော့ အင်္ဂလိပ်အစိုးရနဲ့ စော်ဘွားတွေကို သွားအကြောင်းကြားကြပါလား ကွယ်။ ကျုပ်ကိုမိရင် ဆုတော်ငွေ (၅၀၀၀) ပေးမတဲ့။ ဒီဆုတော်ငွေ (၅၀၀၀) ရရင် ချမ်းသာရော ဟုတ်လား …ဒကာကြီးတို့"

"မှန်ပါ …တပည့်တော်တို့က တစ်နပ်စားဉာဏ်သမား မဟုတ် ပါဘူးဘုရား။ သာယာဝတီနဲ့ မြစ်ဝကျွန်းပေါ်က လယ်သမား နင်းပြား များနည်းတူ ဒီရှမ်းပြည်နယ် ဒေသအနှံ့မှာလည်း ရှမ်းလယ်သမားတွေ ဟာ ရှမ်းစော်ဘွား မြို့စားများရဲ့ အခွန်အတုပ် နှိပ်စက်လို့၊ ဖျက်ဆီးလို့ သဝတွေ ပျက်နေပါပြီဘုရား။ အရှင်ဘုရားကိုယ်တိုင် ဒီလိုဖိနှိပ်ချုပ်ချယ် မှုများကို တော်လှန်ပစ်ဖို့ ဂဠုန်တပ်ဖွဲ့နေတာ သိလို့ ဝင်ရောက်လာရခြင်း ပါဘုရား"

"သာဓု …သာဓု …သာဓု …ဒကာတို့။ ကျုပ်တို့ ဂဠုန် ဓါက အမျိုးဘာသာသာသနာ ထွန်းကားစည်ပင်ဖို့ တောင်သူလယ် သမားတွေ၊ နင်းပြားအဖိနှိပ်ခံဘဝက လွတ်မြောက်ဖို့၊ နောက်ပြီး ကိုယ့် နိုင်ငံကို လက်နက်အားကိုးနဲ့ ကျူးကျော်သိမ်းပိုက်နေတဲ့ နယ်ချဲ့အင်္ဂလိပ် တို့ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ မြန်မာပြည်ကနေ တိုက်ထုတ်ပစ်ဖို့ပဲ။ အဓိကက တိုက်ပွဲဝင်သူတိုင်း အဖွဲ့အပေါ်မှာ သစ္စာရှိဖို့ အဓိကပဲ။ ငါတို့ ဆိုထားတဲ့ သစ္စာ၊ ကတိ တည်ဖို့ပဲ"

"မှန်ပါ …အရှင်ဘုရား။ အဲ …အဲ …ဆရာစံရဲ့ ရည်ရွယ် ချက် နှစ်သက်လို့ စွန့်စားရောက်ရှိခဲ့ရတာပါ ဘုရား"

နောက်နေ့ရောက်တော့ ဦးထွန်းလှကို ကိုးပါးသီလ ခံယူစေပြီး (၉) ရက် ဥပုသ်ဆောင်ဝင်စေတယ်။

(၉) ရက်ပြည့်တော့ ဆရာစံက မေးရော။

"ကိုထွန်းလှ …ကတိသစ္စာ စောင့်ထိန်းနိုင်ပါ့မလား"

"စောင့်ထိန်းနိုင်ပါတယ် ဘုရား"

(၃) ကြိမ်၊ (၃) ခါ မေးတယ်။ ဦးထွန်းလှကလည်း ကတိပြု တယ်။

"ကိုင်း …လိုက်ဆို"

ဆရာစံက သစ္စာရေခွက်ကို ကိုင်စေပြီး ရှေ့ကနေတိုင်ပေး တယ်။ (မှတ်ချက် ။ ကတိသစ္စာအသေးစိတ်ကို မရေးတော့ပါ။ တောင် သူလယ်သမား အရေးတော်ပုံမှာ ပါသည့်အတိုင်း အကျဉ်းမျှပဲ ရေးသား လိုက်ရပါသည်။)

"ကျွန်ုပ်သည် …"

"ကျွန်ုပ်သည် …"





www.burmeseclassic.com

www.burmeseclassic.com

"အများပြည်သူတို့၏ ပစ္စည်းများကို . . ."

"အများပြည်သူတို့၏ ပစ္စည်းများကို . . ."

"အပ်တိုတစ်ချောင်းမျှ ပြစ်မှားခြင်းမပြုပါ"

"အပ်တိုတစ်ချောင်းမျှ ပြစ်မှားခြင်းမပြုပါ"

"သူတစ်ပါး၏ သားပျို၊ သမီးပျိုများကို ဖျက်ဆီးခြင်းမပြုပါ"

"သူတစ်ပါး၏ သားပျို၊ သမီးပျိုများကို ဖျက်ဆီးခြင်းမပြုပါ"

"အမျိုးဘာသာ၊ သာသနာကို ပြန့်ပွားထွန်းကားစေရန်နှင့် တိုင်းပြည်လူထု ကောင်းစားစေရန် ဦးလည်မသုန် ဆောင်ရွက်ပါမည်ဟု သစ္စာပြုပါသည်"

" . . . ယခုပြုသည့်သစ္စာကို ခိုင်မြဲစွာ ထိန်းသိမ်းစောင့်ရှောက်ပါမည်။ ထိန်းသိမ်းစောင့်ရှောက်ခြင်း မပြုဘဲ ဖောက်လွှဲဖောက်ပြန်ပြုပါက ရေသွားရေဘေး၊ ကုန်းသွားကုန်းဘေး သင့်ပါစေသား"

✿ ✿ ✿

# [ ၁၀ ]

ချာပိရင်ဝကို တားဆိုက်တဲ့နေ့

❑

၁၉၃၁ ခုနှစ်၊ ဖန်နဝါရီလကုန်မှာ မက်ချင်းနှရွာမှာ မြန်မာဘုန်းကြီးတစ်ပါး ဂျူနိအသင်းဖွဲ့နေတာ ကြားတော့ ကျောင်းကို ဝိုင်းကြတယ်။ မသိဘူး။ ဆရာစံလွတ်သွားတယ်။

ရပ်စောက်မှာ သတင်းရလို့ ဝိုင်းကြတယ်။

ဆရာစံကို ဖမ်းလို့မမိဘူး။

ဘုန်းကြီးကိုယ်ပျောက်တယ်။ ခုပဲ မြင်တယ်။ ခု မရှိတော့ဘူး ဖြစ်ကုန်ရော။

မကြာဘူး။ သူပုန်တွေရှိတဲ့စခန်းကို အစိုးရတပ်က သိပြီး တိုက်ထားတာပဲ။

မတိုက်လို့ မရတော့ဘူးလေ။

ဂဠုန်တပ်ဖွဲ့နဲ့ အစိုးရတပ် မကြာခဏ တွေ့ထိတိုက်ပွဲဖြစ်နေထား၊ ဇူလိုင် (၁) ရက်နေ့က တောင်ပျောက်ရွာအနီးမှာ ရှမ်းပုလိပ်အဖွဲ့ကို ဂဠုန်က ပစ်ခတ်သတ်ခဲ့တယ်။


www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့ကျရော ...

နာလူးမြစ်ကို အစိုးရတပ်က ဖြတ်ကူးနေတယ်။

ဒီမှာ သူပုန် (၁၅၀) ခန့်က နာလူးမြစ်ကမ်းကနေ ပစ်လိုက်တာ အစိုးရအဖွဲ့တွေ ထိရော။

ဖူလိုင် (၆)ရက်မှာ နောင်ချိုရိကွာစခန်းကို ဂျြန်တွေ ဝင်စီးကြတယ်။ သူပုန်တွေက စက်သေနတ်ကြီးတစ်လက်ကို ရသွားတယ်။

ဒါကြောင့် စုံစမ်းပြီး အင်အားနဲ့ တောနင်းလိုက်တိုက်တာ ..

တစ်နေ့ ...

ဝါးဖောင်နဲ့ ဒုဋ္ဌဝတီမြစ်ကို ဂျြန်သူပုန်တွေ ဖြတ်ကူးနေတာ။ ရေစီးကလည်း မြန်မှမြန်။

အဲဒီမှာ အစိုးရတပ်က သတင်းရလို့ ကင်းပုန်းဝပ်ပြီး စောင့်နေတာ။ သေနတ်တစ်ကမ်းမှာ တိုက်ပွဲဖြစ်ကြရော။

ရန်သူက ချုံခိုတိုက်ခိုက်တာ။

နှစ်ဖက်စလုံးရဲ့ ပစ်ခတ်သံတွေဟာ ဒုဋ္ဌဝတီမြစ်ကြောင်းမှာ ညံနေတယ်။ ဂျြန်အဖွဲ့တွေ ဖောင်ပေါ်မှာ ပြေးလို့မရဘူး။ ရန်သူ့ကျည်ဆန် ထိပြီး ရေစီးမှာ မျောပါကုန်တယ်။

အဲဒီနေ့က ရှမ်းတောင်သူလယ်သမား ဂျြန်သူပုန်အများအပြား ကျဆုံးခဲ့ရတယ်။ ဒုဋ္ဌဝတီမြစ်ဟာ သွေးခြင်းခြင်းရဲပြီး အလောင်းတွေ စီးမျောနေတယ်။

ဂျြန်သူပုန် (၁၂၇) ယောက်လည်း အဖမ်းခံရတယ်။

တစ်နေ့ ...

ကင်းထောက်တပ်ဖွဲ့တွေရဲ့ စုံစမ်းချက်အရ ...

ပါဝိုင်းစခန်းမှာ ဆရာစံတို့ရှိနေတယ်ဆိုတာ သိရတယ်။ ပုလိပ်အဖွဲ့က တောနင်းပြီးရှာနေတယ်။

ဒီသတင်းကို ဆရာစံတို့လည်း ရတယ်။





ဂျြန်တပ်ဖွဲ့ကို နှိမ်နင်းရန် အစိုးရဘက်မှ ပန်ချာပီစစ်သားများ

ပါဝိုင်းစခန်းမှာ တပ်သားတွေနေတဲ့ တဲကြီး (၁၂) လုံးရှိတယ်။ အလယ်ကတဲမှာ ဆရာစံရှိနေတယ်။

ဆရာစံ သင်္ကန်းချွတ်လိုက်ပြီး ကိုယ်တိုင် စီမံခန့်ခွဲနေတာ။

"ဦးထွန်းလှ ..."

"အမိန့်ရှိပါ ... ဆရာကြီး"

"ရန်သူအစိုးရတပ်တွေ ကျုပ်တို့ ပါဝိုင်းစခန်းရှိရာ လာနေပြီ။ ကျုပ်တို့ သူတို့ဒီကိုမရောက်ခင် ကြိုတိုက်ရမယ်"

"အမိန့်ရှိပါ ... ဆရာကြီး"

"ကျုပ်တို့ ရန်သူကို ဦးဆောင်တိုက်ဖို့ စစ်ကြောင်းတွေကို ဦးဆောင်သည့် စစ်ကဲရွေးကြမယ်"

"မှန်ပါ ..."

"ကျုပ်သဘောနဲ့ မရွေးဘူး။ ရှမ်းတိုင်းရင်းသားသူပုန်တို့ စိတ်ကြိုက် စစ်ကဲကို အမြန်ရွေးကြပါ။ ကိုင်း ... ရွေးကြ"

ဒီမှာ ရှမ်းဂျြန်တပ်သားတစ်ဦးက သေနတ်ကိုလွယ်ရင်းက..


www.burmeseclassic.com

www.burmeseclassic.com

"ဆရာကြီး . . . ရန်သူကိုတိုက်ဖို့ အခုစစ်ကြောင်းမှာ ဦးစီးကွပ်ကဲသင့်တဲ့ စစ်ကဲဟာ ဦးထွန်းလှပဲ ဖြစ်သင့်ပါတယ်။ ဗိုလ်မင်း ဦးထွန်းလှက နယ်မြေလည်း ကျွမ်းကျင်ပါတယ်"

"ကန့်ကွက်မည့်သူ ရှိသလား"

"မရှိပါဘူး"

ဂျွန်သူပုန်များကို ပြိုင်တူ ထောက်ခံကြတယ်။

"ကောင်းပြီ . . .။ ဂျွန်တပ်ဖွဲ့ဝင်များ ဆန္ဒအရ ဦးထွန်းလှကို သီရိနော်ရထာ စစ်ကဲကြီးခန့်ပြီး တပ်သားပေါင်း (၃၅၀) ကို တိုက်ရန် တာဝန်ပေးအပ်တယ်။ နောက်တစ်ဦး ထပ်မံအဆိုပြုပါဦး . . . ဂျွန်တို့"

"ဆရာကြီးခင်ဗျာ . . ."

"ပြော . . ."

"ဦးရဲဘော်ကို အဆိုပြုပါတယ်။ ဦးရဲဘော်ဟာ တိုက်ရဲခိုက်ရဲ ပြတ်ပြတ်သားသား လုပ်ကိုင်ရဲသူပါ"

"ကန့်ကွက်ဖို့ရှိသလား"

"မရှိပါဘူး"

"မရှိရင် ဦးရဲဘော်ကို သီရိကျော်ထင်ဦးရဲဘော်ဘွဲ့အမည် ပေးအပ်တယ်။ သီရိနော်ရထာ ဦးထွန်းလှရဲ့ လက်ထောက်အဖြစ် ဦးရဲဘော် အမှုထမ်းရမယ်။ အားလုံး နားထောင်ကြပါ . . . ဂျွန်တပ်ဖွဲ့ဝင်တို့၊ ခုကျုပ်တို့ စစ်ကြောင်းသုံးကြောင်း ချီပြီးတက်မယ်။ ပထမစစ်ကြောင်းက ပါဝိုင်းစခန်းကနေ ဒုဋ္ဌဝတီမြစ်ကိုဖြတ်ပြီး နောင်ချိုကို ချီတက်ရမယ်။

ဒုတိယစစ်ကြောင်းက နောင်ပိန်ကို ချီတက်မယ်။

တတိယစစ်ကြောင်းက ရပ်စောက်ကို ချီမယ်။

ငါတို့ချီတက်ရာလမ်းကြောင်းမှာ ရန်သူနဲ့တွေ့ရင် တိုက်မယ်။ ရန်သူနဲ့ မတွေ့ခဲ့ရင် နီးရာမြို့က အစိုးရဌာနမှန်သမျှကို စီးနင်းတိုက်ခိုက်ရမယ်။ အားလုံး တပ်ပြင်ပြီး ထွက်"





သူတို့အားလုံး စစ်ကြောင်းသုံးကြောင်း ချီခဲ့ကြတယ်။

"မောင်နိုင်း . . ."

"အမိန့်ရှိပါ . . . စစ်ကဲကြီး"

"ဟော . . . ဟို . . . ဉာဏ်တော်ကုန်းပေါ်မှာ မီးရောင်မြင်ရတယ် မောင်မင်း။ လျှို့ဝှက်သွားရောက် စုံစမ်းခဲ့"

"မှန်ပါ . . . စစ်ကဲကြီး"

မကြာခင် အထောက်တော်မောင်နိုင်း ပြန်ရောက်လာတယ်။

"စစ်ကဲကြီး . . ."

"မြန်မြန်ပြော . . . မောင်မင်း"

"ဉာဏ်တော်ကုန်းပေါ်မှာ ပန်ချာပီစစ်သား (၁၇၀) ခန့် စခန်းချနေပါတယ်။ နောက်ပြီး သူတို့ လက်နက်ပြ၊ အမှုခေါ်ဆောင်ခဲ့တဲ့ ရှမ်းအမျိုးသား (၃၀၀) ကျော်လည်း ရှိနေပါတယ် . . . စစ်ကဲကြီး"

"ကောင်းပြီ . . . အဲဒီတပ်ကို မိုးမလင်းမီ ဝင်တိုက်မယ် . . . ကြားလား"

"ဟုတ် . . ."

အဲဒီအချိန်မှာပဲ ရှေ့ပြေးကင်းထောက်တစ်ဦးဖြစ်တဲ့ ဆရာအုန်းဆိုသူ ပင်ပန်းပြီး မူးဝေလဲကျသွားပါရော။

"ဟ . . . ဟ . . . ဆရာအုန်း . . . ဆရာအုန်း . . ."

"အား . . . အင်း . . . အင်း . . ."

"ဆေးအဖွဲ့ ဆရာအုန်းကို ပြုစုကြပါဟ"

ဆေးအဖွဲ့က မူးဝေသတိလစ်သွားတဲ့ ဆရာအုန်းကို ရှုဆေး၊ လိမ်းဆေးများနဲ့ ပြုစုကုသပေးတော့ ပြန်သတိရလာတယ်။

ဒီမှာပဲ ရှမ်းအမျိုးသားတစ်ဦးက . . .

"စစ်ကဲကြီး . . ."

"ဘာတုံး . . . မောင်မင်း"



www.burmeseclassic.com

www.burmeseclassic.com

"ဆရာအုန်း လဲကျသွားတာ လုံးဝ နိမိတ်မကောင်းဘူး"

"မောင်မင်း . . . မောင်အုန်းလဲကျ သတိလစ်သွားတာဟာ ခရီးပန်း၊ အိပ်ရေးပျက်၊ အားနည်းလို့ပါ။ အခု ကောင်းသွားပါပြီ"

"မဟုတ်ဘူး . . . စစ်ကဲကြီး၊ ကျုပ်တို့လူမျိုးလေ ယုံကြည်မှုမှာ ခရီးသွားရင်း တစ်ယောက်ယောက် မူးလဲ၊ ခလုတ်တိုက်၊ မူးမေ့၊ သတိလစ်သွားခဲ့ရင် အဲဒါ လုံးဝနိမိတ်မကောင်းဘူးလို့ မှတ်ယူတယ်။ မိုးလင်းရင် တိုက်မည့်တိုက်ပွဲမှာ ကျုပ်တို့ပါလို့ မဖြစ်ဘူး။ အခုဖြစ်ခဲ့တဲ့ နိမိတ်က ကျုပ်တို့အားလုံး ဆိုးဆိုးဝါးဝါး ဖြစ်သွားနိုင်တယ်"

"မဟုတ်သေးပါဘူး။ အဲဒါကို မောင်မင်းတို့ မစွဲလမ်းပါနဲ့။ ကျုပ်တို့ ရန်သူကိုတိုက်ဖို့ လာခဲ့တာပါ"

"ကျုပ်တို့ မတိုက်နိုင်ဘူး"

"နိမိတ်မကောင်းဘူး . . . ပြန်မို့"

စစ်ကဲကြီးဦးတွန်းလှ တစ်ယူသန်တိုင်းရင်းသားအချို့ကို ဘယ်လိုမှ တားလို့မရဘူး။ အတော်များများဟာ လက်နက်ကိုယ်စီနဲ့ နောက်ကြောင်းကို ပြန်လှည့်သွားကြတယ်။

ဒီမှာ ကုန်းပေါ်ဘုရားဝန်းက စစ်တပ်ကလည်း အနီးဝန်းကျင်က ရုတ်ရုတ်သဲသဲ ဖြစ်နေတာကြားရော ဆင်းလာကြရော။

အင်အားချင်းမမျှလို့ ဆုတ်ခဲ့ရတယ်။

စောစောကသတင်းကို ကြားလို့ ဆရာစံလည်း ချက်ချင်းရောက်လာတယ်။

"ဗိုလ်တွန်းလှ . . ."

"အမိန့်ရှိပါ . . . ဆရာကြီး"

"အချို့ကိစ္စလေးတွေကို ခွင့်လွှတ်ပါ . . . စစ်ကဲကြီး။ နောက်နေ့များကျရင် သူတို့ ပြန်လာကြမှာပါ။ အရေးကြီးတာက ကျုပ်တို့ရည်မှန်းချက် မမေ့မိန်ဖို့ပဲ။ ရှိတဲ့အင်အားနဲ့ အခြေအနေကြည့်ပြီး တိုက်ကြပါ"





"ကောင်းပါပြီ . . . ဆရာကြီး"

ဗိုလ်တွန်းလှတို့ ဂျွန်တပ်သားများဟာ နောင်ချိုကြီးဘက်ကို ပန်ချာပီစစ်သား (၇၀) လောက် ဆင်းသွားတဲ့သတင်း ရရော . . .

နောက်ကနေ လျှို့ဝှက်စွာ လိုက်ခဲ့ကြတယ်။

ပန်ချာပီတပ်က တောထဲမှာ စခန်းချနေတာကို သူတို့မြင်ရတယ်။ အချိန်က နံနက်လင်းစအချိန်။

ဗိုလ်တွန်းလှတို့ ဂျွန်အဖွဲ့က အတင်းဝင်ရောက် ထိုးခုတ်ကြတယ်။

"တိုက် . . ."

"ကျား . . ."

"ဂျွန်ကွ . . . ကျား"

"ဖောင်း . . ."

"အား . . ."

"ကျား . . . ကျား . . . ဂျွန်တဲ့ဟေ့"

"ခွပ် . . ."

"အား . . ."

သူပစ်၊ ကိုယ်ပစ် တိုက်ပွဲက ပြင်းထန်နေတယ်။ ဗိုလ်တွန်းလှ သေနတ်နဲ့ထိုးချိန်နေတဲ့ ပန်ချာပီတပ်ကြပ်ကို ဓားရှည်နဲ့ရင်ဝ ဆောင့်ထိုးလိုက်တယ်။

"အား . . . ဘား ဘား"

အသံနက်ကြီးနဲ့ အော်ပြီး ပန်ချာပြီတပ်ကြပ်ကြီး မှောက်ခုံလဲကျသွားတယ်။

ဦးတွန်းလှက သွေးစွန်းဓားကို မြှောက်ပြီး ကြွေးကြော်လိုက်တယ်။

"ဂျွန်တဲ့ဟေ့ . . ."



www.burmeseclassic.com

www.burmeseclassic.com

အဲဒီတိုက်ပွဲမှာ အစိုးရဘက်က ပန်ချာပီတပ်ကြပ်ကြီးနဲ့ တပ်သား တစ်ဦးကျပြီး ဂျူန်အဖွဲ့က လွှယ်ကော်ရွာက ဦးလူနှင့် နောင်ပိန်ရွာမှ တစ်ဦးတို့ အသက်ပေးလှူခဲ့ရတယ်။

အင်္ဂလိပ်တပ်က စစ်သားပုလိပ်တွေ ကျဆုံးကြောင်း သိရော အင်္ဂလိပ်အစိုးရက စစ်အင်အား အလုံးအရင်းနဲ့ ဆရာစံနဲ့ ဦးထွန်းလှဂျူန် အဖွဲ့ကို တောနင်းရှာတော့တာပဲ။ ရန်သူက အဖက်ဖက်ကနေ နည်း ဗျူဟာမျိုးစုံနဲ့ ပိုင်းလိုက်နေတာ။

✿ ✿ ✿

# [ ၁၁ ]

နယ်ချဲ့လွှေးကို သစ်မိုးသောက်မည့်ဂျူန်

❑

စစ်ကဲကြီးဦးထွန်းလှနဲ့ ဦးရဲဘော်တို့က ဆရာစံကို အမိ၊ အကျ ခံနိုင်ဘူး။ နောက်ကလည်း အတင်းဖိလိုက်နေတယ်။

နယ်သတင်းတွေကြားရတာလည်း စိတ်ထိခိုက်စရာပဲ။

သာယာဝတီခရိုင်ကနေ ဆရာစံ ရှောင်တိမ်းလာပြီးနောက်ပိုင်း အင်္ဂလိပ်နယ်ချဲ့ကို သူသေကိုယ်သေ တော်လှန်တိုက်နေသူတွေ ရှိ တယ်။

သူတို့က ...

ခရစ်ရှုနာမှုတူး၊

စစ်သားဟောင်း ဗိုလ်စံထူး၊ ဗိုလ်မြတ်အောင်၊ ဆရာကျင်၊

အင်းစိန်နဲ့ ဟသ်ာတနယ်စပ်တစ်လျှောက်မှာက ...

ဗိုလ်အောင်ရွှေနှင့် ဗိုလ်အောင်ဖေ ညီအစ်ကို၊

သို့သော် သူတို့မှာ နောက်လိုက်တပ်သားတွေ ရှိပါသော်လည်း ရဲစွမ်းသတ္တိနှင့် ပြည့်စုံကြပါသော်လည်း ...

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

အချင်းချင်း၊ အဖွဲ့ချင်း ပူးပေါင်းတိုင်ပင်မှု မရှိကြဘူး။ စည်းလုံးမှု မရှိကြဘူး။ ဝါးအစည်းပြေသလို ကွဲနေကြတော့ ရန်သူရဲ့ တိုက်ခိုက်ချေမှုန်းတာကို အလူးအလဲခံနေရတယ်။

ဒီသတင်းတွေ ဆရာစံကြားရတော့ စိတ်မကောင်းခဲ့ဘူး။ သူလည်း အောက်အရပ်ကို ဆင်းဖို့ မလွယ်ဘူးလေ။

(နောင်အခါ ၁၉၃၁ ခုနှစ်၊ မေလဆန်းမှာ တော်လှန်ရေးသမားခရစ်ရှုနာမှူးတူးကို တိုက်ပွဲမှာ အင်္ဂလိပ်အစိုးရက ဒဏ်ရာနဲ့ မိသွားခဲ့တယ်။

မကြာဘူး၊ တော်လှန်ရေးသမား ဖိုးမှူကို လက်ပံတန်းအရှေ့ (၁၂) မိုင်အကွာ ညောင်ပေဆင်းရွာမှာ မိသွားတယ်။

ဆုငွေ (၂၅၀)ကျပ် ထုတ်ထားတဲ့ ဗိုလ်အောင်ကျော်ကို စိန့်စဲ့ရွာမှာ ရန်သူက ဖမ်းမိသွားတယ်။

ဗိုလ်စံထူးတို့ ဂဠုန်သူပုန်အဖွဲ့နဲ့ အစိုးရတပ်တို့ စိန်ကန့်လန့်ရွာမှာ မျက်နှာချင်းဆိုင်တိုက်ပွဲ ဖြစ်ကြတယ်။

မီးကုန်၊ ယမ်းကုန် တိုက်ကြတယ်။

သူတို့က ဗိုလ်စံထူးကို အရှင်လိုချင်ကြတာ။

သို့သော် ဗိုလ်စံထူးကို မမိဘူး၊ လွတ်သွားတယ်။ ဒါပေမင့် ဗိုလ်စံထူးရဲ့လက်ရုံး ဗိုလ်ချစ်တီးအပါအဝင် ဂဠုန်တပ်သား (၅)ဦး ကျဆုံးသွားခဲ့ရတယ်။ နောက်ပိုင်းမှာ အစိုးရထံ လက်နက်ချသူများ၊ တိုက်ပွဲမှာ ကျဆုံးတဲ့အရေအတွက် မနည်းတော့ဘူး။

အင်္ဂလိပ်အစိုးရက ဂဠုန်သူပုန်တွေရဲ့ သားမယား မိသားစုတွေ၊ အားပေးကူညီသူတွေကို အတင်းအဓမ္မဖမ်းပြီး မင်းလှနဲ့ သာယာဝတီထောင် အကျဉ်းစခန်းမှာ ချုပ်နှောင်ထားတယ်။

ဂဠုန်သူပုန် အတော်များများဟာ ရှောင်တိမ်းပြီး စားရေးသောက်ရေးဒုက္ခ၊ တောင့်ကျပ်များရဲ့ဒုက္ခနဲ့ မိသားစုသားမယား မိဘများ အသားလွတ် ဖမ်းဆီးနှိပ်စက်တာကို မမြင်၊ မရှုရက်၊ မကြားရက်တော့ . . .





လက်နက်ချ အဖမ်းခံကြတယ်။

အချို့က ဝန်ချတောင်းပန် (အလင်းဝင်) ကြတယ်။

အချို့က လုံးဝလက်နက်စွန့်ပြီး မိသားစုနဲ့ အဝေးမှာသွားနေရတာတွေ ရှိလာတယ်။

ကြည့်လေ . . . ဗိုလ်ရှုမ်းဖြူ။

ဒါ . . . ဆရာစံတပည့်အရင်း သူရဲကောင်းတစ်ဦး။

ဗိုလ်ရှုမ်းဖြူက နောက်လိုက်နောက်ပါတွေနဲ့ မီးကုန်းနယ်တစ်ဝိုက်မှာ အင်္ဂလိပ်အစိုးရတပ်တွေကို အရဲအဝံ့တိုက်နေတဲ့ သူပုန်ခေါင်းဆောင်။

သတ္တိကောင်းတယ်၊ ဉာဏ်ရှိတယ်၊ ရဲတင်းတယ်။ အစိုးရကင်းခန်းတွေကို ဝင်တိုက်တာလည်း အောင်မြင်တယ်။

ဒါကြောင့် နာမည်ကြီးတဲ့ ဗိုလ်ရှုမ်းဖြူကို အသေရရ၊ အရှင်ရရ လိုချင်နေတာက အင်္ဂလိပ်အစိုးရ။

မကြာဘူး . . . သာယာဝတီမှာ စုဝေးနေတဲ့ အစိုးရစစ်တပ်တွေတပ်န်းကို အားလုံးပို့လိုက်တယ်။

“ဗိုလ်ရှုမ်း . . . သာယာဝတီတပ်တွေ ရောက်လာပြီ”

“ရောက်လည်း ငါတို့ နောက်မဆုတ်ဘူး။ တိုက်မယ်”

“ဒီမှာဟေ့ . . . ရွာတွေကြေမယ်။ ရွာပြင်မှာ တိုက်မယ်”

၁၉၃၂ ခု၊ ဖေဖော်ဝါရီလ (၁၅)ရက်နေ့ အင်အားအလုံးအရင်း လက်နက်ပေါင်းစုံနဲ့ ကျည်သွန်ပစ်တဲ့ တိုက်ပွဲကြီးကြားမှာ ဗိုလ်ရှုမ်းဖြူကို အင်္ဂလိပ်အစိုးရ လက်ရဖမ်းမိသွားခဲ့တယ်။

“တောက် . . .”

ရှုံးမကို ဆုတ်သွားတဲ့ . . . ဗိုလ်မြတ်အောင်၊

ပြေလမှာ အစိုးရထံ လက်နက်ချသတဲ့။

မတတ်နိုင်ဘူးလေ။ ဆရာစံလည်း ဝင်ကြီးကြပ်ဖို့ အခြေအနေမပေးတော့ဘူး။


www.burmeseclassic.com

www.burmeseclassic.com



သို့သော် တစ်ပိုလ်ကျ။ တစ်ပိုလ်တက်ရှိနေလို့ ဆရာစံ စိတ်ဓာတ် မကျခဲ့ဘူး။ အခု နေရာတိုင်းမှာ အင်္ဂလိပ်အစိုးရကို တော်လှန်ပုန်ကန် နေကြပြီ။

တိုက်ပွဲခေါ်သံတွေ ခြိမ့်ခြိမ့်ညံနေတယ်။

သွေးချောင်းလျှံနေပေမဲ့ နောက်ဆုတ်ပြေးတဲ့သူ မရှိတာလည်း ဆရာစံ ကြားနေရတယ်။

ငါတို့က လယ်သမားသူပုန်တွေ။

လယ်သမား ဂျွန်တွေ။

ဂျွန်တွေ သူပုန်ဖြစ်ချင်လွန်းလို့ မဟုတ်။ ဖိနှိပ်၊ ညှဉ်းပန်း၊ နှိပ်စက်၊ မတရားကျွန်ပြု အင်္ဂလိပ်အခွန်ကတစ်မျိုး၊ ချစ်တီးငွေရှင်က တစ်မှောက်၊ မြန်မာမြေပိုင်ရှင်၊ အရင်းရှင်များက ရက်စက်ကြလွန်းလို့ ...

မခံနိုင်လွန်းလို့ ပုန်ကန်ရတာ၊ တိုက်ရတာ။

ငါတို့နဲ့ အင်္ဂလိပ်အစိုးရနဲ့ လက်နက်ချင်း ယှဉ်လို့မရတာ သိဒေါ် မင်း ပါတော်မူပြီးကတည်းက သိတာပါ။

ငါတို့ အဘိုး၊ အဖေတွေ လက်နက်မညီမှန်းသိပေမဲ့ ဓား၊ လှံ၊ လေး၊ မြားနဲ့ အင်္ဂလိပ်နယ်ချဲ့ကို တိုက်ခဲ့ကြတယ်။

မင်းကြီး ရွှေလရောင်ရဲ့သွေး။

မြန်မာ့မြေပေါ်မှာ မခြောက်သေးဘူး။

ရွှေချီးဖြူမင်းသားရဲ့ ဓားဆောင့်သံဟာ မသုဉ်းသေးဘူး။

ဝန်းသိုစော်ဘွား ဦးအောင်မြတ်ရဲ့ စစ်ချီသံဟာ ခုထက်ထိ ကောင်းကင်ပေါ်မှာ လွင့်ပျံ့ ဝဲနေတုန်းပဲ။

မင်းကြီးမဟာဗန္ဓုလလည်း တိုက်ပွဲရဲ့ ကျည်ပေါက်ကွဲကြားမှာ အသက်စွန့်ခဲ့တယ်။

ငါတို့ ကရင်၊ ရှမ်း၊ ချင်း၊ ကချင်၊ ရခိုင်တွေ သူ့ကျွန်ဘဝမရောက် ချင်လို့ သွေးမြေကျတိုက်ပွဲတွေကို ဂုဏ်ဝင်ကျန်အောင် တိုက်ခဲ့ ရှေးခဲ့ တယ်။

စိတ်ကူးသစ်စာပေ

တို့မြန်မာတိုင်းရင်းသားတွေ ကိုယ့်မြေပေါ်မှာ ကျွန်ဖြစ်နေရ တယ်။ မြန်မာဆိုတာ ကျွန်လူမျိုးမဟုတ်ဘူး။

ကချင်၊ ကရင်၊ ရှမ်း၊ မွန်၊ ကယား စသည့် တိုင်းရင်းသားတွေက သည်၊ နယ်ချဲ့ကျွန်ခံဖို့ မွေးဖွားလာတာ မဟုတ်ဘူး။

ဟသ်ာတမှာ ကြည့်စမ်း။

ဂျွန်ဗိုလ်တွေ မွေးဖွားလာလိုက်တာ ဗိုလ်ဝေ၊ ဗိုလ်အန်တီ၊ ဗိုလ်ဖေပုတို့၊

ဗိုလ်အောင်ဒင်တို့၊

ရေလဲက ဗိုလ်အုန်းပွင့်တို့၊

ပြည်ခရိုင်မှာ ဆရာမြ၊

မှတ်တိုင်မှာ ဗိုလ်ချက်စူ၊ ဗိုလ်ပန်းမြိုင်၊

ပေါက်ခေါင်းမှာ ဗိုလ်လှမောင်နဲ့ ဗိုလ်ဖျော်၊

အုတ်ဖိုမှာ ဗိုလ်ဖိုးစော၊

အင်းစိန်ကကူးလာတဲ့ ဗိုလ်ညိုမြ၊

အဲဒါ နယ်ချဲ့အင်္ဂလိပ်ရဲ့သွေးကို အစိမ်းသောက်ဖို့ ငှက်ကြီး ဆောင်ဓားနဲ့ သေနတ်ကိုင်ပြီး တိုက်ပွဲဝင်တဲ့ ဂျွန်သူပုန်ခေါင်းဆောင်တွေ ဆို မများဘူး။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၂ ]

## လမိုင်းတောင်ပေါ်မှာ ပျောက်ဆုံးတဲ့ဆရာစံ

❑

သို့သော် . . .

မြန်မာတိုင်းရင်းသား ဂျွန်တွေမှာ လက်နက်ကောင်းမရှိဘူး

စစ်ရေးလေ့ကျင့်မှု မရှိဘူး။ ရိက္ခာမရှိဘူး။

စစ်ကူ မရှိဘူး။

ရန်သူနဲ့ အခြေအနေက အများကြီးကွာတယ်။

ရန်သူက အဝေးကနေ စိန်ပြောင်းနဲ့ပစ်တယ်၊ စက်သေန

နဲ့ ပစ်တယ်။

ဂျွန်တွေ အတုံးအရုံး ကျခဲ့ရတယ်။

အခုလည်း ကြည့်။

ရွှေဘိုက ဆက်သားရောက်လာတယ်။

ဆရာစံက ရွှေဘို၊ ဒီပဲယင်းသားလေ၊

ရွှေဘိုက အလောင်းမင်းတရားကြီးရဲ့ နယ်မြေ။ သူရဲကောင်း

မွေးရာဇာတိ။





ဆရာကြီး ရွှေဘိုကို ကြွပါတဲ့။

ရွှေဘိုက လယ်သမားများကလည်း အင်္ဂလိပ်နယ်ချဲ့အစိုးရကို မြီး

ချချင်နေတာ လက်ယား၊ သွေးဆာနေပါတယ်တဲ့။

ဆရာကြီးဆရာစံကိုယ်တိုင် လာရောက်စည်းရုံးပြီး ခေါင်းဆောင်မှု

ပေးပါတဲ့။ ကိုင်း . . . ဘယ့်နှယ်လုပ်ရပါ့။

နောက်ဆုံး ပြောလိုက်တယ်။

"စိတ်ချနေ . . . ရွှေဘိုကို ကျုပ် လာခဲ့မယ်"

လာမည်လို့ ကတိပေးပြီးမှ အင်္ဂလိပ်အစိုးရ၊ စုံထောက်၊ ပုလိပ်

နဲ့ စစ်သားတွေက အတင်းတောနင်းရှာနေတာ။

အမိခံလို့ မဖြစ်သေးဘူး။

"စစ်ကဲကြီး . . ."

"ဗျာ . . . ဆရာကြီး"

"ဒီနယ်မြေကို စစ်ကဲကြီး ကျွမ်းသမို့လား"

"ကျွမ်းပါတယ် . . . ဆရာကြီး"

"အမြန် ရှောင်ကြစို့"

စစ်ကဲကြီးဦးထွန်းလှ ခေါင်းဆောင်ပြီး ဆရာစံတို့ (၁၇) ဦး

နောင်ချိုမြို့မြောက်ဘက် ရေလည်တောင်တန်းပေါ်ကို ရောက်လာကြ

တယ်။

သို့သော် လမ်းခရီးက ပိုကြမ်းလာလို့ လမ်းပြတွေပါ ခေါ်ပြီး

ရှေ့ခရီးကို ဆက်ရတယ်။

ဒီလိုနဲ့ လမိုင်းတောင်ပေါ်ကို ဆရာစံတို့ ခက်ခဲကြီးစွာ တက်

ရောက်ခဲ့ရတယ်။ ရန်သူမလိုက်နိုင်တော့ဘူးလို့ ယူဆရတယ်။

"အား . . ."

"ဟာ . . . ဆရာကြီး . . . ဆရာကြီး၊ ဘာဖြစ်လို့လဲ"

"ရပ်ဟေ့ . . . ရပ်ကြ"

"ဆရာကြီး . . . ဘာဖြစ်လို့လဲ"

"ညှောင့်ဖျားစူး ဆရာစံကို ထိသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com

ညှောင့်စူးက ဖနောင့်နေရာ ချက်ကောင်းကိုစူးနေတာ။ မှောင်ကလည်း မှောင်နေတော့ ဘာမှမမြင်ရဘူးကိုး။

ဒီမှာပဲ ဘုရားဒကာ ဦးသာပိုက်က ညှောင့်စူးရဲ့အခြေအနေကို သိချင်လို့ မီးခြစ်ထွန်းညှိပြီး ညှောင့်စူးကို ဆွဲနုတ်လိုက်တယ်။

ဒီမှာပဲ . . .

လမိုင်းတောင်ခြေမှာ ကင်းစခန်းချစောင့်နေတဲ့ ပုလိပ်က တောင်ပေါ်ကမီးရောင်ကို မြင်သွားပါရော။

''ဒိုင်း . . .''

''ဒိုင်း . . .''

''ကိုသာပိုက် . . . မီးငြိမ်းလိုက်''

''ဝပ်နေ . . . မထနဲ့''

ဆရာစံက ဒဏ်ရာကြီးနဲ့ အမိန့်ပေးလိုက်တယ်။ အားလုံး တောင်ပေါ်မှာ နေရာယူ ဝပ်နေလိုက်ကြတယ်။

ရန်သူ မြင်သိသွားပြီ။

''အဲဒါ ကျုပ် မီးထွန်းလိုက်လို့ပါ . . . ဆရာကြီးရယ်၊ ကျွန်တော့်အမှားပါ ခင်ဗျာ''

''မပြောနဲ့တော့။ ကျုပ်တို့ ဘယ်ကိုရှောင်ကြမလဲ စဉ်းစား''

''ဆရာကြီး . . . မန္တလေးဝန်းကျင်မှာ ရှောင်နေရင် လုံခြုံမှုမရှိဘူး။ ကျုပ်တို့ ရှမ်းပြည်နယ်ဘက်ကို ရှောင်ကြမယ်။ ဟိုမှာ ကျုပ်တို့လူအချို့ ရှိတယ်''

''ကောင်းသလိုလုပ်''

ဒီမှာပဲ ဗလကောင်းကောင်း ဂျူန်အဖွဲ့ဝင်များက ညှောင့်စူးလို့ ခြေထောက် ထောက်မရဖြစ်နေတဲ့ ဂျူန်သူပုန်ခေါင်းဆောင် ဆရာစံကို ပခုံးနဲ့ထမ်းပြီး ရှေ့မှာမြင်နေရတဲ့ ရှမ်းတောင်တန်းများရှိရာကို ဦးတည်သွားလိုက်ကြတယ်။

✿ ✿ ✿

# [ ၁၃ ]

ရှမ်းဆောင်ယာဖြိုပ်ဆောက်ပြီး ကိုယ်ပျောက်တယ်ကြားလို့

❑

''ဆရာကြီး . . .''

''ဘာတုံး . . . စစ်ကဲကြီး''

''ဆရာကြီးတို့ ဒီ နောင်ကွမ်းရွာတောထဲမှာပဲ ခဏနားပြီး နေရစ်ကြပါ။ ကျုပ်တို့ လိုအပ်တာတွေ စီစဉ်ဖို့ ဒီအနီးဝန်းကျင်မှာ သွားပြီး လေ့လာပါဦးမယ်''

''စစ်ကဲကြီး . . .''

''အမိန့်ရှိပါ . . . ဆရာကြီး''

''ရန်သူကို သတိထား''

''စိတ်ချပါ . . . ဆရာကြီး၊ ဟေ့ . . . ကိုသာပိုက်''

''ခင်ဗျာ . . . စစ်ကဲကြီး''

''ငါတို့ဆရာကြီးရဲ့အသက်ကို ခင်ဗျားတို့ စောင့်ရှောက်ပါ။ ကျုပ်တို့ သွားစရာရှိနေလို့ပါ''



www.burmeseclassic.com

www.burmeseclassic.com

“နောက်ပိုင်းကို စိတ်မပူပါနဲ့ ... စစ်ကဲကြီး၊ သွားသာသွားပါ”

သည့်နောက် စစ်ကဲဦးထွန်းလှနှင့် လူယုံဖိုးစောတို့ လမိုင်းကနေ မန္တလေးရှိရာကို ကားနဲ့ထွက်ခဲ့ကြတယ်။

စစ်ကဲကြီးတို့ ပြန်ရောက်မလာသေးခင်မှာပဲ ...

ဆရာစံတို့အဖွဲ့ စားနပ်ရိက္ခာ ပြတ်သွားပြီ။

“ရိက္ခာအခြေအနေ ဘယ်လိုလဲ ... ကိုသာပိုက်”

“ဒီနေ့စာပဲ ကျန်ပါတော့တယ် ... ဆရာကြီး”

“ဒီလိုနေရင် ရှေ့ခရီးဆက်ဖို့ စိတ်ဓာတ်ကျကုန်မှာပေါ့။ ရွာထဲကို ရိက္ခာသွားရှာခိုင်းရမယ်။ ဘယ်သူသွားမလဲ”

“ဆရာကြီး ... ဒီနေရာဝန်းကျင်ကို သိနိုင်တာကတော့ လမ်းပြခေါ်လာတဲ့သူပဲ သိနိုင်တယ်”

“ဟေ့ ... ဖိုးကာ၊ လာစမ်း”

လမ်းပြဦးဖိုးကာ ဆရာကြီးရှေ့မှာ ရပ်နေတယ်။

“မင်း ရွာထဲကို သွားနိုင်မလား”

“သွားနိုင်ပါတယ် ခင်ဗျ”

“ဒါဆို ရွာထဲကို ကြည့်ဝင်သွား။ မင်းတို့၊ ငါတို့စားဖို့ ရိက္ခာဝယ်ခဲ့။ ရော့ ... ပိုက်ဆံ”

“ဟုတ် ...”

“ဖိုးကာ ...”

“ခင်ဗျာ ...”

“လမ်းမှာ ဘယ်သူမေးမေး၊ ဘာမှမပြောနဲ့။ ကြားလား”

သည့်နောက် လမ်းပြဦးဖိုးကာက ပိုက်ဆံယူပြီး တောင်လမ်း၊ တောလမ်းအတိုင်း ဆင်းလာကာ နီးရာရွာမှာ ဆန်နှင့် အသားခြောက်များကို ရသလောက် ဝယ်နေလိုက်တယ်။





ဒီမှာပဲ ရွာထဲက သူကြီးက ရိက္ခာအများကြီးဝယ်နေတဲ့ ဦးဖိုးကာကို မသင်္ကာလို့ မေးပါရော။

“ဟေ့ကောင် ... မင်းနာမည် ဘယ်လိုခေါ်လဲ”

ဝိုင်းထားသူက သူကြီးနဲ့အဖွဲ့။ လက်နက်တွေနဲ့။

“ဖိုးကာလို့ ခေါ်ပါသဗျ”

“မင်း ရိက္ခာတွေဝယ်တာ များလှချည်လား”

“ဟို ... ဟို ... မိသားစု ... စား ... စားဖို့ပါ ခင်ဗျ”

“ဟေ့ကောင် ... ဒါ မိသားစုစားဖို့ မဖြစ်နိုင်ဘူး။ မင်း ... တောထဲက သူပုန်တွေအတွက် ဝယ်တာမဟုတ်လား။ မှန်မှန်ပြော”

“မ ... မ ...”

“ဖောင်း ...”

“အား ...”

“မင်း သူပုန်အတွက်ဝယ်တာ မှန်မှန်ပြောရင်ရော၊ မပြောရင် ခေါင်းမိန်းမရော၊ သားသမီးပါ ဖမ်းမယ်”

“မ ... မဖမ်းပါနဲ့ ... သူကြီးခင်ဗျာ။ ကျုပ် ... ကျုပ် ... အမှန်အတိုင်း ပြောပါ့မယ်ခင်ဗျာ။ မဖမ်း ... ပါနဲ့ ... ခင်ဗျာ”

“ကောင်းပြီ ...။ တောထဲက သူပုန်အမည် ဘယ်လိုခေါ်လဲ”

“ဟို ... ဟို ... ဆ ... ဆရာစံ ... ပါတဲ့ခင်ဗျာ”

“ဘာ ...”

“ဆရာစံ ...။ ဂဠုန်သူပုန်ခေါင်းဆောင် ဆရာစံလား”

“သူတို့ပြောပုံအရ ဟုတ်ပါတယ်ခင်ဗျ”

သူကြီး အလွန့်ကို ဝမ်းသာသွားတယ်။ တစ်နိုင်ငံလုံး နာမည်ကြီးနေတဲ့ လယ်သမားသူပုန် သူပုန်ဗိုလ်ကြီး ဂဠုန်ရာဇာဘွဲ့ခံ ဆရာစံတဲ့။

သူ့ကို ဆုတော်ငွေထုတ်ထားတာ။

“ကော်ပြီဟေ့ ...”

www.burmeseclassic.com

www.burmeseclassic.com

"ငကာ ..."

"ခင်ဗျာ ..."

"သူ ဘယ်နေရာမှာလဲဟေ့"

"ကုလားကွဲဒိုင်၊ ဟိုနို–နောင်ကွန်းရွာ တောထဲမှာ"

"ကောင်းပြီ ...မင်း ရိက္ခာတွေထမ်းပြီး ရှေ့ကနေသွား။ ငါ တို့ နောက်ကနေ ပုလိပ်အဖွဲ့နဲ့ လိုက်ခဲ့မယ်။ မင်း ဟစ်အော်ပြီး အသံပြု ရင် မင်းရော၊ မင်းမိသားစုရော သေပြီသာမှတ်။ မင်း လိမ္မာရင် ငါတို့ ဆုငွေရအောင် ပြောပေးမယ်။ နားလည်လား"

"ဟုတ် ..."

"ကိုင်း ...ရှေ့ကသွား"

လမ်းပြဖိုးကာ ရှေ့ကနေ နောင်ကွန်းရွာ တောထဲကိုသွားရော သူကြီးက သုံးဆယ်အပိုင် နယ်ပိုင်ဦးထွန်းတင်နှင့် မိုးလုံ့ဌာနအုပ် ဦးဟာန် တို့နှင့်ပူးပေါင်းပြီး နောက်ယောင်ခံ လိုက်ခဲ့ကြတယ်။

"ဟေ့ ...ရှေ့က ဘယ်သူလဲ။ ရပ် ..."

"ကျုပ် လမ်းပြဖိုးကာပါ။ ရိက္ခာဝယ်က ပြန်လာတာပါ"

"နောက်မှာ ဘယ်သူပါတုံး"

"ဘယ်သူမှ မပါပါဘူး"

"ရှေ့တိုးခဲ့"

ဖိုးကာ လိမ္မာသားပဲ။ ရှေ့တိုးပြီး ရိက္ခာများကို ချလို့ ဖြန့်ကြည့် နေတုန်းမှာပဲ ...

"ဟေ့ ...အားလုံးလက်နက်ချ"

"ဟင် ..."

"ဟာ ..."

"ဆရာစံ ...ခင်ဗျားတို့အားလုံးကို ကျုပ်တို့ရဲ့ပုလိပ်အဖွဲ့ ဝိုင်း ထားလိုက်ပြီ။ အားလုံး ငြိမ်ငြိမ်နေကြပါ"





ဒီမှာ တစ်ယောက်သော ဂျွန်အဖွဲ့သားက သေနတ်ကိုပြစ် ...ပစ်မလို့လုပ်ရော ...

"ဒိုင်း ..."

"အား ..."

လက်မောင်းကို ပုလိပ်ကျည်ဆန်ထိမှန်ပြီး လဲကျသွားခိုက်မှာ ...နယ်ပိုင်နှင့်အဖွဲ့က သေနတ်သံများ များများပေးပြီး အတင်းပစ်ခတ်ဝိုင်း ...ကြတယ်။

ဒီတော့မှ ဆရာစံလည်း သဘောပေါက်လိုက်တယ်။

ရိက္ခာသွားဝယ်တဲ့ လမ်းပြဖိုးကာ သစ္စာဖောက်လိုက်ပြီ။ နယ် ...ဦးထွန်းတင်နှင့် ဌာနအုပ် ဦးဟာန်တို့က အားလုံးကို သေနတ်နဲ့ချိန်ပြီး ...တ်ထိတ်ခတ်လိုက်တယ်။

အဲဒီမှာ အရပ်ပြတ်ပြတ်၊ ကိုယ်လုံးသေးသေး၊ မျက်ခုံးထူထူ၊ ...ခမ်းမွေးနဲ့ ခြေမထောက်နိုင်တဲ့လူကို သေနတ်တွေနဲ့ ဝိုင်းချိန်ထား ...ိုက်ပြီး ...

"ဆရာစံလား ..."

"ဟုတ်တယ်"

"ခင်ဗျားတို့ကို ကျုပ်တို့ပုလိပ်အဖွဲ့က ဖမ်းလိုက်ပါပြီ"

"ဒီမှာ ခင်ဗျားတို့ ဗမာလူမျိုးမဟုတ်ဘူးလား။ ကျုပ်တို့က ဖိနှိပ် ...ချယ်ပြီး ကျွန်ပြုနေတဲ့ အင်္ဂလိပ်နယ်ချဲ့အစိုးရကို တိုက်နေတဲ့ လယ် ...သမားသူပုန်တွေပါ။ ခင်ဗျားတို့ရင်ထဲမှာ မျိုးချစ်စိတ် ရှိနေသေးရင် ကျုပ် ...ကို မဖမ်းပါနဲ့"

ဆရာစံက ယောင်ကိုင်းနေတဲ့ ခြေထောက်ကို လက်နဲ့အုပ်ရင်း ...စည်းရုံးရေးတရား ဟောလိုက်တယ်။

ဒါပေမဲ့ ကျွဲပါးစောင်းတီးပါပဲ။

ကျွန်စိတ်ရှိတဲ့ လခစားဝန်ထမ်းက အုပ်ချုပ်တဲ့နယ်ချဲ့ကိုပဲ ...ည်လေးစားကြတယ်။ အမိန့်တော်မြတ်ကို နာခံလေ့ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com

စည်းရုံးလို့မရဘူး။

ပြက်ရယ်တောင် ပြုသေးရဲ့။

သည့်နောက် ဆရာစံသည် ရှိန်းဆာယာ ဖိုလ်မောက်ပြီး ကိုယ်ပျောက်တယ်လို့ ကြားဖူးတာနဲ့ ...

ဆရာစံကို လက်နှစ်ဖက် လက်ထိတ်ခတ်သည့်အပြင် ခြေထိတ်လည်း ခတ်လိုက်တယ်။

ပြီး ... ပိုစိတ်ချရအောင်လို့ ဝါးနဲ့ညှပ်ပြီး ဖမ်းကာ နောင်ချိုအချုပ်ထဲကို ပို့လိုက်ကြတယ်။

✿ ✿ ✿

[ ၁၄ ]

သီပေါမြို့ဝန် မျက်ရည်စို့ရတဲ့ နောင်ချိုအချုပ်

❑

ဒီမှာ သီပေါမြို့ဝန် ဦးဘာက နယ်လှည့်ရင်း နောင်ချိုကိုရောက်လာတော့ လယ်သမား ဂျွန်သူပုန်ဆရာစံ သီပေါအချုပ်ထဲရောက်နေမှန်း သိသွားရော။

"ဦးဟန် ..."

"အမိန့်ရှိပါ ... မြို့ဝန်မင်း"

"ကျုပ် ဆရာစံကို မမြင်ဖူးဘူး။ ခု ကြည့်ချင်တယ်"

သီပေါမြို့ဝန်က ကြည့်ချင်တယ်ပြောတော့ မလွန်ဆန်နိုင်ဘူးလေ။

ဒီတော့ ဆရာစံကို ပြရတယ်။

ကြည့်စမ်း ... နိုင်ငံကျော်၊ ကမ္ဘာကျော်၊ မျိုးချစ်လယ်သမားသူပုန် သူပုန်ဗျူဟာ ဂျွန်ရာဇာဘွဲ့ခံ ဆရာစံခမျာ အဝတ်အစားတွေ ချွတ်ပြတ်ပေရေလို့။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်လည်း ကြာကြာမထောက်နိုင်ဘူး။

ညှောင့်ရူးတဲ့ဒဏ်ရာက ဆေးကုမပေးတော့ ယောင်ကိုင်းနေတယ်။ သီပေါမြို့ဝန် ဆရာစံကိုကြည့်ပြီး စိတ်မကောင်းဘူး။

ဒီပုဂ္ဂိုလ်ဟာ သာမင်ညောင်ည ပုဂ္ဂိုလ်မဟုတ်ဘူး။

လက်နက်အင်အား၊ လူအင်အားကောင်းတဲ့ အင်္ဂလိပ်အစိုးရကို တော်လှန်ဖို့ တစ်နိုင်ငံလုံးက လယ်သမားတွေကို စည်းရုံးပြီး ရရာလက်နက်နဲ့ တော်လှန်ခဲ့တဲ့ သူရဲကောင်းကြီး။

လေးစားလောက်တဲ့ ပုဂ္ဂိုလ်ကြီး။

မြန်မာနိုင်ငံမှာ တစ်နေ့ သမိုင်းဝင်၊ ဂန္ထဝင်တွင်ကျန်ရစ်မည့် ဂျွန်သူပုန် တော်လှန်ရေးသမားကြီး။

"ဟူး … ကိုယ်ကလည်း အစိုးရရိက္ခာစားဝန်ထမ်း"

သူ့ရဲ့လွတ်မြောက်ရေးမှာ အကူအညီ မပေးနိုင်ဘူး။

သည့်နောက် သီပေါမြို့ဝန်က ဆရာစံကို ဝတ်စုံတစ်စုံ လှူဒါန်းလိုက်ရင်း …

"ဆရာစံ …"

"ပြောပါ … မြို့ဝန်ကြီး"

"ကျုပ် ဆရာစံကို အလွန်လေးစားပါတယ်။ ဆရာစံရဲ့ တော်လှန်ရေးစိတ်ဓာတ်ကို အံ့မခန်း ရိုသေဂုဏ်ပြုပါတယ်။ ဆရာကြီးကို ရိုသေလေးစား ဂုဏ်ယူလွန်းလို့ ကျုပ် ဆရာကြီးကို ဟောဒီဝတ်စုံနဲ့ ဂုဏ်ပြုပူဇော် လှူဒါန်းတာပါ။ ဆရာစံ … ကျုပ် စိတ်မကောင်းပါဘူးဗျာ၊ ကျုပ် ဒီမှာရှိနေသ၍ ဆရာကြီးကို ပြုစုပါ့မယ်။ ဒီဝတ်စုံကို လက်ခံပါနော်"

မျက်ရည်စို့ပြီး တုန်ခါသံနဲ့ ပြောနေတဲ့ သီပေါမြို့ဝန်ပေးတဲ့ ဝတ်စုံကို ဆရာစံ အလှူခံပြီး သာဓု ခေါ်လိုက်ရော။

မြို့ဝန်ကြီး မျက်ရည်စို့ရွဲနဲ့ အချုပ်ထောင်ပေါ်ကနေ ပြေးဆင်းသွားတော့တယ်။

ဆရာစံ နားလည်လိုက်ပါတယ်။

စိတ်ကူးသစ်စာပေ

နယ်ချဲ့အစိုးရဝန်ထမ်းတွေ၊ အာဏာပိုင်တွေထဲမှာလည်း ဂျွန်သူပုန်တွေအပေါ် ကိုယ်ချင်းစာ နားလည်သူများ ရှိပါသေးလား ဆိုတာကိုပေါ့။

အံ့ဩစရာကောင်းတာက …

ဆရာစံဟာ ကြိုးစင်ပေါ် ရောက်သည်အထိ သီပေါမြို့ဝန်ကြီး ပေးလှူသွားသည့် ပုဆိုး၊ အကျီနှင့် ခေါင်းပေါင်းကို လေးစားမြတ်နိုးစွာ ဝတ်ဆင်ပြီး ကြိုးဒဏ်ကို ရဲရဲဝံ့ဝံ့ ခံယူသွားခဲ့တယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၁၅ ]

## ကြိုးစင်ပေါ် ရင်ကော့တက်သွားကြသူများ

❑

မန္တလေးမှာလည်း စစ်ကဲကြီးဦးထွန်းလှတို့ အဖမ်းခံရတယ်။ ဖိုးဘကျော်ဆရာတော် ဦးကေသရကိုတော့ ပြန်လွှတ်လိုက်တယ်။

ရှမ်းပြည်နယ်ဘက်မှာ စစ်ကဲကြီးဦးထွန်းလှတို့၊ ဦးစောတို့ လှုပ်ရှားတာသိတော့ သီပေါထောင်ထဲကို ပို့လိုက်ကြတယ်။

သီပေါထောင်ထဲမှာလည်း ဂျွန်သူပုန် (၁၅၀) ကျော်ကို ဖမ်းထည့် စစ်ဆေးနေတယ်။

ပုလိပ်က သက်သေလိုချင်တော့ ဦးထွန်းလှကို ဆရာစံနဲ့တွေ့ပေးတယ်။

“ဆရာစံ . . . ဒီလူကို သိလား”

“မသိဘူး”

ဆရာစံက သူ့လူ စစ်ကဲကြီးဦးထွန်းလှကိုကြည့်ပြီး မသိဘူးလို့ ငြင်းလိုက်တယ်။ သိတယ်ပြောရင် ဇာတ်က ပိုဆိုးသွားမယ်လေ။





ဆရာစံအမှုတွင် ကူညီဆောင်ရွက်ပေးကြသည့် ရှေ့နေကြီးများ
(ဝဲမှယာ) ဦးချစ်ညွန့်၊ ဦးဘရှိန်၊ သခင်မိန်၊ သခင်မြ၊ ဦးသူငယ်နှင့် စာရေးတစ်ဦး



ဆရာစံအမှုကို စစ်ဆေးသော တရားသူကြီးများ
(ဝဲမှယာ) မစ္စတာဒါဗတ်၊ မစ္စတာကန်းလစ်၊ ဦးဘဦး

www.burmeseclassic.com

www.burmeseclassic.com

"ထွန်းလှ ... ဟောဒီရွှေကလာကို သိလား"

"မသိဘူး"

စစ်ကဲကြီး ဦးထွန်းလှကလည်း ဆရာစံကိုကြည့်ပြီး ငြင်းကွယ် လိုက်တယ်။

"ဒါ ဂျုန်သူပုန်ခေါင်းဆောင် ဆရာစံလေ"

"မသိဘူး"

"ခင်များတို့ကို သွေးဆောင်စည်းရုံးခဲ့တာ သူပဲ။ နာမည် ဆရာစံတဲ့။ သိတယ်မဟုတ်လား"

"လုံးဝ မသိဘူး"

"ဟူး ... အလကား ညာနေကြတယ်"

စစ်ကဲကြီးက မသိဘူးချည်း လုပ်နေတော့ ပုလိပ်အရာရှိ စိတ်ညစ်သွားကြရော။

နောက်(၃)ရက်ကြာတော့ ဦးထွန်းလှရဲ့ ယေသူငယ်ချင်းရာဇဝင် အမတ်ကြီး စောခွန်မြတ် လာရောက်ချော့မော့ မေးမြန်းတော့မှ ဦးထွန်း လှက သူတို့လုပ်ခဲ့သမျှကို ဖွင့်ပြောပြလိုက်တယ်။

သည့်နောက် သီပေါထောင်ကနေ သာယာဝတီထောင်ကို တပ်အစောင့်များစွာနဲ့ ပို့ကြတယ်။

ဆရာစံကို ဖမ်းမိသွားပြီးနောက် ဂျုန်သူပုန်တွေ လက်နက် ခဲ့လိုက်ကြတယ်။

သာယာဝတီခရိုင်၊ ပြည်ခရိုင်၊ သရက်ခရိုင်၊ ဟင်္သာတခရိုင် အင်းစိန်ခရိုင်၊ ပဲခူးခရိုင်က လက်နက်ချသူပေါင်းဟာ (၆၃၉၁) ရှိခဲ့တယ် ဖမ်းမိထားတဲ့ ဂျုန်သူပုန်တွေ များလွန်းလို့ သာမန်တရားရုံးနဲ့ စစ်ဆေး ရင် ကြာမယ်။ ကြာရင် စိုးရိမ်စရာ ရှိမယ်။

ဒါကြောင့် ၁၉၃၁ ခုနှစ်၊ မတ်လမှာ ဘုရင်ခံရဲ့အမိန့်နဲ့ မြန်မာ ပြည် တော်လှန်ပုန်ကန်မှုများ တစ်ချက်လွှတ်အမိန့်ကို ထုတ်ပြန်ကြေညာ ခဲ့တယ်။





အစိုးရက ဖမ်းမိတဲ့သူပုန်များကို အချိန်မဆွဲထားချင်ဘူး။

အမြန်စစ်ဆေးပြီး ကြိုးပေးသတ်ချင်နေတယ်။

ဒါကြောင့် အထူးခုံရုံးကို အမြန်ဖွဲ့ပေးလိုက်တယ်။

အထူးခုံရုံးမှာ ဥက္ကဋ္ဌအဖြစ် တရားဝန်ကြီး မစ္စတာကာမ်းလစ်ဖ် Mr.Justice Cunliffe အဖွဲ့ဝင်များအဖြစ် အငြိမ်းစားစက်ရှင်တရားသူကြီး မစ္စတာဒါဝုဒ်(ဒ်) Mr.Darwood နှင့် စက်ရှင်တရားသူကြီး ဦးဘဦး (နောင် ပြည်ထောင်စုသမ္မတဟောင်း) တို့ကို ခန့်ထားတယ်။

ပထမဆုံး ဂျုန်သူပုန်တွေကို အထူးခုံရုံးနဲ့ စစ်ဆေးတာ။ ဖျာပုံ ခရိုင် ဒေးဒရဲမြို့နယ်၊ ထန်းတောရွာက သူပုန်ခေါင်းဆောင်ဦးအောင်လှ ရဲ့ အပေါင်းအပါ ဂျုန်သူပုန်တွေပဲ။

သူတို့ကို အိန္ဒိယရာဇသတ်ကြီးပုဒ်မ ၁၂၁ အရ တရားစွဲဆို ထားတယ်။ ပုဒ်မ ၁၂၁ ရဲ့ အဓိပ္ပာယ်က ...

မည်သူမဆို အရှင်ကေရာဇ် ဘုရင်မင်းမြတ်ကို စစ်မက်ပြိုင်ဆိုင် လျှင်၊ စစ်မက်ပြိုင်ဆိုင်ရန် အားထုတ်လျှင် စစ်မက်ပြိုင်ခြင်းကို အား ပေးကူညီလျှင်ဖြစ်စေ ထိုသူကို သေဒဏ်သော်လည်းကောင်း၊ တစ်သက် တစ်ကျွန်းသော်လည်းကောင်း ပြစ်ဒဏ်စီရင်ပြီးလျှင် ၎င်းသူပိုင်ပစ္စည်း ဥစ္စာ ဆိုင်ရပ်ကို သိမ်းယူရမည်လို့ အဓိပ္ပာယ်ရှိတယ်။

ဖျာပုံခရိုင်မှာ ခုံရုံးဖွဲ့စစ်ခဲ့တယ်။

ရှေ့မှာရေးခဲ့သလိုပါပဲ၊ ဒေါက်တာဘမော်ကိုယ်တိုင် ဂျုန်သူပုန် ဘက်ကနေ လိုက်ပါဆောင်ရွက်ပေးခဲ့ပေမယ့်။

ပြစ်ရပ်တွေက သက်သေထင်ရှားနေတော့ ...

ပြီး ... ဂျုန်သူပုန်များကို နှိပ်ကွပ်ချင်နေတော့ (၁၅)ဦးတိတိ သေဒဏ်ပေးခံရပြီး (၅၆)ဦးကို တစ်သက်တစ်ကျွန်း ပြစ်ဒဏ်စီရင်လိုက် တယ်။

ဒေါက်တာဘမော်က အယူခံဆက်ဝင်ခဲ့တယ်။ အယူခံဆက်ဝင် ရာမှာ ဒေါက်တာဘမော်နှင့်အတူ ဦးကျော်ခင်တို့ လိုက်ပါဆောင်ရွက်ပေး



www.burmeseclassic.com

www.burmeseclassic.com

ကြပေမင့် ဦးအောင်လှတို့သားအဖ အပါအဝင် ဦးဘိုးချစ်နဲ့ ဦးဘိုးမင်း တို့ကို အယူခံပယ်လိုက်ပြီး ရက်စက်စွာ သေဒဏ်ပေးလိုက်တယ်။

သူတို့ကို စီရင်ချက်ချပြီးနောက် ဖျာပုံထောင်ကနေ ရန်ကုန် ထောင်ကြီးကို ပို့လိုက်တယ်။

ထန်းတောရွာက သူပုန်ကြီး ဦးအောင်လှရဲ့ ဇနီးနဲ့ သားသမီး များက ဦးအောင်လှတို့ အယူခံနိုင်ပြီး လွတ်မြောက်လာမှာလို့ ထင်ထား တာတဲ့။

ဆွေမျိုးတွေကြားမှာလည်း အဲဒီလိုပဲ ယူဆထားကြတယ်။ ...တော့ သားရော၊ အဖေပါ ကြိုးပေးခံရပြီ။

သူတို့သားအဖ ကြိုးစင်ပေါ်ကို မကြောက်မရွံ့ ရင်ကော့ပြီး တက် သွားခဲ့တယ်။

"ဘဝဆက်တိုင်း နယ်ချဲ့အစိုးရကို တိုက်ခိုက်အနိုင်ယူရပါစေ ၏" လို့ ကြိုးစင်ပေါ်မှာ ဦးအောင်လှရဲ့သား မိုလ်ဘစိန်က ဟစ်အော် တယ်။

သည့်နောက် ဦးအောင်လှနဲ့ အပေါင်းအပါများကို ကြိုးပေးသတ် ပစ်ခဲ့လိုက်တယ်။

သို့သော် ...

ထန်းတောရွာသား ဂျူန်သူပုန်တို့ရဲ့ သတ္တိနဲ့ ယုံကြည်ချက်တွေ ခေတ်တွေ၊ စနစ်တွေသာ အမျိုးမျိုး ပြောင်းသွားခဲ့ပေမင့် သမိုင်းကုတ် ဟာ ယနေ့တိုင် မညှိုးနွမ်းခဲ့ပါဘူး။

❁ ❁ ❁

[ ၁၆ ]

ရက်စက်တဲ့ ဘသူဆိုရှိုးနဲ့ ဂျူန်ဆရာစံ

❑

ဖျာပုံမှာ ဂျူန်သူပုန်တွေကို အမှုစီရင်ခဲ့တဲ့ ခုံရုံးအဖွဲ့ဝင်တွေ ဟာ ဖျာပုံကနေ သာယာဝတီကိုသွားပြီး ခုံရုံးထိုင်ကြတယ်။

သာယာဝတီမှာလည်း ဂျူန်သူပုန်တွေကို ရက်ရက်စက်စက် စီရင်ရဦးမှာကိုး။

အစိုးရယုတ်မာပုံကို ကြည့်စမ်း။

ဂျူန်သူပုန်တွေကို ရက်ရက်စက်စက် အပြစ်ပေးနိုင်အောင် အပြစ် ဒဏ်က လုံးဝ မလွတ်နိုင်အောင် သက်သေတွေအများကြီး စုဆောင်း ထားပြီးပြီ။

သို့သော် ... ဂျူန်သူပုန်တွေအတွက် အစိုးရက သာယာဝတီ ကရှေ့နေကြီး ဦးသူငယ်တစ်ယောက်ကိုပဲ ငှားပေးသတဲ့။

ရှေ့နေကြီးဦးသူငယ်ကလည်း မြန်မာလူမျိုးပဲဗျာ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

အစိုးရ မတရားလုပ်နေတာကို နားလည်သိရှိတော့ သာယာဝတီ၊ လက်ပံတန်း၊ သုံးဆယ်မြို့များက နိုင်ငံကျော်ရှေ့နေကြီးများဖြစ်ကြတဲ့ . . .

သခင်မြ၊ ဦးဘတင်၊ ဦးစံဝင်း၊ ဦးချစ်ညွှန့်၊ ဦးဘရှိန်၊ သခင်စိန်ရဲ့ထံ အကူအညီတွေကို ရယူပြီး ဂျွန်သူပုန် တော်လှန်ရေးသမားဘက်ကနေ မားမားရပ်ပြီး အကျိုးဆောင်ရွက်ပေးခဲ့ကြတယ်။

ဂျွန်သူပုန်တွေကို သာယာဝတီထောင်ရဲ့ ဆေးရုံအပေါ်ထပ် အခန်းကျဉ်းကျဉ်းကလေးထဲမှာ ကျပ်ကျပ်ညပ်ညပ် စစ်ဆေးကြတာ။

အပြင်လူ ဘယ်သူမှ ဝင်ကြည့်လို့ မရဘူး။ အနားကပ်လို့ မရဘူး။ ဗမာပုလိပ်နဲ့ ကုလားစစ်ဗိုလ်ရိုတွေက စောင့်နေကြသေးတာ။

အင်္ဂလိပ်လူမျိုး ခုံရုံးဥက္ကဋ္ဌကလည်း မြန်မာဂျွန်သူပုန်တွေကို ကြည့်ပြီး သွေးလန့်နေတယ်လေ။

ဘာလို့လဲဆိုတော့ . . . အိန္ဒိယမှာ ပုလိပ်မင်းကြီးကို ဘင်္ဂါလီ တော်လှန်ရေးသမားတစ်ဦးက အနီးကပ် သေနတ်နဲ့ ပစ်သတ်လိုက်တဲ့ အကြောင်း သတင်းစာတွေထဲမှာပါလာတော့ ခုံရုံးဥက္ကဋ္ဌ ပိုလန့်နေတာပေါ့။

သူ့ရှေ့မှာ တရားခံအဖြစ်ရှိနေတာက သတ်ရဲ သေရဲတဲ့ ရဲရဲတောက် ဂျွန်သူပုန်တွေလေ။

အဲဒါ . . . ခုံရုံးလာတော့ ခြောက်လုံးပြူးသေနတ်ပါယူလာပြီး–


"ငါ့ကိုများ ရန်ပြုမယ်တော့ မကြံနဲ့နော်။ မင်းတို့ကို ငါက ဦးအောင်ပစ်မှာပဲ။ ဒီမှာတွေ့လား"

လို့ ကြိမ်းဝါးသတဲ့။

နာမည်ကြီးသူပုန်ခေါင်းဆောင် ခရစ်ရှနာမူတူးကို ဦးစွာ သေဒဏ်စီရင်လိုက်ခဲ့တယ်။ ဈေးဦးပေါက်လို့ပဲ ဆိုကြပါစို့။

အဲဒီမှာ သူပုန်ခေါင်းဆောင် ခရစ်ရှနာမူတူးက ခုံရုံးဥက္ကဋ္ဌကြီးကို လက်ညှိုးထိုးပြီး ပြင်းထန်တဲ့ စကားလုံးတွေနဲ့ စွပ်စွဲပြစ်တင်ပြီး တစ်





ဆရာစံကို အမှုစစ်ဆေးရန် အစောင့်ပုလိပ်များ၊ စစ်သားများ ဝိုင်းရံလျှက် သာယာဝတီအကျဉ်းထောင်မှ ထုတ်လာပုံ



ယခုလက်ရှိ သာယာဝတီထောင်မျှော်စင်ပုံ



www.burmeseclassic.com

www.burmeseclassic.com

သေဒဏ်မကဘူး၊ နှစ်သေဒဏ်ပေးလည်း မကြောက်ဘူးလို့ ရဲရဲ ရင်ကော့ပြီးတော့ ပြောချပလိုက်တယ်။

ပဌမမြောက် စစ်ဆေးခံရသူက ဆရာစံ။

ဆရာစံကို ရန်ကုန်ကတစ်ဆင့် သာယာဝတီထောင်ကို စစ်ပုလိပ်အစောင့်များစွာနဲ့ ပို့လိုက်တယ်။

ဆရာစံခမျာ ငှက်ဖျားရောဂါဝင်ပြီး ချမ်းတုန်နေရတဲ့အပြင် ခြေထောက်ကို ညှောင့်စူးထားတဲ့ ဒဏ်ရာကိုလည်း ဒင်းတို့က ဆေးဝါးလုံးဝကုသမပေးဘူး။ ဥပေက္ခာပြုထားတယ်။

ဆရာစံကလည်း ဆေးကုပေးပါလို့ တစ်ချက်ကလေး အသနားခံမပြောခဲ့ပါဘူး။ ခြေထောက်ကြီးဟာ ယောင်ကိုင်းနေတယ်။ မတ်မတ်တောင် မရပ်နိုင်ရှာဘူး။

အဲဒီလို မရပ်နိုင်တဲ့လူကိုမှ ခြေနှစ်ဖက်ကို သံခြေချင်းခတ်ပြီး ထပ်မံစိတ်ချရအောင် ဝါးပါ ညှပ်ထားခံထားရတယ်။

ည(၈)နာရီခန့်ကျမှ သာယာဝတီထောင်ကို ရောက်လာတယ်။ ပုလိပ်အရာရှိများက ရထားပေါ်ကနေ သူ့ကိုတွဲယူပြီး ကားပေါ်ကိုတင်လို့ သာယာဝတီထောင်ထဲကို တန်းပို့တာ။

အဲဒီလမ်းကြောင်းမှာလည်း ဆရာစံ လုံးဝ လမ်းမလျှောက်နိုင်လို့ ပွေ့ပြီး အထဲကို သွင်းရတယ်။

[ဒီနေရာမှာ ပါးစပ်ရာဇဝင်တစ်ခုကို ကျွန်တော်တို့ ကြားခဲ့ရပါတယ်။ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလဆန်းတုန်းက ကျွန်တော်တို့စာရေးဆရာအဖွဲ့ အလံတောင်ခရီးစဉ်ကို သွားရင်း လှည်းလမ်းကူးရွာနဲ့ တောင်သူလယ်သမား အရေးတော်ပုံကာလတုန်းက ပါဝင်တိုက်ခိုက်ကြတဲ့ ဂဠုန်သူရဲကောင်းတို့ ပေါ်ပေါက်ရာ ရွာအတော်များများကို ရောက်ခဲ့ကြတယ်။ ဒီမှာ အငြိမ်းစားထောင်ပိုင်ကြီးဦးမြဦး (စာရေးဆရာ မောင်မြဦး–မြောင်းမြ) က အဲဒီရွာအမည်များကို လက်ညှိုးထိုးပြီး တစ်ရွာချင်း ရှင်းပြခဲ့တယ်။





နေဝင်တော့ ကျွန်တော်တို့ သာယာဝတီအကျဉ်းထောင် ညှိုးသာကိုရောက်ပြီး အဲဒီမှာပဲ တည်းခိုအနားယူကြတယ်။

အဲဒီကိုရောက်မှ အငြိမ်းစားထောင်အရာရှိတစ်ဦးက ထူးဆန်းတဲ့စကားကို ပြောပြတော့တယ်။

"ဆရာတို့က ဆရာစံအကြောင်းကို ရေးမလို့တူရဲ့"

"ဟုတ်ပါတယ် . . . ဆရာကြီး။ ကျွန်တော်တို့ သာယာဝတီဒေသကို လာရခြင်း ရည်ရွယ်ချက်က ပထမ အလံတောင်ကိုသွားမယ်။ ပြီးသမိုင်းဝင် ဂဠုန်သူပုန်တို့ရဲ့ တိုက်ပွဲဝင်နေရာတွေကို သွားရောက်လေ့လာမယ်။ အဲဒီပြီးရင် ဆရာစံရဲ့သင်္ချိုင်းကို သွားရောက်ဂါရဝပြုကြမယ်။ ဒါနဲ့အတူ ဆရာစံကိုကြိုးပေးခဲ့တဲ့ သာယာဝတီထောင်က ကြိုးတိုက်ရယ်၊ ကြိုးစင်ရယ်ကို သွားလေ့လာမယ်။ ပြီးရင် စာရေးဆရာကြီး ကျော်မြသန့်ရေးခဲ့တဲ့ နာမည်ကျော် သာယာဝတီထောင်ကြီးဟာ ယခုအချိန်ထိ တည်ရှိနေခန်းလား၊ ပြုပြင်ရေးစခန်းလားဆိုတာကို သိချင်လို့ပါ"

"ကွန်မြူနစ်သောင်းကျန်းသူတွေ သတ်သွားလို့ ကွယ်လွန်ခဲ့ရတဲ့ သာယာဝတီထောင်အမှုထမ်းများကို ရည်စူးပြီး၊ ရေးထိုးခဲ့တဲ့ အမှတ်တရကျောက်တိုင်ရော ဆရာတို့ တွေ့ပြီးပြီလား"

"ဟုတ်ကဲ့ . . . တွေ့ပြီးပါပြီ ဆရာကြီး။ ထောင်ကိုသွားတဲ့ လမ်းမကြီးရဲ့ လက်ဝဲဘက်မှာပါ။ အဲဒီကာလတုန်းက ကျဆုံးသွားသူများရဲ့ အမည်စာရင်းနဲ့ နေ့စွဲတွေကို ကျောက်စာမျက်နှာပြင်မှာ ရေးထိုးထားတာကို ကျွန်တော်တို့ ရေးမှတ်ခဲ့ပြီးပါပြီခင်ဗျ"

"ကောင်းပြီ . . . စာရေးဆရာ၊ ဒီကနေ့ ရေးပြီးတဲ့သမိုင်းမှာ မပါတဲ့ ဆရာစံအကြောင်းကို ပြောပြချင်တယ်ဗျာ"

သမိုင်းမှာမပါတဲ့ ဆရာစံအကြောင်းဆိုလို့ ကျွန်တော်တို့ စာရေးဆရာတွေ အံ့ဩပြီး မျက်လုံးတွေကျယ်လို့ နားစွင့်လိုက်ကြတယ်။

"ပြောပါ . . . ဆရာကြီး"


www.burmeseclassic.com

www.burmeseclassic.com

"ဆရာစံကို ရန်ကုန်ကနေ သာယာဝတီထောင်ကိုပို့တော့ ဆရာစံက ဗဟိုတံခါးမကြီးကနေ လုံးဝ မဝင်ဘူးတဲ့ဗျ။ တင်းခံနေတာတဲ့"

"ဟုတ်ရဲ့လား . . . ဆရာကြီးခင်ဗျ။ ဘာဖြစ်လို့ ဆရာစံက အဲဒီတံခါးမကြီးနေ မဝင်ရတာလဲခင်ဗျ"

"ရှေးလူတွေ ပြောခဲ့တာပဲဗျာ။ ဆရာစံက အင်း၊ အိုင်၊ ခလှဲ့ လက်ဖွဲ့မှာ စွမ်းတယ်။ သူကိုယ်တိုင်လည်း စီရင်တယ်။ ဂဠုန်သူပုန်တွေကိုလည်း အဲဒီအစီအရင်ဆေးတွေ ထိုးပေးခဲ့တယ်။ ဆရာစံရဲ့ အစီအရင်တွေက စွမ်းတယ်လို့ ကြားခဲ့ဖူးတယ်။ သူ့ကိုယ်မှာလည်း ကျည်လွှဲ၊ ကျည်ကာဆေးတွေ စီရင်ထားတော့။ ရှေးတုန်းက ထောင်ဘူးတံခါးအပေါ်မှာ မြန်မာသူရဲကောင်းတွေ နှံနိမ့်စေတဲ့ ညစ်ညစ်ညမ်းညမ်း အစီအရင်တွေကို အင်္ဂလိပ်ကလည်း မြန်မာလူမသမာ ပညာရှိများနဲ့ မြှုပ်နှံစီရင်ခဲ့တယ်လို့ ကြားဖူးကြတာကိုး။ ဒါကြောင့် ဆရာစံက နှံနိမ့်၊ ဘုန်းကံနိမ့်မှာစိုးလို့ လုံးဝကို ထောင်တံခါးမကြီးမဝင်ဘဲ ဆန္ဒပြတင်းခံနေလို့ . . . အခုမြင်ရတဲ့ ထောင်ကြီးရဲ့ လက်ယာဘက်အုတ်ရိုးကို လူတစ်ကိုယ်စာဝင်ပေါက်ဖောက်ပြီး အစောင့်အရှောက်နဲ့ သွင်းခဲ့ရသတဲ့ဗျ"

"အခုရော အဲဒီအပေါက် ရှိသေးလား ဆရာကြီး"

"ဘိလပ်မြေ၊ မဆလာနဲ့ အုတ်စီပြီး ပြန်ပိတ်လိုက်တယ်လို့ ဆရာစံခေတ်ကလူတွေ ပြောခဲ့တာ ကြားဖူးတယ်"

ကျွန်တော် စဉ်းစားကြည့်တယ်။ ဆရာစံခမျာ ညှောင့်ရှူးထားတဲ့ ဒဏ်ရာကြောင့် ခြေထောက်ကြီးယောင်ကိုင်းပြီး လမ်းမလျှောက်နိုင်ဘူး။

သာယာဝတီထောင်ထဲကိုဝင်ဖို့လို့ ထောင်အမှုထမ်းတွေက ဆရာစံကို ကားပေါ်က ပွေ့ချီပြီး ထောင်ထဲကို သွင်း၊ အထူးတိုက်မှာ ချုပ်ထားရတာ။

သို့သော် ကြားရသည့် ပါးစပ်ရာဇဝင်ကလည်း အံ့သြစရာရယ်။]

စိတ်ကူးသစ်စာပေ



ဆရာစံက နယ်ချဲ့အင်္ဂလိပ်အစိုးရရဲ့ အထူးတရားရုံးမှာ ထုံးစအစစ်မခံဘူး။ ငြင်းတယ်။ ဆရာစံက သာယာဝတီဦးပုကိုခေါ်ပြီး ရှင်းရှင်းနဲ့ ပြတ်ပြတ်ပြောလိုက်တာ။

သို့သော် လိုက်ပါအကျိုးဆောင်တဲ့ ဒေါက်တာဘမော်က ဆရာစံကို အမျိုးမျိုး ဖျောင်းဖျ နားချရတယ်။

ဒီတော့မှ ဆရာစံက အဲဒီအထူးတရားရုံးမှာ ရင်ဆိုင်မယ်လို့ ထိုက်လျောလိုက်တာ။

၁၉၃၃ ခုနှစ်၊ ဝါခေါင်လဆန်း (၂) ရက်၊ စနေနေ့ ဆရာစံကို ကြိုးထုတ်မယ်ဆိုတာသိလို့ သာယာဝတီမြို့က နိုင်ငံရေးသမားကြီးတွေ၊ သတင်းစာတိုက်က ဓာတ်ပုံသတင်းထောက်တွေ၊ ဆရာစံရဲ့တပည့်သားမြေးတွေ၊ လယ်သမားတွေပါ ရောက်ရှိ စောင့်မျှော်နေကြတယ်။

ဒီမှာ မင်းတိုင်ပင်အမတ် ဦးမောင်ကြီး ထောင်ထဲကိုဝင်ပြီး ဆရာစံနဲ့တွေ့တယ်။ အကျိုးအကြောင်းကို ပြောပြတယ်။

မကြာဘူး။

ပန်ချာပီတပ် လက်နက်ကိုင်များနဲ့ မြန်မာစစ်ပုလိပ် လက်နက်ကိုင်တွေ ထောင်ဘူးတံခါးမကြီးရှေ့မှာ အသင့်နေရာယူလိုက်ကြတယ်။

ပဲခူးတိုင်းမင်းကြီး မစ္စတာ ဘုဂရေဗ်၊

ရာဇဝတ်ဝန်ကြီး ဦးအုန်းကျော်၊

စုံထောက်ဘက်ဆိုင်ရာ အရာရှိဦးတင်တို့ ရောက်လာပြီး ဆရာစံကို ထောင်ထဲကနေ ခြံရုံခေါ်ထုတ်လာခဲ့ကြတယ်။

ဦးအုန်းကျော်နဲ့ ဦးတင်တို့က ဓာတ်ပုံမှာမြင်ရသည့်အတိုင်း ဆရာစံကို ဝဲ၊ ယာ ညှပ်ပြီး ထုတ်လာတယ်။ အဲဒီအချိန်ထိ ဆရာစံ ခြေထောက်ဒဏ်ရာက မပျောက်ကင်းသေးဘူး။

အနီးဝန်းကျင်မှာလည်း လက်နက်ကိုင် စစ်ပုလိပ်သားတွေက သေနတ်တွေအသင့်ပြင်ပြီး စောင့်နေကြတဲ့သူတွေကို မျက်နှာတင်းတင်းကြီးတွေနဲ့ ကြည့်လို့။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ဆရာစံဟာ ပန်းရောင်အပွင့်ပါတဲ့ ခေါင်းပေါင်းအဖြူကို ဦး
မှာ သေသေသပ်သပ် ပေါင်းထားတယ်။ သူဝတ်နေကျ အင်္ကျီ
ထောင်သားအင်္ကျီအနီကို မဝတ်ချင်ဘဲ ဝတ်ထားရရှာတယ်။

ဒဏ်ရာရထားတဲ့ ခြေထောက်မှာ စိတ်မချလို့ထင်ပါရဲ့ သံ
ချင်း ခတ်ထားလိုက်သေးတယ်လေ။

ညာဘက်ခြေထောက်ဟာ ဆေးဝါးကုသခြင်းမခံရတော့ ယ
ကိုင်းနေလို့ လမ်းမလျှောက်နိုင်ဘူး။ သည်တော့ ကားပေါ်ကို
တင်ရတယ်။

အဲဒီနောက် အထူးခုံရုံးဆိုင်ရာ သာယာဝတီခရိုင် ရာ
တရားသူကြီးရုံးကို ခေါ်သွားကြတယ်။

ဆရာစံစီးလာတဲ့ကားကို ပန်ချာပီနဲ့ မြန်မာစစ်ပုလိပ် လက်
ကိုင်အဖွဲ့ကားတွေက ရှေ့နောက်ခြံရံပြီး လိုက်ပါလာခဲ့တယ်။ ဒီလိုနဲ့
(၈)နာရီကျော်မှာ အထူးခုံရုံးကို သူတို့ရောက်ရှိလာခဲ့တယ်။

ဂဠုန်သူပုန်ခေါင်းဆောင် ဆရာစံရဲ့အမှုမှာ အစိုးရကိုယ်
ရာဇဝတ်ဝန်ကြီး ဦးအုန်းကျော်က တရားလိုပြုလုပ်ပြီး၊ လိုက်ပါဆော
ရွက်တဲ့ အစိုးရရှေ့နေက ...။

စွပ်စွဲချက် (၁၄)ချက်နဲ့ စွဲချက်တင်တော့တာပဲ။

အတိုချုံးပြောရရင် ဆရာစံဟာ ၁၉၃၀ ခုနှစ်၊ ဒီဇင်ဘာလ
ဟသ်ာတနယ်အတွင်း ကျော့ဘုရင်မင်းမြတ်ကို ပုန်စားပုန်ကန်ကြောင်း

သာယာဝတီအလံတောင်မှာ နန်းတော်တည်ပြီး ဂဠုန်သူပုန်
ရဲ့ အမာခံစခန်းကို တည်ထောင်လို့ ဂဠုန်သူပုန်တပ်တွေ ဖွဲ့စည်းပြီး လ
နက်တပ်ဆင်ပေးကြောင်း၊

ပြီး ...ဆရာစံနဲ့အဖွဲ့ တိုက်ခဲ့သည့် ရဲစခန်းများ၊ သေဆုံး
သည့် အစိုးရအမှုထမ်း၊ မြန်မာနှင့် အင်္ဂလိပ်လူမျိုးများအကြောင်း။ လ
နက်များ ယူသွားသည့်အကြောင်း စသည်တို့ကို တစ်ချက်ပြီးတစ်
စွဲချက်တင်ပြီး ...

စိတ်ကူးသစ်စာပေ



အိန္ဒိယရာဇသတ်ကျင့်ထုံးပုဒ်မ ၁၂၀-၁၂၁ (က) နှင့် ပုဒ်မ
၁၂၂ ဖြစ်သည့် ဆရာစံသည် ပြည်ပိုင်မင်းအစိုးရအပေါ် လက်နက်ကိုင်
ပုန်ကန်ခြင်း၊ လှုံ့ဆော်ခြင်း၊ လူယက်ခြင်းများကို ၁၂၂ အရ ကျူးလွန်
ပါကြောင်း စွဲချက်တင်ခဲ့တယ်။

ဒီမှာ ဆရာစံဘက်က လိုက်ပါဆောင်ရွက်တဲ့ ဒေါက်တာဘမော်
က တရားဝန်ကြီးများဖြစ်ကြတဲ့ ဦးဘနှင့် မစ္စတာဂူဘာလီတို့ထံမှာ အမှု
စစ်တဲ့ရုံးပြောင်းပေးဖို့ အဆိုတင်သွင်းတယ်။

"အကျိုးဆောင်ကြီးက ဘာကြောင့် ရုံးပြောင်းစစ်ဆေးခံယူစေ
ချင်ရတာပါသလဲ"

တရားဝန်ကြီးက ဒေါက်တာဘမော်ကို မေးတယ်။

"တရားဝန်ကြီးခင်ဗျာ ...အခုခုံရုံးမှာပါဝင်တဲ့ တရားသူကြီး
များသည် စစ်ဆေးပြီး၊ ပုန်ကန်ထကြွမှု အမှုပေါင်း (၄)မှုမှာ ပါဝင်တဲ့
တရားခံများကို စစ်ဆေးရာမှာ ဆရာစံရဲ့အမည် မကြာခဏ ပါဝင်နေတဲ့
အတွက် ...ထိုတရားသူကြီးများရဲ့စိတ်ထဲမှာ ဆရာစံကို ဖျောက်ဖျက်
ပစ်ဖို့ မလွယ်ကူပါဘူး။ ဒါကြောင့် ဆရာစံအမည်ကို ထင်ကာတလဲလဲ
မကြားရဖူးတဲ့ တရားရုံးတစ်ခုခုမှာ လွှဲပြောင်းစစ်ဆေးပေးဖို့နဲ့ ဆရာစံ
ကို ဘယ်လိုမှ သဘောမထားတဲ့ အတ္တအစွဲကင်းကင်း တရားသူကြီးများ
ရုံးတော်မှာ စစ်ဆေးပေးဖို့ တင်ပြရခြင်းပါခင်ဗျာ"

ဒေါက်တာဘမော် ဘယ်လိုပင် တင်ပြလျှောက်ထားသော်လည်း
တရားဝန်ကြီးများက တစ်ချက်လွှတ်အမိန့် ထုတ်လိုက်တယ်။

ရုံးပြောင်းပေးရန် ခိုင်လုံသောအကြောင်းပြချက် မရှိပါ၍ ရုံး
ပြောင်းစစ်ဆေးပေးရန် လျှောက်ထားချက်ကို ပယ်ချလိုက်တယ်။

ဒါကြောင့် ...

ဆရာစံကို အရင် ဂဠုန်သူပုန်များကို သေဒဏ်ပေးခဲ့တဲ့သည့်
အင်္ဂလိပ်နယ်ချဲ့ခုံရုံးမှာပဲ ဆက်လက်စစ်ဆေးခဲ့ကြတယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၇ ]

## ကြိုးအပြင် ဘာရှိသေးလဲဟေ့ . . . ထောင်မှူး

❑

ခုံရုံးမှာ စစ်ဆေးနေစဉ်တုန်းကလည်း ခုံရုံးဥက္ကဋ္ဌတရားဝန်ကြီး မစ္စတာကန်းလစ်(ဖ်)က မေးခဲ့ဖူးတယ်။

"တရားခံဆရာစံ (ခေါ်) စံရှား မိမိအမှုအတွက် သက်သေတင်သွင်းရန် ရှိပါသလား"

"မရှိဘူး"

ပြတ်ပြတ်ပဲ ပြောခဲ့တယ်။

နယ်ချဲ့အစိုးရက ဖွဲ့ပေးထားတဲ့ တရားရုံးဟာ မြန်မာတောင်သူလယ်သမား ဂဠုန်တော်လှန်သမားတွေကို ပုန်ကန်သူ 'သူပုန်'လို့ မြင်ထားပြီးဥစ္စာ။

လျှောက်လဲနေတော့ကော သက်သာခွင့် ရမှာတဲ့လား။

ကိုယ့်ဘက်က ခိုင်လုံတဲ့ သက်သေပြနေတော့ရော လွတ်မြောက်မှာတဲ့လား။ သနားမှာတဲ့လား။





ဆရာစံ အဲဒီခုံရုံးကို လုံးဝကို မယုံကြည်ပါဘူး။ မိမိရှေ့တာ တိုက်ဖော်၊ တိုက်ဖက် လယ်သမား ဂဠုန်သူပုန်၊ တော်လှန်ရေးသမားတွေ၊ ကြိုးဒဏ်နဲ့ ကျဆုံးခဲ့ရပြီးပြီ။

တစ်သက်တစ်ကျွန်းထောင်ဒဏ် မြန်မြန်ကြီး ခံစားခဲ့ရပြီးပြီ။

မိမိကရော၊ သေလှုပါ။ ကြိုးဒဏ်ခံစားရမှာ သေချာပြီးသားပါ။

မိမိကိုယ်၌က လယ်သမားဂဠုန်သူပုန် ခေါင်းဆောင်လေ။

ဂဠုန်ကို သူပုန်လို့ပြောလည်း လုံးဝ မနာပါဘူး။

'သူ'တို့ကို 'ပုန်'ကန်ခဲ့တာ၊ အာခံတော်လှန်ခဲ့တာ၊ ရရာလက်နက်နဲ့ပါ။ မြန်မာပန်းပဲဖိုက ဓား၊ လှံ၊ ခက်ရင်းနဲ့ပါ။

နယ်ချဲ့အင်္ဂလိပ်အစိုးရက သူတို့ကို လက်နက်ကိုင် ပုန်ကန်ခဲ့လို့ 'သူပုန်' လို့ ခေါ်လိုက်တာ။ စွပ်စွဲလိုက်တာ။ မနာပါဘူး သူပုန်ဆိုတာ တော်လှန်ရေးသမားပဲဥစ္စာ။

လူမဆန်တဲ့အစိုးရ၊ ရက်စက်ကြမ်းကြုတ်တဲ့အစိုးရ၊ ဖိနှိပ်ချုပ်ချယ်တဲ့အစိုးရကို တော်လှန်တာပါ။

သူတော်ကောင်းအစိုးရကို တော်လှန်တာ မဟုတ်ပါဘူး။

ဒေါက်တာဘမော်တို့ ဦးဆောင်ပြီး မျိုးချစ်ရှေ့နေကြီးတွေ မိမိဘက်က လိုက်ပါခုခံဆောင်ရွက်ပေးတာကို ဆရာစံ အလွန်ကျေးဇူးတင်ပါတယ်။

ဒီကျေးဇူးတရားတွေကို နောင်ဘဝဆက်တိုင်းဆက်တိုင်း အသိအမှတ် ပြုနေမှာပါ။

အပြစ်ရှာနေတဲ့ မြေခွေးရှေ့မှာ အသနားခံနေလို့ ဘာအကျိုးထူးမှာလဲ။

ဟော . . . ထင်ထားတဲ့အတိုင်းပါပဲ။ အင်္ဂလိပ်နယ်ချဲ့ခုံရုံးက စီရင်ချက် ချလိုက်ပါပြီဗျာ။

လွန်စွာ ကျက်သရေကင်းမဲ့လှတဲ့ ခုံရုံးဥက္ကဋ္ဌကြီး မစ္စတာကန်းလစ်(ဖ်)က စီရင်ချက်ကို အောက်ပါအတိုင်း ဖတ်ပြတယ်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ရုံးလုံး အပ်ကျသံကြားရလောက်အောင် တိတ်နေတယ်။

“ . . . . စံရှား (ခေါ်) ဆရာစံ၊ သင့်အပေါ် အိန္ဒိယရာဇသတ်ကြီး ပုဒ်မ (၁၂၁) အရ ရှင်ဘုရင်အား ပုန်စားပုန်ကန်ပြုခြင်း။ အားပေးကူညီခြင်းတို့အကြောင်း တရားလိုက စွပ်စွဲသည်ကို သင့်အနေနှင့်လည်း ရှေ့နေပညာရှိကြီးများနှင့် ကောင်းမွန်စွာ ထုချေခွင့်ရသကဲ့သို့ သင့်ကိုလည်း ဤရုံးတော်က သက်သာရာ၊ သက်သာကြောင်းအတွက် မေးသင့်ရာမေးခွန်းများကို မေးခဲ့သည် . . .”

စကားပြန်က မြန်မာလို ပြန်ဖတ်ပြတယ်။

ဆရာစံက နားခါးလွန်းလို့ မျက်စိကိုမှိတ်၊ အံကြိတ်ထားလိုက်တယ်။

ခုံရုံးဥက္ကဋ္ဌ မစ္စတာကန်းလစ်(ဖ်)က စီရင်ချက်များကို ဆက်ဖတ်တယ်။ ဆရာစံရဲ့ မျက်လုံးထဲမှာတော့ . . . ။

ထန်းတောရွာ လယ်သမားသူပုန်ခေါင်းဆောင် ဦးအောင်လှနဲ့ သူ့သား ဗိုလ်ဘစိန်တို့ရဲ့ နယ်ချဲ့အင်္ဂလိပ်ကို ဓား၊ လှံတွေနဲ့ တိုက်နေတဲ့ မြင်ကွင်းတွေကို မြင်နေတယ်။

ဗိုလ်အောင်ရွှေနဲ့ ဗိုလ်အောင်ငွေတို့ရဲ့ ဓားရေးများ၊ ခရစ်ရှနားမူတူးရဲ့ ရဲရဲတောက်တောက် စကားလုံးများ။

သရက်ခရိုင်က ဂျုန်ခေါင်းဆောင် ဆရာဉာဏ်ရဲ့ ရေအိုးဓားစိုက် သစ္စာပြုပုံများ။

နဂါးကို ဂျုန်သုတ်တဲ့ အရေးတော်ပုံအလံကို ကိုင်စွဲပြီး အောင်မောင်းတွေ တဒူဒူထုလို့ အလံတောင်ပေါ်ကနေ ဓားဆွဲ၊ ကြွေးကြော်၊ မြေးဆင်း၊ မကြောက်မရွံ့ နယ်ချဲ့စစ်ပုလိပ်များကို ဝင်ခုတ်နေတဲ့ သာယာဝတီက လယ်သမားသူပုန်၊ ဂျုန်သူရဲကောင်းတွေ။

သူတို့ရဲ့ ရဲရဲတောက် မာနကြီးကြီးမျက်နှာများကို ပြန်မြင်ပြီး ငါတို့ဗမာလယ်သမားတွေဟာ၊ သူ့ကျွန်မခံတဲ့ သူရဲကောင်းတွေပါကလား





လို့ တွေးပြီး ရဲစိတ်ရဲမာန်တွေ နိုးကြွလာကာ ရှေ့ကသွားလေသူများအဲ့သို့ သေရမှာကို ဆရာစံ လုံးဝမကြောက်တော့ဘူး။

“ . . . . သင်သည် မြို့ရွာများမှာ သူပုန်တပ်အမျိုးမျိုးကို ဖွဲ့စည်းပြီး၊ နောက်ဆုံး ရပ်စောက်စော်ဘွားကြီးထံ အကူအညီတောင်းခံကြောင်းကို သင့်မှတ်တမ်းမှာ ရေးထားသည်လည်း တွေ့ရသည်”

“ . . . . စံရှား (ခေါ်) ဆရာစံ အထက်စွပ်စွဲချက်များကြောင့် သင့်အပေါ်မှာ အပြစ်ရှိကြောင်းကို ဤရုံးတော်က တွေ့ရှိကြောင်း။ ၎င်းအပြင် ရှင်ဘုရင်နှင့် ဘုရင်၏ အစိုးရတို့အား အသင်က ပုန်စားပုန်ကန်ပြုကြောင်း ထင်ရှားသည်။ ဤသို့ ပြုကျင့်ခြင်းများကြောင့် တိုင်းပြည်တွင် လူအမြောက်အမြား သေကြေပြီးလျှင် ဥစ္စာစီးပွားများလည်း ပျက်ပြားကြောင်း၊ သို့သော် ဤသို့ ပျက်ပြားပြီးသော်လည်း သင်သည် ဝမ်းနည်းခြင်းမရှိ။ ဝမ်းနည်းသည့်လက္ခဏာလည်း မပြ။

ထို့ကြောင့် သင့်ကို လည်ပင်းကြိုးတပ်၍ မသေမချင်း သတ်စေရန် အမိန့်ချလိုက်ကြောင်း။

စီရင်ချက်ရှည်ကြီးကို ခုံရုံးဥက္ကဋ္ဌက အင်္ဂလိပ်လို ဖတ်ပြတယ်။ စကားပြန်က မြန်မာလို ပြန်ကြားပေးတယ်။

ခုံရုံးဥက္ကဋ္ဌ မစ္စတာကန်းလစ်(ဖ်)နဲ့ အစိုးရအရာရှိများ၊ စုံထောက်များက ဆရာစံကို စူးစူးစိုက်စိုက် ဝိုင်းကြည့်နေကြတယ်။

ဆရာစံ အံ့ဩတုန်လှုပ်သွားမှာလား။

မျက်ရည်စို့ ဝမ်းနည်းသွားမှာလား။

အံကြိတ်ခေါင်းငိုက်စိုက် ကျသွားမှာလား။

အားလုံးက ဝိုင်းကြည့်နေကြတာ။ သူတို့ထင်သလို လုံးဝမဟုတ်။ ဆရာစံက မြန်မာပြန်ကို နားထောင်ရင်း ပြုံးတောင်နေလိုက်သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

သူ့အပြုံးက လုံးဝထိမထင်တဲ့ အပြုံး။

'မင်းတို့ ဒီလိုစီရင်ချက်ချမယ်ဆိုတာကို ငါသိပြီးသားပါကွာ' ဆို တဲ့ အပြုံးမျိုး။

သည့်နောက် သူ့ကို သာယာဝတီထောင်ကို ပြန်ပို့ဖို့ လုပ်ကြ ရော။ ဒီမှာ ဆရာစံက အနီးရှိ မြန်မာအရာရှိများနဲ့ ရှေ့နေအကျိုးဆောင် များကို အသံကျယ်ကျယ်နဲ့ ပြောလိုက်တယ်။

"ဒီလိုသေဒဏ်ပေးမယ်ဆိုတာ ကျုပ်က ကြိုသိပြီးသားပါ။ ထပ် ကြိုးနည်းတယ်၊ (၁၅) ကြိုးပေးဦးမလား ... ကျုပ် လုံးဝမကြောက်ဘူး။ ကျုပ် ချမ်းသာချင်လို့၊ ရှင်ဘုရင်ဖြစ်ချင်လို့၊ နာမည်ကြီးချင်လို့ တော်လှန်ရေး ခေါင်းဆောင် လုပ်ခဲ့တာ မဟုတ်ဘူး။ ဖိနှိပ်ချုပ်ချယ် ရက်စက်ကြမ်းကြုတ် တဲ့ တစ်ပြည်နယ်သား အင်္ဂလိပ်နယ်ချဲ့အစိုးရကို မြန်မာနိုင်ငံအနှံ့က လယ် သမားတွေနဲ့ ပူးပေါင်းတိုက်ပွဲဝင်ခဲ့တာ။ သေဒဏ်ပေးတာ ဝမ်းမနည်းပါဘူး။ ကျုပ် သေရဲတယ် ... သေရဲတယ်"

"ဆရာကြီး ..."

"ပြောပါ ... ဒေါက်တာဘမော်"

"ဆရာကြီးကို ကျွန်တော် ဂါရဝပြုပါတယ် ... ဆရာကြီး"

ဒေါက်တာဘမော်က ရိုသေလေးစားစွာ ဦးညွတ်ပြီး ဂါရဝပြု တော့ အနီးမှာရှိကြတဲ့ အကျိုးဆောင်ရှေ့နေတွေက တန်းစီပြီး ဂျွန် ဆရာစံကို ဒေါက်တာဘမော်နည်းတူ အရိုအသေပြုကြတယ်။

ဆရာစံဟာ သူ့ကို လေးစားစွာ ဂါရဝပြုနေတဲ့ မြန်မာရှေ့နေ ကြီးတွေကို ကြည့်ပြီး ဝမ်းသာအားရဖြစ်သွားတယ်။

"သာဓုကွယ် ... သာဓု ... သာဓု ... ရှေ့နေကြီးများဖြစ်ကြ တဲ့ ဦးပုတို့၊ ဦးထွန်းအောင်ကျော်တို့၊ ကိုဘမော်နဲ့ သခင်မြတို့ကို ကျုပ် ကလည်း လေးစားပါတယ်။ ခင်ဗျားတို့ တာကယ့်ကို တာဝန်ကျေပါပေ တယ်။ တာဝန်လည်း သိကြပါပေတယ်ဗျာ"

စိတ်ကူးသစ်တာပေ



"ကျွန်တော်တို့ ဒီမျှနဲ့ မရပ်ဘူး ... ဆရာကြီး။ အီလာတ်ကို အယူခံဝင်မယ်"

"မဝင်ပါနဲ့တော့ ... ကိုဘမော်၊ ကျုပ် ... အင်္ဂလိပ်မင်းဆံမှာ အံ့ဝ အသနားမခံဘူး။ သတ္တိရှိလို့ တော်လှန်ခဲ့တာ၊ ကျုပ်တို့အားလုံး သေရဲလို့ ခံတိုက်ခဲ့တာ။ ကျုပ်အတွက် အယူခံမဝင်ကြပါနဲ့ ... ဟော .. ထောင်မှူးကြီး ..."

ဆရာစံက ဒေါက်တာဘမော်တို့ကို ပြောနေရာက အနီးရှိ ထောင် မှူးတစ်ဦးကို မေးလိုက်တယ်။

"အမိန့်ရှိပါ ဆရာစံ"

"မင်းတို့ သာယာဝတီထောင်မှာ ကြိုးအပြင် ဘာများပေးနိုင် သေးလဲကွ ... ဟေ"

ထောင်မှူးဟာ သေရမှာမကြောက်တဲ့ နယ်ချဲ့တော်လှန်ရေး သမားကြီး သုပဏ္ဏက ဂဠုန်ရာဇာတွဲ့ခံ ဆရာစံကိုကြည့်ပြီး ခေါင်းနားပန်းများ ကြီးသွားခဲ့သတဲ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၁၈]

## သာယာဝတီကြိုးစင်ပေါ်က သူကျွန်မခံ ဆရာစံ

❑

ဦးဘမော်၊ ဦးဘဟန်၊ ဦးထွန်းအောင်ကျော်၊ သာယာဝတီဦး ဥပဒေပြုအမတ် ဦးမောင်ကြီးတို့က ဘိလပ်ပရီဗီကောင်စီကို နောက်ဆုံး အယူခံဝင်ဖို့လို့ စီစဥ်ကြတယ်။

"ဦးမြ . . ."


"ခင်ဗျာ . . . ဆရာကြီး"

"အင်္ဂလိပ်မင်းထံမှာ အယူခံမဝင်ပါနဲ့"

"မဟုတ်သေးဘူး . . . ဆရာကြီး၊ ဘိလပ်ကောင်စီကိုရောက် မှ ဆရာကြီးတို့ဟာ အခွန်အတုတ်ကိစ္စကြောင့် ထကြွရတာ။ အင်္ဂလိပ် မင်းကို စစ်ပြိုင်ဖို့ မဟုတ်ဘူးဆိုတာ ကောင်စီလူကြီးတွေသိအောင် ဖို့ပါ။ ကျွန်တော်တို့ဘက်မှာ ဦးမောင်ကြီး၊ ဦးချစ်လှိုင်၊ ဦးဘစိန်နဲ့ သာ ဝတီဦးပုတို့လို ပညာရှင်လူစွမ်းတွေလည်း ပါပါတယ် . . . ဆရာကြီး"

"ဦးမြ . . . ကျုပ်ဘဝအတွက် ငွေကုန်ကြေးကျလည်း မ ကျုပ်ရဲ့ ရဲဘော်ရဲဘက် ဘဝတူ ဂျွန်သူပုန်တွေလည်း နယ်ချဲ့အစိုး





ဆရာစံအား ကြိုးပေးခဲ့သည့် သာယာဝတီထောင်မှ ကြိုးစင်ဟောင်း



ဆရာစံကို မြေမြှုပ်စဉ်က ဖြစ်ရပ်ဆန်းအကြောင်း ပြန်လည်ပြောပြနေသော
ဦးမောင်သိန်း (ထောင်မှူးကြီး-ငြိမ်း)



www.burmeseclassic.com

www.burmeseclassic.com

တိုက်ပြီး တိုက်ပွဲမှာ အသက်စွန့်သူ စွန့်ခဲ့ကြ၊ ကြိုးစင်ပေါ်မှာ ကြိုးပေးအသတ်ခံရသူ ခံရ၊ ကပ္ပလီတစ်ကျွန်းကို ထောင်ဒဏ်တစ်သက်နဲ့ အပို့ခံခဲ့ရတာလည်း ရှိတယ်။ သူတို့မိသားစုများဟာ သူတို့ဖခင်၊ လင်သား၊ ညီအစ်ကိုမောင်နှမ၊ သူရဲကောင်းများအတွက် မျက်ရည်ကျရင်း၊ ရှိုက်ငိုရင်း ဗမာတောင်သူလယ်သမားတွေရဲ့ သတ္တိကို ဂုဏ်ယူနေကြတယ်။ အဲသည်လို ဂုဏ်ယူနေကြတဲ့အချိန်မှာ ကျုပ်က ကြိုးစင်က လွတ်မြောက်ဖို့ အင်္ဂလိပ်ဘုရင်ထံ အယူခံဝင်ရမည်ဆိုလျှင် ကျုပ်လောက် သူရဲဘောကြောင်သူ၊ မျိုးချစ်စိတ် မရှိသူ၊ ဒီနိုင်ငံမှာ ရှိမှာမဟုတ်ဘူး။ ကျုပ် . . . ကျုပ်ရဲ့ ဘဝတူ တော်လှန်ရေးသမားများလိုပဲ ကြိုးစင်ကို ရဲရဲတက်သွားမယ်။ သူတို့နောက်ကို မကြောက်မရွံ့လိုက်သွားမယ်။ သူတို့ ကျုပ်အလာကို စောင့်နေကြမှာဗျ။ ဒီမှာ . . . ဦးမြ၊ ကျုပ်တို့သေပြီးနောက်ပိုင်းမှာ ကျုပ်တို့ရဲ့ သွေးစွန်းဂဠုန်ဓားတွေဟာ ကမ္ဘာတည်သရွေ့၊ မြန်မာပီသရွေ့ အလံတောင်ပေါ်မှာ ဝဲပျံနေလိမ့်မယ်။

မြန်မာပြည်အနှံ့က လယ်ကွင်းကောင်းကင်ယံမှာ သူ့ကျွန်မခံ တော်လှန်ရေးဓားတွေ ဝဲပျံနေပါလိမ့်မယ်ဗျာ"

နောက်ဆုံး . . . ဦးမြတို့က လက်လျှော့လိုက်ကြတယ်။ ဒါနှင့် အတူ ဆရာစံရဲ့ သတ္တိ၊ မာနနဲ့ ယုံကြည်ချက်ကိုလည်း လွန်စွာ လေးစားခဲ့ကြတယ်။

၁၉၃၁ ခုနှစ်၊

နိုဝင်ဘာလ (၂၈)ရက်၊ စနေနေ့ နံနက်အချိန်၊

ဆရာစံကို သာယာဝတီထောင်မှာ ကြိုးပေးပြီး သတ်ခဲ့ကြတယ်။

ဆရာစံ ကြိုးပေးအသတ်ခံရတဲ့မြင်ကွင်းကို သာယာဝတီထောင်မှူးကလေး ဦးစိန်၊

နောင်အခါ အငြိမ်းစားထောင်ပိုင်ဝန်ဖြစ်ခဲ့တဲ့ ဦးစိန်ရဲ့ မျက်မြင်ကိုယ်တွေ့ ပြောပြချက်ကို ပြန်လည်သရုပ်ဖော် ရေးပြပါရစေ။



မနက်ကို ကြိုးပေးတော့မယ်ဆိုတော့ ဆရာစံ ညဦးမှာပဲ ကြိုးစင်အနီးက ကြိုးတိုက်ကို ပြောင်းထားလိုက်ကြတယ်။

ဆရာစံက ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိဘူး။

ဘုရားရှိခိုး၊ မေတ္တာပို့ပြီး ကောင်းမွန်စွာ အိပ်စက်ခဲ့တယ်။ သာယာဝတီထောင်ထဲမှာ ဂျွန်သူပုန်တွေကို ကြိုးပေးခဲ့တာ ဦးရေ (၁၀၀) ခန့် ရှိတယ်။

ကြိုးပေးတဲ့ မနက်ကိုရောက်တော့ ဒုတိယအရေးပိုင် ဦးတော်ကိုယ်တိုင် အနီးမှာရှိတယ်။ ကြိုးစင်အနီးမှာ သူနဲ့အတူ လက်ပံတန်းဘာမြို့နီစီပယ်လူကြီးတွေ၊ အထူးအာဏာရ သူကြီးတွေ၊ သုံးဆယ်မြို့က သူကြီးတွေ အစရှိတဲ့ အထင်အရှားပုဂ္ဂိုလ်များကိုလည်း ဖိတ်ခေါ်ထားတယ်။

မနက် (၆)နာရီ မိနစ် (၅၀)ခန့်မှာ အကျဉ်းသားနှစ်ဦးက ဆရာစံကို ကြိုးတိုက်ကနေ ထုတ်လာကြတယ်။

တစ်ယောက်က 'ကြိုးထုတ်အကျီ' လို့ခေါ်တဲ့ 'တိုက်အကျီ'ကို နဂိုရှိရင်း အကျီပေါ်ကနေ ထပ်ဝတ်ပေးလိုက်တယ်။

အောက်ခံအကျီနဲ့ ပုဆိုးက နောင်ချိအချုပ်ထဲမှာရှိစဉ်တုန်းက 'သီပေါမြို့ဝန်ဦးဘ' ပေးလှူခဲ့တဲ့ အကျီနဲ့ပုဆိုးပဲ။ သေတဲ့အထိကို ဆရာစံက အလေးထားပြီး ဝတ်သွားခဲ့တာတဲ့။

သည့်နောက် ဆရာစံရဲ့ လက်နှစ်ဖက်ကို ကျောနောက်မှာထားပြီး နောက်ပြန် လက်ထိတ်ခတ်လိုက်တယ်။ နယ်ချဲ့ကိုတော်လှန်ခဲ့တဲ့ အာဇာနည် သူပုန်ကြီးကိုတဲ့ဗျာ။

မြို့မိမြို့ဖ အာဏာရ လူကြီးလူကောင်းများရှေ့မှာ ကြိုးပေးသတ်ဖို့လို့ ဂရုတစိုက် စနစ်တကျ လုပ်နေကြတာလေ။

လက်ထိတ်ခတ်ပြီး အားမရသေးလို့တဲ့ဗျာ။ တံတောင်ဆစ်ကွေးကနေ ကြိုးနဲ့ချည်လိုက်တာမှ တင်းနေအောင် ချည်တာတဲ့။



www.burmeseclassic.com

www.burmeseclassic.com

ကြိုးစင်ရှိရာကို အကျဉ်းသားနှစ်ယောက်က တွဲခေါ်လာတယ်။ ကြိုးစင်မှာ တက်တဲ့လှေကားမရှိဘူး။ တက်ဖို့လို့က ကုန်းမြင့်ကလေး။

ဒီမှာ ဆရာစံက ကုန်းမြင့်ပေါ်ကိုရောက်ရော ခပ်ကျယ်ကျယ်ပဲ အားလုံးကိုကြည့်ပြီး ပြောလိုက်တယ်။

"ကျုပ်ဟာ အမျိုးဘာသာ၊ သာသနာ၊ ပညာ၊ ကြီးပွားရာကြီးပွားကြောင်း ရဲရဲဝံ့ဝံ့ဆောင်ရွက်ခဲ့လို့ အခုလို ကြိုးစင်ပေါ် ရောက်ခဲ့ရတာပဲ။ အင်္ဂလိပ်နယ်ချဲ့ဟာ ကျုပ်တို့ မြန်မာလူမျိုးများအပေါ်မှာ အမျိုးမျိုး ကုပ်သွေးစုပ် ညှဉ်းပန်းနှိပ်စက်ခဲ့တာ။ ကျုပ်တို့ ကိုယ့်မြေပေါ် နေစရာလည်းမရှိ၊ စားစရာလည်းမရှိ ဖြစ်ခဲ့ရတယ်။

မခံနိုင်လွန်းလို့ ကျုပ်တို့ ရရာလက်နက်နဲ့ နယ်ချဲ့နဲ့ အပေါင်းပါတွေကို တိုက်ခဲ့တာ။ ကျုပ်တို့က အင်္ဂလိပ်နယ်ချဲ့ရဲ့ ကျွန်မဟုတ်ဘူး။ ဘယ်သူ့ကျွန်မှလည်း မဟုတ်ဘူး။ အခုဘဝလည်း သင်းတို့ကိုတိုက်ပြီး သေရဲသလို၊ နောင်ဘဝဆက်တိုင်း လူပြန်ဖြစ်ခဲ့ရပါကလည်း သင်းတို့ နယ်ချဲ့အင်္ဂလိပ်ကို အရိုးကြေကြေ၊ အရေခန်းခန်း တိုက်မယ်ဆိုတာ ဟောဒီကြိုးစင်ပေါ်မှာ ကျုပ် ရဲဝံ့စွာ သစ္စာဆိုခဲ့မယ်။ မင်းတို့ ဖယ်ကြ။ ကြိုးစင်ပေါ်ကို ငါ့ဘာသာငါတက်မယ်။ မတွဲနဲ့"

သူက တွန်းဖယ်ပြီး ရဲဝံ့စွာ ကြိုးစင်ပေါ်ကို တက်သွားတယ်။ ကြိုးစင်ပေါ်ကို ရောက်ရော အနီးမှာကြည့်နေကြတဲ့ မြန်မာသူကြီးများကို စိုက်ကြည့်ပြီး နှုတ်ဆက်လိုက်တယ်။

"ကျုပ် သွားပြီ ...။ ဖြစ်လေရာဘဝတိုင်း အင်္ဂလိပ်ကို နိုင်တဲ့ကိုယ် ဖြစ်ရပါလို၏"

အဲဒီလို ကြွေးကြော်ပြီးရော ဆရာစံဦးခေါင်းပေါ်ကို မျက်နှာဖုံးအိတ်ကြီး စွပ်လိုက်တယ်။ သည့်နောက် လည်ပင်းကို ကြိုးကွင်းစွပ်လိုက်တယ်။

အားလုံးက ရင်တထိတ်ထိတ်နဲ့ ကြည့်နေချိန်မှာပဲ၊

"ဂျိန်း ..."

စိတ်ကူးသစ်စာပေ



"ဝုန်း ..."

ကြည့်နေသူ အာဏာရ သူကြီးများအားလုံး မျက်နှာသေတင်း နဲ့အုပ်လို့ ကြေကွဲသွားခဲ့ကြတယ်။

"ဒါ ငါတို့ မြန်မာလူမျိုး၊ အာဇာနည် သူ့ရဲ့ကောင်းမြတ်တဲ့ ကလား။

သူဟာ နယ်ချဲ့အင်္ဂလိပ်ကို တားဆွဲတော်လှန်ခဲ့တဲ့ ဂျွန်သူရ ခေါင်းဆောင်ကြီးပါကလား။

သွားဦးတော့ ... ဆရာစံရေ ...

သင်တို့ကို အင်္ဂလိပ်နယ်ချဲ့က သူပုန်တဲ့။

ဒါပေမင့် သင်တို့ဟာ သတ်လို့မသေတဲ့ အာဇာနည်ဂျွန်တွေပါ။

သင်ဟာ မြင့်မြတ်တဲ့ အာဇာနည် ခေါင်းဆောင်ပါ။

သင်ဟာ တကယ်စစ်မှန်တဲ့ မျိုးချစ်ပုဂ္ဂိုလ်ကြီးပါ။

သင်ဟာ သူ့ကျွန်မခံတဲ့ မြန်မာသူရဲကောင်းကြီးပါ။

သင်နဲ့ သင့်ရဲဘော် လယ်သမားဂျွန် တော်လှန်ရေးသမားတို့ရဲ့ ဝိညာဉ်များဟာ အာဇာနည်သူရဲကောင်းစိတ်ဓာတ်အပြည့်နဲ့ တောင်သူလယ်သမားတို့ဘဝ မပြည့်စုံ၊ မမှလုံသေးသမျှ ...

တောင်တန်းတွေပေါ်မှာ ...

လယ်ကွင်းတွေပေါ်မှာ ...

ယာခင်းတွေပေါ်မှာ ...

ရေပြင်၊ လေပြင်တွေပေါ်မှာ ...

သွေးစွန်းဓားကို တင်းကျပ်စွာ ကိုင်စွဲပြီး တိုက်မောင်းသံတရှုရှုညံလည်နေဦးမယ်ဆိုတာ အကြွင်းမဲ့ ယုံကြည်လိုက်ပါရဲ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



{ ၁၉ }

ဂျွန်ဆရာစံ ကာနိုပြန်လာလိမ့်မည် . . .

❑

အင်္ဂလိပ်နယ်ချဲ့အစိုးရဟာ တောင်သူလယ်သမား ဂျွန်တော်လှန်ရေးခေါင်းဆောင် ဆရာစံကို ရက်စက်စွာ ကြိုးပေးကွပ်မျက်ခဲ့သလို၊

သူ့ရဲ့ ညာလက်ရုံးစစ်ကဲကြီး ဦးထွန်းလှနဲ့ ဆရာထွန်းတို့ကိုလည်း နယ်ချဲ့ခုံရုံးက တစ်သက်တစ်ကျွန်း ပြစ်ဒဏ်စီရင်ခဲ့တယ်။

ဆရာစံရဲ့ အပါးတော်မြဲ ဦးသာပိတ်။

ဦးသာပိတ်ကိုလည်း ထောင်ဒဏ် (၁၅) နှစ်။

ဆရာစံရဲ့သက်တော်စောင့်အမည်က အိုင်ပန်းလန်း။

အပါးတော်မြဲ စာရေးရဲ့နာမည်က မောင်မြ။

သူတို့ကိုလည်း ထောင်ဒဏ် (၁၀) နှစ်စီ အပြစ်ပေးလိုက်တယ်။

တိုတိုရေးရရင်တော့ . . .






သာယာဝတီပန်းခြံအတွင်းမှ ဆရာစံအား ဂုဏ်ပြုထားသည့်ရုပ်တု



www.burmeseclassic.com

www.burmeseclassic.com

၁၉၂၉–၃၀ ခုနှစ်မှာ ဂျုန်သူပုန် (၇၆) ယောက် ကြိုးဒဏ်ခံရတယ်။

၁၉၃၀–၃၁ ခုနှစ်မှာ (၁၁၄)ယောက် ကြိုးဒဏ်။

၁၉၃၁–၃၂ ခုနှစ်မှာ ကြိုးဒဏ်ပေးခံခဲ့ရတာ ဂျုန်သူပုန် (၁၁၂) ယောက်။

တစ်သက်တစ်ကျွန်းက ၁၉၂၉–၃၀ ခုနှစ်မှာ (၂၁၈)ယောက်။

၁၉၃၀–၃၁ မှာ (၁၈၆) ယောက်။

၁၉၃၁–၃၂ ခုနှစ်မှာ (၄၈၆) ယောက်အထိ တိုးမြှင့်သွားတာကို ကြည့်ရင် ဂျုန်သူပုန်တို့ရဲ့ အပြစ်ကျအင်အားကို သိနိုင်ပါပြီ။

တစ်နေ့ ၁၉၃၁ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့မှာ ကျင်းပတဲ့ ဥပဒေပြုလွှတ်တော်အစည်းအဝေးမှာ မန္တလေး (မြို့မ) ဥပဒေပြုလွှတ်တော်အမတ် ဦးဘိုးရင်က မေးခဲ့တယ်။

"လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ ... ကြိုးဒဏ်နဲ့ တစ်သက်တစ်ကျွန်းဒဏ်ခံရတဲ့ လယ်သမားသူပုန်တို့ရဲ့ အရေအတွက်ကိုတော့ သိရပြီးပါပြီ။ အစိုးရဘက်က ကျဆုံးဦးရေနဲ့ သူပုန်ဘက်က ကျဆုံးဦးရေကို သိခွင့်ရရင် သိပါရစေ"

အမတ်ဦးဘိုးရင်၏ အမေးကို ပြည်ထဲရေးဝန်ကြီးက ပြန်ဖြေတယ်။

"ဩဂုတ်လ (၁၄) ရက်နေ့အထိ အစီရင်ခံစာအရဆိုရင် အစိုးရဘက်က (၇၈) ယောက် ကျဆုံးပြီး ဒဏ်ရာရသူ (၉၆) ဦးရှိပါတယ်။ သူပုန်ဘက်က ဒဏ်ရာရသူ၊ ကျဆုံးသူ စုစုပေါင်းက (၂၀၀၀) ခန့်ရှိပါတယ်။ အများအားဖြင့် ထက်ဝက်ခန့်ဟာ ဒဏ်ရာရရှိပြီး ဆေးဝါးကောင်းမွန်စွာ ကုသမခံရလို့ သေဆုံးရခြင်းဖြစ်ပါလိမ့်မယ်"

ဆရာစံကို ကြိုးပေးပြီးနောက် သူ့ရုပ်အလောင်းကို သင်္ဂြိုဟ်ဖို့ အကျဉ်းထောင်က စီစဉ်ကြတယ်။

တောင်းတဲ့သူလည်း မရှိဘူး။





ဆရာစံ၏ဇာတိ သရက်ကန်အရှေ့ရွာတွင် ဆရာစံ၏မိဘများဖြစ်သော ဦးကျေးနှင့် ဒေါ်ဝက်တို့ တည်ထားခဲ့သည့် သက်တော်ရစေတီကို ဆရာစံ၏ ကျောင်းနေဖက်သူငယ်ချင်း ဦးစိုးလှက ညွှန်ပြသည်။


www.burmeseclassic.com

www.burmeseclassic.com

ဆရာစံရဲ့အလောင်းကို မည်သူ့ကိုမျှ မပေးဘူး။

သာယာဝတီလယ်သမားတွေ ဆရာစံအလောင်းကိုရသွားရင် အစိုးရကို ပိုမိုပြင်းထန်တဲ့ နာကြည်းစိတ်နဲ့ တိုက်ခိုက်မှာကို မြင်လို့ အလောင်းကို တောင်းလည်း လုံးဝမပေးပါဘူး။

အဲဒီတုန်းက ဦးစိန်ဟာ သာယာဝတီအကျဉ်းထောင် အမှုထမ်းပါ။ ထောင်မှူးကလေးပေါ့။

ဦးစိန်ဟာ ထောင်ပိုင်ဝန်ရဲ့ အမိန့်အရ ဆရာစံအလောင်းကို အဖုံးပါတဲ့အခေါင်းထဲထည့်ပြီး အကျဉ်းသား လေးငါးယောက်ကို ထမ်းစေတယ်။

ပြီးတော့ ထောင်ပြင်သုသာန်မှာ မြှုပ်ဖို့လို့ သုသာန်ကုန်းရှိရာကို သယ်ယူခဲ့ကြတယ်။ အဲဒီအချိန်မှာပဲ ရဟန်းရှင်လူ၊ မိန်းမယောကျ်ား။ လူအင်အား (၃၀၀၀) ကျော်ခန့်ဟာ ဆရာစံကို ဂါရဝပြုဖို့ သင်္ချိုင်းရှေ့က နေ ဝိုင်းထားကြတယ်။

"ထောင်မှူး . . . ဘယ်လိုလုပ်မတုံး။ လူထုက ရှေ့ကနေ ပိတ်ထားတယ်"

"နေဦး . . . ရှေ့မတိုးနဲ့။ ငါမေးကြည့်မယ်"

ဒါနဲ့ ထောင်မှူးကလေးဦးစိန်က သင်္ချိုင်းရှေ့က လူပရိသတ်ကို လှမ်းမေးလိုက်တယ်။

"ဟျို့ . . . လူတွေ၊ ဘာလုပ်ကြမလို့တုံး"


လူအုပ်ကြီးထဲမှ ခေါင်းဆောင်ဖြစ်ဟန်တူသူက . . .

"ဒီနေ့ ဆရာစံအလောင်းကို မြေမြှုပ်မှာဆို . . . ထောင်မှူးကလေး"

"ဟုတ်တယ် . . . အဲဒါ ဘာဖြစ်လဲ"

"ဆရာစံဟာ ကျွန်တော်တို့ တောင်သူလယ်သမားများဘက်က မားမားမတ်မတ်ရပ်တည်ပြီး အင်္ဂလိပ်နယ်ချဲ့ကို တော်လှန်ခဲ့တာပါ ထောင်မှူးကလေးရာ။ ထောင်မှူးကလေးလည်း မြန်မာပါပဲ။ ကျုပ်တို့





ဆရာစံ၏ မွေးဇာတိ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ် သရက်ကန်အရှေ့ရွာနှင့် အနောက်ရွာကြားတွင်ရှိသော ဦးသူရိယအုတ်ကျောင်း။ ဤကျောင်းတွင် ဆရာစံငယ်စဉ်က ပညာသင်ကြားခဲ့လေသည်။

BURMESE CLASSIC .com



ဆရာစံ၏သမီး အမေမစိန်နှင့် သားသမီးခုနစ်ယောက်၊ မြေး ၂၁ ယောက်[illegible] ယခု သရက်ကန်ရွာတွင် နေထိုင်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျေးရှူးရှင်ဆရာကြီးရဲ့ မျက်နှာကို နောက်ဆုံးအနေနဲ့ ကြည့်ရှုဂါရဝပြုပါရစေ ... ထောင်မှူးကလေးရယ်"

ကျန်ရဟန်းရှင်လူ တပည့်တပန်းများကလည်း မျက်ရည်စို့ရွှဲနဲ့ ဝိုင်းတောင်းပန်ကြတယ်။

ထောင်မှူးကလေးဦးစိန်က ခေါင်းဖုံးကို ဖွင့်ပြချင်ပါတယ်။

သို့သော် အထက်အရာရှိမင်းများ ခွင့်ပြုချက်မရဘဲ သူ့မှာ ဖွင့်ပြခွင့်မရှိဘူး။ ဆရာစံကို သူလည်း လေးစားပါတယ်။ ဒါပေမဲ့ သူအလုပ်ပြုတ်လို့ မဖြစ်ဘူးလေ။

"မဖြစ်ပါဘူးဗျာ ... အားလုံး ဘေးဖယ်ကြပါ"

"ပြရမယ်၊ ပြမှ ကျုပ်တို့ဖယ်ပေးမယ်"

ဒီလို ရုန်းရုန်းရင်းရင်းဖြစ်နေတာကို ထောင်ပိုင်ဝန်က မြင်လို့ လိုက်လာပြီး မေးရော။

ထောင်မှူးကလေး ဦးစိန်ကလည်း အခြေအနေကို အစီရင်ခံလိုက်တယ်။

နားလည်မှုရှိတဲ့ ထောင်ပိုင်ဝန်က ...

"ဒါဆိုလည်း ခေါင်းဖုံး ဖွင့်ပြလိုက်ကွာ"

ဦးစိန်က ဆရာစံရဲ့အခေါင်းကို မြေပြင်မှာ ချစေပြီး ခေါင်းဖုံးကို ဖွင့်ပြလိုက်တယ်။

ဒီမှာပဲ ရဟန်းရှင်လူတွေက ခေါင်းထဲက ဆရာစံရဲ့ အသက်မဲ့မျက်နှာကို ကြည့်ပြီး ဟစ်လို့ငိုကြတယ်။ အချို့ မြေကြီးပေါ်မှာ လူးလိမ့်ပြီးတော့ ငိုကြတာ။

တောက်ခတ်သံတွေ ကြားရ အံကြိတ်သံလည်း ကြားရ။ သည့်နောက် ထောင်ပိုင်ဝန်က အားလုံးကို မေတ္တာရပ်ခံပြီး ပြန်ကြပါလို့ ပြောလိုက်တယ်။

လူထုပြန်သွားမှ သချိုင်းက မြေကျင်းထဲမှာ ဆရာစံအခေါင်းကိုချပြီး သေသေချာချာ မြေမြှုပ်သင်္ဂြိုဟ်လိုက်တယ်။

စိတ်ကူးသစ်စာပေ

BURMESE CLASSIC .com



ခပ်ဝေးဝေးကလှမ်းမြင်ရတဲ့ ရဟန်းရှင်လူတို့ခမျာ ဆရာစံရဲ့မြေပုံထဲကို မြေကြီးခဲတစ်ခဲချပြီး နှုတ်မဆက်ခဲ့ရဘူး။

ခေါင်းထဲကိုထည့်ထားတဲ့ အလောင်းကိုပဲ မျက်ရည်နဲ့ ကန်တော့ခွင့်ရခဲ့ကြတယ်။ ပြီး ... ရှိုက်သံနဲ့ လှည့်ပြန်ခဲ့ရတယ်။

အင်္ဂလိပ်အစိုးရ သာယာဝတီလယ်သမား သူပုန်ခေါင်းဆောင်ဂျွန်ဆရာစံကို ကြိုးပေးသတ်လို့ ...

ငါတို့ အနိုင်ရပြီ။

ဆရာစံရဲ့ဘဝ လုံးဝ နိဂုံးချုပ်သွားပြီလို့ ယူဆနေကြတယ်။

ဆရာစံလို သေနတ်မရှိ ဓားသာရှိတဲ့ လယ်သမားသူပုန်တွေကို စစ်ဗာရီတပ်ပေါင်းများစွာနဲ့ သေနတ်အမြောက်ဗုံးတွေနဲ့ ဖိတိုက်ပြီး အနိုင်ရခဲ့တာကို အသားလွတ် ဂုဏ်ယူနေကြတယ်။

ဆရာစံက ဘယ်တော့မှ မသေဘူး။ ဆရာစံလိုပဲ တိုက်ပွဲမှာကျဆုံးသွားတဲ့ လယ်သမားသူပုန် သူရဲကောင်းတွေရဲ့ ခန္ဓာသာလျှင် မြေကြီးသြဇာဖြစ်သွားမယ်။

သူတို့ရဲ့ အသက်ဝိညာဉ်များကို ဘယ်သူမှ သတ်လို့မရဘူး။

သူတို့ လုံးဝမသေဘူး။

ငှက်ကြီးတောင်ဓားတွေဝှဲ့ပြီး တောင်တန်း၊ ရိုးမနဲ့ လယ်ကွင်းထဲမှာ လူးလာလှည့်လည် နားစွင့်နေကြတာ။

တစ်နေ့ လယ်သမားတွေရှိရာကို ဂျွန်အလံထူပြီး ဆရာစံဦးဆောင်လို့ လာကြဦးမှာ။

သူတို့ရဲ့ သားမြေးမြစ်များဖြစ်ကြတဲ့ လယ်သမား၊ ယာသမားတွေကို ဖိနှိပ်ရက်စက်တဲ့ နယ်ချဲ့အရင်းရှင်လို လူစား၊ လူ့ရမ်းကားတွေပေါ်လာခဲ့ရင် ဆရာစံတို့ ငှက်ကြီးတောင်ဓားဆွဲပြီး ပြန်လာဖို့ အသင့်ရှိနေကြတယ်။

ဟော ...

ပြောရင်းနဲ့ လေတိုက်သံ ကြားရတယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

နားစွင့်ကြစမ်းပော့ . . .။

ခြေသံတွေဗျ . . . ခြေသံတွေ . . .။

နားထောင်ကြစမ်းပော့ . . .။

မောင်းထုသံ ကြားကြမဟုတ်လားဟ။

ဦ . . . ဆိုတဲ့ရွတ်သံ ကြားရတယ်။

မဟုတ်မှလွဲရော . . .

သုပဏ္ဏက ဂဠုန်ရာဇာ ဂဠုန်ဆရာစံနဲ့ တူပါရဲ့။

"ဟဲ့ . . . မိန်းမ"

"ငါ့ကို ငှက်ကြီးတောင်ဓား မြန်မြန်ပေးစမ်း"

"ဂဠုန်ဆရာစံ ရှေ့ကခေါင်းဆောင်ရင် ငါရယ်၊ ငါ့သားရယ်၊ ငါ့မြေးရယ် . . . ဓားကို တင်းတင်းဆုပ်ပြီး သေသေကြေကြေ တက်ခုတ်ရမယ်"

ရှင်မရယ် . . .

သမီးတို့ရယ် . . .

ငါသေရင် မင်းတို့ လုံးဝ မျက်ရည်မကျနဲ့။

လုံးဝ ရှိုက်သံ မပြုနဲ့ဟော့။

မောင်ညိုမှိုင်း(သန်လျင်)

ကျမ်းကိုး ။ ။ ၁၉၆၅ ခုနှစ်က ပြန်ကြားရေးဌာနမှ ပြုစုထုတ်ဝေသည့် ၁၂၉၂ ခုနှစ် တောင်သူလယ်သမား အရေးတော်ပုံစာအုပ်မှ အချက်အလက်နှင့် ဓာတ်ပုံများကို အဓိကအားပြုကိုးကားပြီး ရသဟန်ဖြင့် ရေးဖွဲ့ရပါကြောင်း တင်ပြအပ်ပါသည်။

## စိတ်ကူးသစ်စာပေမှ ထုတ်ဝေပြီးစာအုပ်များစာရင်း

| စဉ် | စာရေးသူ | စာအုပ်အမည် | | ဈေးနှုန်း |
|---|---|---|---|---|
| ၁။ | မောင်ညိုမှိုင်း | မြွေဝင်စားခင်မြွေ | | ၁၂၀ိ/- |
| ၂။ | (သန်လျင်) | လူထူးဆန်းအထိုက်ဝုံဦးရာကျော် | | ၁၂၀ိ/- |
| ၃။ | ။ | သည်းထိတ်ဆန်းကြယ်ရွှေနတ်ကြီး | | ၁၂၀ိ/- |
| ၄။ | ။ | သေရှာငါးကြိမ်ပြန်ခင်ဒေါင်းဖံ | | ၁၂၀ိ/- |
| ၅။ | ။ | မြေတောက်ဝါးမြှုမျောက်မင်းသားဗိုးစည်နှင့်ကျော့တံခဲ | | ၁၂၀ိ/- |
| ၆။ | ။ | ဗြိတ္တာရွာသူမခြေ | | ၁၂၀ိ/- |
| ၇။ | ။ | ကြောင်တစ်ရာသတ်ဖြင်းနှင့် အင်းတစ်ထောင်မင်းဂေါင် | | ၁၂၀ိ/- |
| ၈။ | ။ | ပရလောကနှင့် ဖြစ်ရပ်ဆန်းကြယ် | ဂမ္ဘီရဝတ္ထုတိုများ | ၁၂၀ိ/- |
| ၉။ | ။ | မိစ္ဆာဒိဋ္ဌိမရဏလမ်းကြမ်း | | ၁၅၀ိ/- |
| ၁၀။ | ။ | အံ့ဖွယ်နှင့်ဖြစ်ရပ်ဆန်းကြယ် | ။ | ၁၅၀ိ/- |
| ၁၁။ | ။ | ကျော့ထိကြီးငြဲ | | ၁၅၀ိ/- |
| ၁၂။ | ။ | နတ်မြင်းဘွာသံ | ။ | ၁၅၀ိ/- |
| ၁၃။ | ။ | ငြိမ်းဆင်းတဲ့လက် | ဝတ္ထုတိုများ | ၁၅၀ိ/- |
| ၁၄။ | ။ | ရွှေဘုံပြန်လွန်းအိမ်သစ် | | ၁၅၀ိ/- |
| ၁၅။ | ။ | မြစ်သုံးဆိုင်ရေအောက်ကျော့ထိမိကျောင်းဂမ္ဘီရဝတ္ထုတိုများ | | ၁၅၀ိ/- |
| ၁၆။ | ။ | ပြည်ကြီးစည်ထီးဝင်တဲ့မိုးကြိုး(အထူးထုတ်လုံးချင်းဝတ္ထု) | | ၃၀၀ိ/- |
| ၁၇။ | ။ | မီးငြိမ်းမိုးအဝါအဝင်ထူးထွတ်ဆန်းကြယ် | ဝတ္ထုတိုများ | ၁၅၀ိ/- |
| ၁၈။ | ။ | နာနာဘာဝဗိုင် | ဂမ္ဘီရဝတ္ထုတိုများ | ၂၀၀ိ/- |
| ၁၉။ | ။ | ဗြိတ္တာရာသီဖွားနန်းအိမ်ကြို | | ၃၀၀ိ/- |
| ၂၀။ | ။ | မျက်ရည်ဖြစ်ပေါ်မှာသောင်မတင်ထဲ့အဖြာရောင်ဇေဒါ | | ၁၅၀ိ/- |
| ၂၁။ | ။ | လေးစည်ရထွန်းဒိတိုင် | ဂမ္ဘီရဝတ္ထုတိုများ | ၂၀၀ိ/- |
| ၂၂။ | ။ | ကျော့ထုန်းဝေါကထတ်ဝါးရာ | ။ | ၂၀၀ိ/- |
| ၂၃။ | ။ | တးသွားပေါ်မှာထတဲ့ဝန်းပွင့် | | ၂၅၀ိ/- |
| ၂၄။ | ။ | စိန်စီတကြိုးရေချမ်းအိုး | | ၂၅၀ိ/- |
| ၂၅။ | ။ | ရင်ထဲ့ရွှေတိုးညို | ။ | ၂၀၀ိ/- |
| ၂၆။ | ။ | ဗြိတ္တာရေဆန် | | ၂၀၀ိ/- |
| ၂၇။ | ။ | ပုံပျက်ပန်းပျက်ရသေ့ကြီးနှင့် အရိုးစာရွှေလုံလတ် | | ၂၀၀ိ/- |
| ၂၈။ | ။ | သိဂ်ဂါရမြေဆိပ် | | ၃၀၀ိ/- |
| ၂၉။ | ။ | ငှက်ကြီးတောင်ဘဂျမ်း | ဂမ္ဘီရဝတ္ထုတိုများ | ၃၀၀ိ/- |
| ၃၀။ | ။ | စောရန်ကွတ်ကြောင်နတ်နှစ်ကောင် | | ၃၀၀ိ/- |
| ၃၁။ | ။ | ရွှေပြည်ဝင်ရတ္တစိုးအိုးစည် | | ၁၅၀ိ/- |
| ၃၂။ | ။ | နတ်မျက်စိမောင်စုန် | ဂမ္ဘီရဝတ္ထုတိုများ | ၂၀၀ိ/- |
| ၃၃။ | ။ | တးကျိုးလိုလုံ့ရှေ့ စံဗေတဲ့ဟော့ | | [illegible] |
| ၃၄။ | ။ | နရသိန်ပြန်အိမ်ဓာတ်များ | ဝတ္ထုတိုများ | ၂၀၀ိ/- |
| ၃၅။ | ။ | ဘေမင်း | | ၂၅၀ိ/- |
| ၃၆။ | ။ | တရွှေသချိုင်းထုန်း | | ၂၅၀ိ/- |
| ၃၇။ | ။ | ဝမ္ဘီရဗိုင် | | ၂၀၀ိ/- |